
www.burmeseclassic.com

# ဒုဋ္ဌဂါမဏိ၏

## အသွင်သဏ္ဍာန်တို့နောက်ကွယ်၌



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# အသည်းသူရှာနိုက်တို့နောက်ကွယ်မှ

ရွှေဥသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

# အသွင်သဏ္ဌာန်တို့နောက်ကွယ်၌

နန္ဒာသိန်းဇံ

၃၈၊ ဘိုကလေးဈေးလမ်း
ရန်ကုန်မြို့

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၄၀၈/၉၄(၇)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၈၉/၉၅(၇)
မျက်နှာဖုံးပန်းချီ - ပေါ်ဦးသက်
ပုံနှိပ်ခြင်း - ဒုတိယအကြိမ်
ဇူလိုင်လ၊ ၁၉၉၅
အုပ်ရေ - ၂၀၀၀
တန်ဖိုး - ၁၀၀၀ကျပ်
အတွင်းပုံနှိပ် - ဒေါ်အေးသိန်း(မြ-၀၂၄၀၁)
အေးပုံနှိပ်တိုက်
၁၆၄၊ ၃၅လမ်း၊ ရန်ကုန်။
မျက်နှာဖုံးပုံနှိပ် - ဦးကျော်စိန်(မြ-၀၂၉၀၉)
ကျောက်စိမ်းပုံနှိပ်တိုက်
၁၇၁၊ ၃၃လမ်း၊ ရန်ကုန်။
ထုတ်ဝေသူ - ဦးလှငွေး(မြ-၀၁၁၈၃)
လှငွေးစာပေ
၂၅၊ ၁၂၆လမ်း၊တာမွေ၊ရန်ကုန်
ဖြန့်ချိရေး - လှိုင်းသစ်စာပေ
၃၈/၈ ဘိုကလေးဈေးလမ်း၊
ဗိုလ်တထောင်၊ ရန်ကုန်။

# မာတိကာ


| အမှတ်စဉ် | | စာမျက်နှာ |
|---|---|---|
| ၁။ | မိုးပြာမှအပြန် | ၂ |
| ၂။ | ဆင်ခြင် | ၁၂ |
| ၃။ | အမှန်မှာ မှားနေတယ် | ၁၄ |
| ၄။ | မှောင် | ၂၀ |
| ၅။ | အချန်မီ မီးငြိမ်းသတ်နိုင်ခြင်း | ၂၆ |
| ၆။ | ပြဿနာ | ၃၅ |
| ၇။ | အမှန်တရားကို ကျော်လွှားကူးခတ်နေသူများ | ၃၉ |
| ၈။ | လူကလူကို လူလိုမြင်လျှင် | ၄၄ |
| ၉။ | ကောင်းမြင့်မြတ်ဘွဲ့ | ၅၃ |
| ၁၀။ | မိတ်ဆွေအပေါင်းအသင်းနှင့်ခရီးသွားခြင်း | ၅၈ |
| ၁၁။ | စောင်းတစ်လက်၏ ဒဏ္ဍာရီ | ၆၅ |
| ၁၂။ | ကြယ်ကြွေည၏ လွမ်းပုံပြင် | ၆၉ |
| ၁၃။ | အခြမ်းပျောက်လမ်း | ၇၃ |
| ၁၄။ | ဇာတ်သိမ်းခန်းမှအပြန် | ၈၁ |
| ၁၅။ | ကြိုးရှုပ်နေသူများ | ၈၆ |
| ၁၆။ | သီရိခေတ္တရာမြို့ဟောင်းမှ တူးဖော်ရရှိသော အသိအမြင် ရတနာမှတ်တမ်း | ၉၁ |
| ၁၇။ | ပြောင်းလဲခြင်း၌ တည်ဆောက်ခြင်း | ၉၈ |
| ၁၈။ | ရှင်သန်ခြင်း | ၁၀၄ |
| ၁၉။ | အချည်းနှီး၏ ခမ်းနားထည်ဝါမှု | ၁၁၀ |


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| အမှတ်စဉ် | | စာမျက်နှာ |
|---|---|---|
| ၂၀။ | မြစ်တစ်စင်း၊ ဖောင်တစ်စီးနှင့် လူနှစ်ယောက် | ၁၁၈ |
| ၂၁။ | ကြာ | ၁၂၃ |
| ၂၂။ | ရေ | ၁၂၉ |
| ၂၃။ | မိုနာလီဇာအမဲ့ | ၁၃၅ |
| ၂၄။ | အမှန်တရား | ၁၃၉ |
| ၂၅။ | လပြည့်ည | ၁၄၄ |
| ၂၆။ | ဓမ္မဘဏ္ဍာဂါရိကအား ရှိခိုးခြင်း | ၁၅၀ |
| ၂၇။ | ဝကံပါမှတ်တမ်း | ၁၅၅ |
| ၂၈။ | ခြေထောက်မရှိသော အမှန်တရား | ၁၆၅ |
| ၂၉။ | ပြဿနာလွန်ရုပ်ငြိမ် | ၁၇၁ |


* * *


## ထုတ်ဝေသူအမှာ

ဤ "အသွင်သဏ္ဌာန်တို့၏ နောက်ကွယ်၌" စာအုပ်တွင် ပါဝင်သော စာစုများသည် ရှင်ပျော်ပျော်၊ ရာစု၊ ချယ်ရီ၊ ရွှေလှိုင်းခတ်သံ... အစရှိသော မဂ္ဂဇင်းနှင့် စာစောင်တို့တွင် ဆရာနန္ဒာသိန်းဇံ ရေးသားခဲ့သည့် စာစုများဖြစ်ပါသည်။ ၎င်းစာစုများကို စာအုပ်အဖြစ် ထုတ်ဝေရန်ခွင့်ပြုသော ဆရာနန္ဒာသိန်းဇံအားလည်းကောင်း၊ မျက်နှာဖုံးသရုပ်ဖော် ပန်းချီရေးဆွဲ ပေးသော ပန်းချီအနုပညာရှင် ဆရာပေါ်ဦးသက်အား လည်းကောင်း၊ အတွင်း သရုပ်ဖော် ဒီဇိုင်းများရေးဆွဲပေးကြသော ဆရာစံတိုး၊ ဖေညွန့်ဝေ၊ ပိုပို၊ မြင့်မောင်ကျော်၊ ကိုမျိုးနှင့် မမွေးတို့အားလည်းကောင်း အထူးကျေးဇူး တင်ရှိပါကြောင်း မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

ထုတ်ဝေသူ


www.burmeseclassic.com

www.burmeseclassic.com

## မျက်နှာဖုံးပန်းချီနှင့်ပတ်သက်၍

စာအုပ်မျက်နှာဖုံး၌ ရေးဆွဲထားသော အသွင်သဏ္ဌာန်တို့သည် စင်စစ်တော့ အသွင်သဏ္ဌာန်တို့မျှသာ ဖြစ်ကြပါသည်။ သို့သော် အသွင်သဏ္ဌာန် တော်တော်များများတို့သည် သူ့ချည်းသက်သက် စိတ်ကူးယဉ်အနေနှင့်တော့ ဖြစ်ပေါ်မလာနိုင်ကြပါချေ...။

ပေါ်ဦးသက်
1993

မျက်နှာဖုံးပန်းချီနှင့်ပါတ်သက်၍

စာအုပ်မျက်နှာဖုံး၌ ရေးဆွဲထားသောအသွင်သဏ္ဌာန်တို့သည် စင်စစ်တော့ အသွင်သဏ္ဌာန်တို့မျှသာဖြစ်ကြပါသည်၊ သို့သော် အသွင်သဏ္ဌာန် တော်တော်များများတို့သည် သူ့ချည်းသက်သက်စိတ်ကူးယဉ် အနေနှင့်တော့ ဖြစ်ပေါ်မလာနိုင်ကြပါချေ...။

ပေါ်ဦးသက်
1993

www.burmeseclassic.com

www.burmeseclassic.com

# မိုးပြာမှ အပြန်





‘မိုးပြာ’တွင်ထိုင်၍ ‘မိုးပေါ်သို့ လိမ့်ကျလာသူ’အကြောင်းကို ကျွန်တော်တို့ စကားစပ်မိကြပါသည်။

‘မိုးပြာတွင် ထိုင်၍…’ဆိုသည်မှာ ပုသိမ်ဒီဂရီကောလိပ်ဝင်းအတွင်းက ‘မိုးပြာစားသောက်ဆိုင်’တွင် စားရင်းသောက်ရင်း ကျွန်တော်တို့ ဆရာတစ်စု စကားဝိုင်းဖွဲ့၍ ထိုင်ကြခြင်းကို ဆိုလိုပါသည်။

ရူပဗေဒဆရာက ကမ္ဘာမြေ၏ ဆွဲအားကြောင့် အရာဝတ္ထုတို့သည် မြေပေါ်သို့ ကျကြခြင်းဖြစ်ကြောင်း ကမ္ဘာ၏ လည်မှုအပေါ် မူတည်၍ ‘ဗဟိုခွာအား’ ဖြစ်ပေါ်လာကြောင်း၊ အကယ်၍ ကမ္ဘာလည်နှုန်းပေါ်မူတည်၍ ဗဟိုခွာအားသည် ကမ္ဘာမြေဆွဲအားဆက် ပိုသွားပါက အပေါ်မှ လိမ့်ကျသည်ဆိုသောလူသည် ကမ္ဘာမြေပေါ်သို့ ကျခြင်း မဖြစ်နိုင်တော့ဘဲ မိုးပေါ်သို့ လိမ့်ကျသွားခြင်းသာ ဖြစ်နိုင်ကြောင်းကို ရူပဗေဒသဘောတရားများဖြင့် ရှင်းပြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ရူပဗေဒဆရာက ကွမ်တမ်မက္ကင်းနစ် အကြောင်း၊ အိုင်းစတိုင်း၏ 'ရိလေးတစ်ဗိတီ' သဘောတရား အကြောင်းများ ကို ဆက်ပြောပြန်သည်။

ကန့်သုံးဆင့်ဘက်မှ ကသီကရီ ဝင်လာသောလေက ထိုရူပဗေဒဆရာ၏ အဖြူအနက် ရောထွေးနေသော ဆံပင်များကို ထိုးဖွသွားသည်။ ထိုအခါမှ ကပိုကရိုဖြစ်နေသော ဆံပင်နှင့် သူ၏မျက်နှာက လိုက်ဖက်သွားပြီး အတွေးအမြင် ရင့်ကျက်သူ တစ်ဦး၏ အသွင်ကို ဆောင်သွားသည်ဟု တင်မိပါသည်။

နောက်တစ်ချီ တိုးဝင်လာသော လေဘက်သို့ မျက်နှာမူ လိုက်မိရာမှ ကျွန်တော့်မျက်စိများက ကန်စောင်းတွင် စွန့်လွှတ် နေကြသော လူငယ်တစ်သိုက်ထံ ရောက်သွားသည်။

ရစ်လုံးက ကြိုးကိုလျှော့၍ လျှော့၍ပေးရာမှ ပြန်၍ပြန်၍ တင်းရင်း စွန်ကိုတက်အောင် ကြိုးစားနေသော အရပ်မြင့်မြင့် သွယ်သွယ် လူငယ်၏လှုပ်ရှားပုံက အချိုးအကျဆုံးဖြစ်သည်။

"တစ်ခါမှာ နက္ခတ္တပညာရှင်တစ်ဦးနဲ့ အိုင်းစတိုင်းတို့ ဆုံကြတယ်။ လူဟာစကြဝဠာကြီးနဲ့ နှိုင်းစာရင် ဘာမျှ မပြောပလောက်တဲ့ အရာဝတ္ထုကလေး ဖြစ်တဲ့အကြောင်း၊ ချွန်ထက်လှတဲ့ ခဲတံဖျားနဲ့ စာရွက်ပေါ် ထောက်လိုက်လို့ ဖြစ်ပေါ်လာတဲ့ အစက်အပြောက်ကလေးလောက်တောင် မထင်ရှားတဲ့အကြောင်း၊ ဒါကြောင့် လူ့အဖြစ် လူ့ဘဝဟာ အားငယ်စရာ ကောင်းလှကြောင်းပြောတော့ အိုင်းစတိုင်းက အဲဒီ ဘာမျှမပြောပလောက်တဲ့ လူကပဲ စကြဝဠာကြီးအကြောင်း





ကို သိနေတာဗျလို့ ပြောလိုက်ဖူးတယ်။ ဟုတ်တယ်၊ လူဟာ သေးငယ်ပေမယ့် သဘာဝလောကကြီးရဲ့ လျှို့ဝှက်နက်နဲမှုတွေကို သိနိုင်စွမ်းတယ်။ လူဟာအသိအမြင် စွမ်းပကားရှိသူဖြစ်လို့ စကြဝဠာမှာ ဂုဏ်သိက္ခာ အမြင့်ဆုံးသူ ဖြစ်နေတာပဲ။ လောက အလယ်မှာ လူဟာဘာမျှ အားငယ်စရာ မလိုဘူး"

အထက်ပါ ရူပဗေဒဆရာ၏ ထင်မြင်ချက်ကို အခြားသူ တစ်ဦးက ထပ်ဆင့်ဆွေးနွေးသည်။ အခြားသူတစ်ဦးက လူမှု ပြဿနာတွေ၊ လူမှုပဋိပက္ခတွေကိုတော့ သဘောတရားဆိုင်ရာ ရူပဗေဒအသိ၊ သဘာဝသိပ္ပံကအသိ၊ သင်္ချာပညာက အသိမျှ လောက်ဖြင့် မဖြေရှင်းနိုင်သေးကြောင်း၊ လူမှုပြဿနာများကို ဖြေရှင်းရာမှာတော့ အခြေအနေတွေကို သုံးသပ်ရှုမြင် ပိုင်းခြား နိုင်သည့် အသိအမြင်မျိုး လိုအပ်ကြောင်း ပြောနေပါသည်။

အခြားသူတစ်ဦးက ကန့်တော်မင်းကျောင်းဆရာတော်၏ 'မတင်းမလျှော့၊ လေ့ဖောင်ဖော့သို့၊ မလျှော့ပညာ၊ တံငါလုလင်၊ မျှားကြိုးငင်သို့' ဟူသော မေတ္တာစာ တစ်ပိုဒ်ကို ရွတ်ဆိုပါသည်။ ထိုသို့ရွတ်ဆိုပြီးနောက် 'လူမှုပြဿနာတွေကို ဖြေရှင်းတဲ့ နေရာမှာ ဘယ်လောက်အထိတင်းပြီး ဘယ်လောက် အထိ လျှော့ရမယ်ဆိုတာကို သင်္ချာနည်းနဲ့ တွက်လို့မရဘူးဗျ။ ပုံသေနည်းတွေနဲ့လည်း လူမှုပြဿနာတွေကို ဖြေရှင်းလို့ မရဘူး။ အခြေအနေတွေကို သိမ်သိမ်မွေ့မွေ့ ချိန်ချိန်ဆဆနဲ့ ရှုမြင်သုံးသပ်တဲ့ နည်းကိုပဲ သုံးရမှာပဲ'ဟု ဆိုသည်။

"အခြေအနေတွေကို မသုံးသပ်နိုင်ဘူးဆိုရင်..."



www.burmeseclassic.com

www.burmeseclassic.com



"ကြိုးမင်တတ်ရင်တော့ ကြိုးလည်းပြတ်၊ ငါးလည်းဆုံး ဖြစ်မှာလိုပဲပေါ့"

"လေလည်း မြုပ်ရောလား"

"မြုပ်ချင်မှတော့ မြုပ်မယ်။ ဒါပေမယ့် လိုရာကို မြန်မြန်မရောက်ဘူးပေါ့ဗျာ"

သူတို့က တစ်ယောက်တစ်ပေါက် ဝင်ပြောရင်း ရယ်နေကြသည်။

'မျှားကြိုးငင်' နှင့် 'စွန်ကြိုးငင်' ဟူသော အသုံးအနှုန်းများ အကြောင်းကို မရေမရာတွေးရင်း ကျွန်တော့်အာရုံများက ကန်စောင်းသို့ ရောက်သွားပြန်သည်။

သူတို့က ပျားကောင်တွေအကြောင်း ဆက်ပြောကြ ပြန်သည်။

ဆရာတစ်ဦးက

"ပျားကောင်တွေလို ဝတ်ရည်သယ်တတ်ရင် ကောင်းမယ် ဗျာ။ ပျားကောင်တွေမှာ ဝတ်ရည်လည်း ရသွားတယ်၊ သူတို့က ဒီလိုဝတ်ရည်လာသယ်လို့ ပန်းပင်တွေကို ဘာမှမထိခိုက်ရုံသာမက ပန်းပွင့်တွေမှာ ဝတ်မှုန်တွေကူးပြီး ပန်းခင်းကြီး တစ်ခုလုံးလည်း တလှတပ ပွင့်သွားတယ်။ အဲဒီလိုပေါ့ဗျာ လူမှုပြဿနာတွေကို အသိအမြင်တွေနဲ့ ဖြေရှင်းတတ်ရင် သူ့ကိုလည်း မထိခိုက်၊ ကိုယ့်ကိုလည်း မထိခိုက်ဘူး။ သူလည်းအကျိုးရှိ၊ ကိုယ်လည်း အကျိုးရှိဖြစ်ပြီး လူမှုပဋိပက္ခတွေ လျှော့နည်းသွားမှာပဲ"ဟု ဆိုပါသည်။





နဖူးကျယ်ကျယ်၊ နှုတ်ခမ်းမွှေးကားကားနှင့် ဆရာတစ်ဦး က ဦးခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေရာမှ-

"ခင်ဗျားက ပျားအကြောင်းပြောတော့ ကျွန်တော်က ဓားအကြောင်း ပြောရဦးမယ်ဗျ"ဟု အစချီလိုက်ပြီးနောက် ရှေးခေတ်ဂျပန်က ဓားသမား ညီအစ်ကိုသုံးယောက်အကြောင်းကို ဖွဲဖွဲနွဲ့နွဲ့ ပြောပါလေသည်။ သူ့အဖွဲ့အနွဲ့များကို ဖယ်လိုက်ပါက အောက်ပါကဲ့သို့ ဖြစ်ပါလိမ့်မည်။

ဓားသိုင်းပညာ၌ကျွမ်းကျင်လှသော ဖခင်သိုင်းဆရာကြီးက သူ၏သားသုံးယောက်ကို နှစ်ရှည်လများ ဓားသိုင်းအတတ်ပညာ သင်ပေးသည်။ ထိုသို့သင်ပေးပြီးနောက် ဖခင်သိုင်းဆရာကြီးက သားသုံးယောက်၏ အရည်အသွေးကို စစ်ဆေးကြည့်လိုသော ဆန္ဒများ ဖြစ်နေသည်။

သို့နှင့် ဖခင်သိုင်းဆရာကြီးက အဝေး၌ရောက်နေကြသော သားသုံးယောက်ထံသို့ 'မည်သည့်နေ့၊ မည်သည့်အချိန်၊ မည်သည့် နေရာ၌ တပည့်များ စုံညီစွာ တက်ရောက်မည့် အစည်းအဝေး တစ်ခုရှိကြောင်း၊ ထိုအစည်းအဝေးသို့ သားသုံးယောက်စလုံး မပျက်မကွက် တက်ရောက်ရမည်ဖြစ်ကြောင်း' အကြောင်းကြား လိုက်သည်။

အစည်းအဝေးခန်းမထဲသို့ ဝင်လာမည့် သားများကို စမ်းသပ်ရန်အတွက် ဖခင်သိုင်းဆရာကြီးက အစီအစဉ်တစ်ခု လုပ်ထားသည်။ အစည်းအဝေး ခန်းမထဲသို့ ဝင်ရမည့် တံခါးကို မပွင့်တပွင့် ဟထားပြီး ထိုတံခါး၏အထက် တံခါးဘောင်ပေါ်တွင်



www.burmeseclassic.com

www.burmeseclassic.com



ရေအပြည့်ထည့်ထားသော ရေအိုးတစ်လုံးကို တင်ထားသည်။ အကယ်၍ တံခါးကို တွန်းဖွင့်ဝင်လိုက်လျှင် ဝင်လာသူအပေါ် ရေအိုးကျလာစေရန် စီစဉ်ထားခြင်းဖြစ်သည်။

သတ်မှတ်ထားသောရက်၌ အစည်းအဝေးတက်ရန် ပထမဆုံး ရောက်လာသူမှာ အကြီးဆုံးသားဖြစ်သည်။ အစည်းအဝေးခန်း ဝင်ပေါက်တံခါးမပွင့်တပွင့် ဟတတဖြစ်နေသည်ကို သူသတိထားမိသည်။ 'အစည်းအဝေးဝင်ပေါက် တံခါးကို ဖွင့်မည်ဆိုလျှင်လည်း အပြည့်အစုံ ဖွင့်ထားရမည်။ ပိတ်မည်ဆိုလျှင်လည်း လုံးဝပိတ်ထားရမည်။ အခုအဘယ်ကြောင့် မပွင့်တပွင့် ဖြစ်နေလေသနည်း' ဟု သားကြီးကတွေးရင်း သတိဖြင့် စူးစမ်းလေ့လာကြည့်သောအခါ တံခါးကို အမှတ်တမဲ့ တွန်းဝင်လျှင် ဝင်လာသူအပေါ်သို့ ရေအိုးကျလာအောင် တမင်ဖန်တီးထားသည်ကို တွေ့ရသည်။ သားအကြီးသည် ရေအိုးကိုမကျအောင် အသာအယာထိန်းပြီး တံခါးကိုဖွင့်၊ အတွင်းကိုဝင်၊ ရေအိုးနှင့် တံခါးကို မူလအနေအထား အတိုင်းပြန်ထားပြီးနောက် အစည်းအဝေးခန်းမထဲသို့ အေးဆေးစွာ လျှောက်သွားသည်။

မကြာမီ ဒုတိယသားလတ်သည်လည်း အစည်းအဝေးရှိရာ အဆောက်အအုံသို့ လျှောက်လာသည်။ အစည်းအဝေးခန်း ဝင်ပေါက်တံခါး ဟတတဖြစ်နေသည်ကို သူမြင်သည်။ သို့ရာတွင် တံခါးကို အမှတ်မဲ့ တွန်းဖွင့်လိုက်သည်။ အပေါ်က ရေအိုးသည် ရုတ်ခြည်းကျလာသည်။ ထိတ်လန့်သွားသော်လည်း တတ်ကျွမ်းသမျှ လျင်မြန်မှုတို့ကို အသုံးပြု၍ ရေအိုးကို ဆီးဖမ်းနိုင်လိုက်သည်။





သားအလတ်သည်လည်း ရေအိုးနှင့်တံခါးကို မူလအတိုင်းပြန်ထားခဲ့ပြီးနောက် အစည်းအဝေးခန်းမထဲသို့ ဣန္ဒြေမပျက် လျှောက်သွားသည်။

အစည်းအဝေး ဝင်ပေါက်တံခါးသို့ နောက်ဆုံးရောက်လာသူမှာ အငယ်ဆုံးသား ဓားသမားဖြစ်သည်။ သူသည် ရွှင်ရွှင်ပျပျ သွက်သွက်လက်လက်နှင့် လျှောက်လာရင်း အစည်းအဝေး ဝင်ပေါက်တံခါးကို ဆောင့်တွန်းဖွင့်လိုက်သည်။ အပေါ်ကရေအိုးသည် ကျွမ်းပြန်၍ ကျလာသည်။ သားအငယ်-ဓားသမားသည် ကျလာသော ရေအိုးကို ရန်သူအမှတ်ဖြင့် ဓားကိုဆွဲထုတ်ပြီး လျှပ်ပြက်သကဲ့သို့ ခုတ်လိုက်ပိုင်းလိုက်သည်။ ရေအိုးသည်လည်း ကြေမွလွင့်ကျဲသွား၍ သူ့တစ်ကိုယ်လုံးလည်း ရေတွေရွှဲရွှဲစိုသွားသည်။ သားငယ်ဓားသမားသည် ရွှဲရွှဲစိုနေသော အဝတ်ဖြင့်ပင် အစည်းအဝေးကို တက်ရတော့သည်။

ဖခင်သိုင်းဆရာကြီးက သားအလတ်နှင့် သားအငယ်ကို အရည်အချင်း မပြည့်ဝသူများဖြစ်ကြောင်း ပရိသတ်ရှေ့မှာပင် ပြစ်တင်ပြောဆိုသည်။ သားအကြီးကတော့ ကျေနပ်ဖွယ် အရည်အချင်းရှိကြောင်း ဂုဏ်ပြုပြောဆိုသည်။ ထို့နောက် ဖခင်သိုင်းဆရာကြီးက 'အတတ်ပညာထက် အခြေအနေတွေကို ချင့်ချိန်သုံးသပ်နိုင်တဲ့ အသိအမြင်ကပိုပြီး အရေးကြီးတာမျိုးတွေ ရှိတယ်။ သားကြီး ဓားသမားဟာ အခြေအနေတွေကို သုံးသပ်နိုင်တဲ့ အသိအမြင်ရှိလို့ သားငယ်လို တပင်တပန်းနဲ့ ရေအိုးကို ရန်သူထင်ပြီး ခုတ်ရပိုင်းရတာမျိုးတွေ၊ သားလတ်လို



www.burmeseclassic.com

www.burmeseclassic.com



အထိတ်တလန့် ဆီးဖမ်း၊ ပြန်တင်နေရတာမျိုးတွေ လုပ်နေစရာမလိုဘဲ အစည်းအဝေးကို အေးအေးဆေးဆေး တက်ရောက်လာခဲ့တယ်။ ဒါကြောင့် အတတ်ပညာထက် အသိပညာကပိုပြီး နေရာများစွာမှာ အရေးကြီးတယ်ဆိုတာကို သတိပြုစေ ချင်တယ်' ဟု ပြောပြရင်း အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်ဟု ဆိုပါသည်။

အထက်ပါ ဓားသမားများအကြောင်း ပြောပြပြီးနောက် နှုတ်ခမ်းမွေးနှင့်ဆရာက 'သိုင်းဆရာကြီးရဲ့ စကားကို ကြိုက်တယ်ဗျာ။ လူမှုပြဿနာတွေကို ဖြေရှင်းတဲ့အခါမှာလည်း အခြေအနေတွေကို သုံးသပ်နိုင်တဲ့ အသိအမြင်ရှိရင် လူမှုအနိဋ္ဌာရုံတွေ မဖြစ်ပေါ်ဘဲ ပြေပြေလည်လည် အောင်အောင်မြင်မြင် ဖြစ်နိုင်တယ်'ဟု မှတ်ချက်ချပါသည်။

ထို့နောက်အတတ်ပညာနှင့် အသိပညာတို့၏ လုပ်ငန်းဆောင်တာအကြောင်း၊ 'အသိအမြင်'ဟူသောစကားကို ပါဠိ၊ သက္ကတစာပေတို့၌ မည်ကဲ့သို့သုံးနှုန်းကြောင်းများကို ဆက်လက်ပြောဆိုနေကြသည်။

မနှစ်မြို့ဖွယ် လူမှုရေးပြဿနာတစ်ခုကြောင့် ဖြစ်ပေါ်နေသော ဒေါသများ၊ မကျေနပ်ချက်များဖြင့် တင်းကျပ်နေသည့်စိတ်ကို ဖုံးဖိရင်း ထိုင်နေမိသောကြောင့် သူတို့စကားဝိုင်းတွင် ကျွန်တော်က လှိုက်လှိုက်လှဲလှဲပါဝင်ပြောဆိုနိုင်ခဲ့ခြင်း မရှိပါ။

နေအတန်ညိုလာပြီဖြစ်၍ လူစုခွဲကာ မိုးပြာမှ ထွက်လာခဲ့ကြသည်။





ကျွန်တော်နှင့်ယှဉ်၍ လျှောက်လာသော နှုတ်ခမ်းမွေးနှင့်ဆရာက 'ယင်းမာဆောင်'သို့ သွားသော လမ်းချိုးသို့ ရောက်သောအခါ ကျွန်တော့်ကို နှုတ်ဆက်၍ ထွက်ခွာသွားပါသည်။

လူငယ်တစ်သိုက်သည် ကန်စောင်းတွင် စွန်လွှတ်နေကြဆဲပင်ရှိသည်။ စောစောက စွန်ကြိုးကို လျှော့လိုက်၊ တင်းပေးလိုက် လုပ်ခဲ့သော လူငယ်၏ စွန်ကလေးသည် လေကိုဆန့်ကျင်ရင်းပင် မိုးယံသို့ လွင့်တက်လျက်ရှိသည်။

လျှောက်လာရင်း ကျွန်တော်ရင်ဆိုင်နေရသော ပြဿနာ၌ အဘယ်မျှလောက်ထိတင်း၍ အဘယ်မျှလောက်ထိ လျှော့လိုက်သင့်သည်ကို ချိန်ဆကြည့်ပါသည်။ ဆုံးဖြတ်ချက်တစ်ခုကိုလည်း ချလိုက်ပါသည်။

အိမ်အပြန် ကျွန်တော့်ခြေလှမ်းများသည် ပေါ့ပါး သွက်လက်လျက် ရှိနေပါလေသည်။ ။

www.burmeseclassic.com

www.burmeseclassic.com

# သင်ခြင်





## ဆင်ခြင်

ဟိုရှေးရှေးတုန်းက . . .
ဧရာမ စွယ်စုံဆင်ကြီးတစ်ကောင်ဟာခြင်ပျိုမ ကလေးထံ
ရောက်လာပြီး . . .
. . .သင်နှင့်ငါ ပေါင်းဖက်ကြရင်
လူသတ္တဝါတွေအတွက် ကောင်းကျိုးတွေ အများကြီး
ရှိပါလိမ့်မယ်"လို့ပြောတော့ . . .
ခြင်ပျိုမကလေးက ဝမ်းမြောက်ဝမ်းသာနဲ့
ကြည်ကြည်ဖြူဖြူ သဘောတူလိုက်တယ်။
ဒါနဲ့ 'ဆင်ခြင်'ဖြစ်သွားပါရော တဲ့။
ပုံပြင်ကလေးကတော့ ဒါပါပဲ။

မှတ်ချက်

(၁) ဆင်ခြင် ပြော၊ ဆင်ခြင်ပြုမည်ဆိုလျှင် မိုက်မှားနှောင်တတွေ ကင်းပြီး အောင်မြင်မှု အကျိုးရလဒ်တွေ အများကြီးရနိုင်တယ် ဆိုတာကို ဒီပုံပြင်ကလေးက ရည်ညွှန်းတာဖြစ်တယ်လို့ တချို့က ထေဖန်ကြပါတယ်။

(၂) တချို့ကတော့ အနုပညာဆိုင်ရာ 'ပုံတူကူးဝါဒ' 'သဘာဝဝါဒ'နဲ့ 'သရုပ်မှန်ဝါဒ' ရှုထောင့်တွေကနေကြည့်ရင် ဒီပုံပြင်ဟာ အနုပညာ ပစ္စည်းဖြစ်တယ်လို့ မမှတ်ယူနိုင်ကြောင်း ထေဖန်ကြတယ်။

(၃) တချို့ကတော့လည်း ဒီပုံပြင်ကလေးဟာ လူမှုကောင်းကျိုးပြု အနုပညာတွေအားလုံးကို မြှင့်မိတဲ့ သမိုင်းအဆက်ဆက် တည်နေမည့် အနုပညာ ပစ္စည်းတစ်ခုဖြစ်တယ်လို့ ထေဖန်ကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

# အမှန်မှာ မှားနေတယ်





## အမှန်မှာ မှားနေတယ်

အတွေးအခေါ် အယူအဆတစ်ခုဟာ ဘယ်လောက်ပဲ ရှေ့နောက်ညီညွတ်နေပေမယ့် ဟုတ်ပြီမှန်ပြီလို့ မယူဆသင့်သေးကြောင်းကို တွေးခေါ်ပညာရှင်တွေက အထောက်အထားတွေ၊ ဘဝဖြစ်ရပ်တွေနဲ့ ဆက်စပ်ဖော်ပြတော်ကြပါတယ်။ ပြီးတော့…

အစွဲဥပါဒါန်တွေနဲ့ တွေးခေါ်ကြံဆထားတဲ့ အယူအဆတစ်ရပ်ဟာ တံမင်ဆင်ပြီး လုပ်ကြံထားတဲ့ ဓာတ်လမ်းတစ်ခုလို ဖြစ်နိုင်တယ်။ ကိုယ့် ဆင်ခြေတွေ ကိုယ်ပေးပြီး ကိုယ်လိုတဲ့ နိဂုံးကို ရောက်နိုင်တဲ့ ရှေ့နောက် ကိုက်ညီ ဆီလျော်မှုတွေကို ရှာတတ်တယ်လို့လည်း ဆိုကြပါတယ်။ သည်သဘောမျိုးကို အောက်ပါဖြစ်ရပ်က ဖော်ညွှန်းနေပါတယ်။

☼

ပါမောက္ခကြီးတစ်ဦးဟာ လူ့အသိဉာဏ်နဲ့ သက်ဆိုင်တဲ့ အလွန် လေးနက်တဲ့ ကျမ်းကြီး တစ်ကျမ်းကို ပြုစုနေပါတယ်။ သူ့ကို လေးစားမြတ်နိုး အထင်ကြီးတဲ့ဇနီးက သူ့လက်ရေးမူကြမ်း



www.burmeseclassic.com

www.burmeseclassic.com



တွေကို အချောကူးပေးပါတယ်။

ပါမောက္ခကြီးရဲ့ ဇနီးဟာ နေ့မအား ညမအား စာမူတွေကို အချောကူးပေးနေရတော့ အိမ်ထောင်ထိန်းသိမ်းမှုတွေ လစ်ဟင်းနေပါတယ်။ တစ်အိမ်လုံး အမှိုက်သရိုက်တွေကလည်း ရှုပ်ပွပြီး ကြွက်တွေကလည်း သောင်းကျန်းနေပါတယ်။

တစ်ခုသော နေ့လယ်ခင်းမှာ စာကူးပေးနေရင်းက ကျော ညောင်းတာနဲ့ ပါမောက္ခကြီးရဲ့ ဇနီးဟာ ကြမ်းပေါ်မှာ ပက်လက် လှန်ပြီး ခေတ္တ အနားယူတယ်။ ပင်ပန်းလွန်းနေတဲ့ အတွက် ချက်ချင်းပဲ အိပ်ပျော်သွားရှာပါတယ်။ ဇနီးဖြစ်သူဟာ ပါးစပ် ကလေး ဟပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေရှာပါတယ်။

အဲဒီအခိုက် ကြောင်တစ်ကောင်ရဲ့ အလိုက်ကို ခံရတဲ့ ကြွက်ငယ် တစ်ကောင်ဟာ အသက်လုပြီး ပြေးလာရင်းက ဟလျက်သားရှိနေတဲ့ ပါမောက္ခကြီးရဲ့ ဇနီးပါးစပ်ထဲကို တဟုန်ထိုး ပြေးဝင်သွားတယ်။ အားကုန်သွန်ပြီး လိုက်လာတဲ့ ကြောင်လည်း ကြွက်နောက်က ပြေးဝင်လိုက်သွားတယ်။

သည်အဖြစ်အပျက်ကို မြင်လိုက်ရတဲ့ ပါမောက္ခကြီးဟာ ရုတ်တရက် ဘာလုပ်ရမှန်းမသိ ဖြစ်နေပါတယ်။ ရိုသမျှဉာဏ်တွေ လက်ကုန် ဆန့်ကြည့်ပေမယ့် ဘာလုပ်ရမှန်း မသိတဲ့အတွက် လမ်းထိပ်က ဆရာဝန်ဆီ ပြေးပါတယ်။ ဆရာဝန်ထံကို ရောက်တဲ့အခါမှာ သူ့ဇနီးရဲ့ ပါးစပ်ထဲကို ကြွက်ရောကြောင်ပါ ဝင်နေတဲ့အကြောင်း ပြောပြပြီး ကြွက်နဲ့ကြောင်ကိုထုတ်ယူဖို့ လိုက်ခဲ့ပါရန် ခေါ်ပါတယ်။ ဆရာဝန်က အရေးကြီးတဲ့ လူနာကို





ခမ်းသပ်နေဆဲဖြစ်လို့ ပါမောက္ခကြီးကို 'အိမ်ကို မြန်မြန်ပြန်နှင့်ပါ၊ လမ်းမှာ ဒိန်ခဲတစ်ခု ဝယ်သွားပါ။ အိမ်ကိုရောက်ရင် ခင်ဗျားဇနီးရဲ့ ပါးစပ်ရှေ့မှာ ဒိန်ခဲကို ကြိုးနဲ့ ချည်ဆွဲပြီး ပြထား၊ ဒါဆို ကြွက် ဟာ ဒိန်ခဲအနံ့ရပြီး ပြန်ထွက်လာပါလိမ့်မယ်။ ကျုပ် ခဏ ကြာတော့ လိုက်လာခဲ့မယ်"လို့ မှာကြားလိုက်ပါတယ်။

ပါမောက္ခကြီးဟာ အလျင်အမြန်ပြန်ထွက်သွားပါတယ်။

များမကြာခင် ဆရာဝန်ဟာ ပါမောက္ခကြီးရဲ့ အိမ်ကို လိုက်သွားပါတယ်။ ဟိုရောက်တော့ သူ့ညွှန်ကြားလိုက်တာနဲ့ ပါမောက္ခကြီး လုပ်နေတာ တခြားစီဖြစ်နေတာကို တွေ့ရပါတယ်။ ဘယ်လိုလဲဆိုတော့ ပါမောက္ခကြီးဟာ ဒိန်ခဲကို နံဘေးချထားပြီး ငါးကြော်တစ်ကောင်ကို ကြိုးချည်ပြီး သူ့ဇနီးရဲ့ ပါးစပ်ရှေ့မှာ ပြနေတာကို တွေ့ရလို့ပါပဲ။ ဆရာဝန်က... 'ဘာကြောင့် ဒိန်ခဲ မပြတာလဲ'မေးတော့ ပါမောက္ခကြီးက 'ရှေ့က ဝင်သွားတာက ကြွက်၊ နောက်က ဝင်လိုက်သွားတာက ကြောင်၊ ကြွက်ပေါ်မှာ ကြောင်ရှိနေတယ်။ ကြောင်ထွက်ပြီးမှသာ ကြွက်က ထွက်လာ နိုင်မှာ။ ဒီတော့ ကြောင်ထွက်လာအောင် အလျင်အဦး လုပ်ရမယ် ဆိုတဲ့ အတွေးအခေါ်နဲ့ ခုလိုငါးကြော်ကို ပြနေတာပဲ'လို့ ရှင်းပြတယ်။

ဆရာဝန်က "ပါမောက္ခကြီးရဲ့ တွေးခေါ်ပုံဟာ ရှေ့နောက် ဆီလျော် ညီညွတ်ပြီး သဘာဝကျပါပေတယ်"လို့ ပြောရင်း ရပ်ကြည့်နေပါတယ်။

မကြာခင် ကြောင်ဟာ ငါးကြော်နံ့ရပြီး ထွက်လာပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပါမောက္ခကြီး ဆွဲထားတဲ့ ငါးကြော်ကို ဖျတ်ခနဲ ဖမ်းယူကိုက်ချီပြီး ပြေးထွက်သွားတယ်။

ပါမောက္ခကြီးဟာ ဒိန်ခဲကို ကြိုးနဲ့ချည်ပြီး ဇနီးရဲ့ပါးစပ်ရှေ့မှာ ပြပြန်တယ်။ မကြာခင် ဒိန်ခဲနံ့ရတဲ့ ကြွက်ငယ်ဟာ ထွက်လာပါတယ်။ ဒါပေမယ့် ကြောင်ရဲ့အဖိကို ခံထားရတဲ့အတွက် ကြွက်ငယ်ဟာ အပြင်ကို ရောက်တဲ့အခါမှာ အတော်နာကျင် ပင်ပန်းနေပါတယ်။ ဒိန်ခဲကိုတောင် မစားနိုင်ဘဲ ငြိမ်ကုတ်နေပါတယ်။ မကြာခင်မှာ ပါမောက္ခကြီးရဲ့ ဇနီးဟာ အိပ်ပျော်ရာက လန့်နိုးလာပါတယ်။ ဇနီးဖြစ်သူဟာ ပါမောက္ခကြီးနဲ့ ဒိန်ခဲကို တစ်လှည့်၊ ဆရာဝန်ကို တစ်လှည့် ကြည့်ရင်း အဓိပ္ပါယ် နားမလည်နိုင်အောင် ဖြစ်နေပါတယ်။ အဲဒီအခိုက် ကြွက်အဘိုးအိုတစ်ဦး ရောက်လာပြီး နာကျင်ချိနဲ့နေတဲ့ ကြွက်ငယ်ကို ဖေးမတွဲယူ ခေါ်ဆောင်သွားပါတယ်။

ကြွက်အဘိုးအိုရဲ့ အိမ်ကိုရောက်လို့ ထိုင်မိကြတဲ့အခါမှာ ကြွက်ငယ်က...

"ကံကောင်းလို့ ကျွန်တော် မသေတာ အဘရာ၊ ကြောင်ကြီးက ကျွန်တော့်နောက်မှာ ဘယ်အချိန် ရောက်လာမှန်း မသိလိုက်ဘူး။ ကျွန်တော့်အပေါင်းအသင်း ရောင်းရင်းတွေ အကြံပေးသလို ကြောင်ကို ချူဆွဲထားရင် သိပ်ကောင်းမှာပဲ။ ဒါမှသည်အကောင်ကြီးလာရင် လာမှန်းသိပြီး ပြေးချိန်ရမှာဗျ"

"ဘာလဲ၊ လာပြန်ပြီလား ကြောင်ကို ချူဆွဲဖို့ ကိစ္စ၊ ဟိုနေ့က ကြွက်တွေ အန္တရာယ်ကင်းရေးအတွက် ကြောင်ကို





ချူဆွဲပေးထားရမယ်၊ ချူဆွဲရေး အယူအဆသည်သာ မှန်ကန်သော အယူအဆ ဖြစ်တယ်လို့ အများက သဘောတူ ဆုံးဖြတ်ကြတယ်။ ငါက သူတို့ကို မင်းတို့ အယူအဆက ကောင်းတော့ကောင်းပါတယ်။ ဒါပေမယ့် ကြောင်ကို ဘယ်သူ ချူဆွဲမှာလဲ၊ ဘယ်သူက ဆွဲမှာလဲလို့မေးတော့ ချူဆွဲမည့်ကောင် တစ်ကောင်မှ ထွက်မလာဘူး။ ဒီမယ် ငါပြောမယ်။ တစ်နဲ့တစ်ပေါင်းရင် နှစ်ရတာ ဟုတ်ပေမယ့် ရေတစ်စက်နဲ့ ရေတစ်စက် ပေါင်းတဲ့အခါမှာတော့ နှစ်စက်မရဘူး။ ရေတစ်စက်ပဲရတယ်။ အယူအဆတစ်ခုဟာ ရှေ့နောက်ဆီလျော် ညီညွတ်နေပေမယ့် လက်တွေ့ဘဝမှာ မမှန်နိုင် မဖြစ်နိုင်တာမျိုး ရှိတတ်တယ်ကွယ့်။ ကဲ...ကဲ စားစရာ ရှိတာ စားပြီး မင်းအနားယူချေဦး"

ကြွက်ငယ် ထွက်သွားတဲ့အခါမှာ ကြွက်အဘိုးအိုဟာ 'တစ်ကို တစ်ပေါင်း တစ်ရကြောင်း'ကို ဆက်လက်စဉ်းစားနေပါတယ်။ ။



www.burmeseclassic.com

www.burmeseclassic.com

# မှောင်







(၁)

သူက ကျွန်တော့်ကို အောက်ပါကဲ့သို့ ပြောပြပါသည်။

(၂)

ပီကာဆိုရေးဆွဲခဲ့တဲ့ 'မျက်ကန်းကြီး' ပန်းချီကားကို ကြည့်ရင်း ထိတ်လန့်လာသလိုပဲ။ သူကြည့်နေပုံက လောကကြီးဟာ ကန်းနေတယ်ဆိုတဲ့ ကြည့်ပုံမျိုးကြီးဗျ။ သူ့ကြောင်တောင် ကန်းမျက်လုံးကြီးတွေကို မြင်ရတော့ စောစောက ရွှင်ရွှင်ပျော်ပျော် ဖြစ်နေတာလေးတွေ ပျောက်ကွယ်သွားတယ်။

ကျွန်တော်တို့ မိတ်ဆွေတစ်စု ဝိုင်းဖွဲ့ပြီး ပြောနေမိတာက သတ္တလောကမှာ လူဟာဘာကြောင့် ထိပ်တန်းကို ရောက်လာခဲ့တယ်။ လူ့ဂုဏ်သိက္ခာဟာ ဘာကြောင့် မြင့်မားနေရခြင်း ဖြစ်တယ်ဆိုတဲ့ အကြောင်းတွေကို ပြောနေတာ...

လူဟာ နေစကြဝဠာအကြောင်းကို သိတယ်။ နေရဲ့သက်တမ်းကို တွက်ပြနိုင်တယ်။ ကျွန်တော်တို့ရဲ့ နေပါဝင်ဖွဲ့စည်း



www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့ ဂလက်ဆီကြီးထဲမှာ ကြယ်တွေ ဘယ်နှစ်လုံးရှိတယ် ဆိုတာလည်း ရေတွက်ပြနိုင်တယ်။ စကြဝဠာကြီးမှာ ဂလက်ဆီ ကြယ်အုပ်စုကြီးတွေ ကုဋေတစ်ထောင်မက ရှိနေတာကိုလည်း လူဟာ သိနိုင်မြင်နိုင်သူဖြစ်တယ်။ စကြဝဠာကြီးထဲက အင်မတန် ကြီးကျယ်တဲ့ အရာတွေအကြောင်းကို သိနိုင်စွမ်းသလို အဏုမြူ အောက် သေးငယ်တဲ့ ရုပ်မှုန်တွေအကြောင်းကိုလည်း လူဟာ သိနိုင်တယ်။ အဏုမြူစွမ်းအင်တွေကို မိမိလိုရာမှာ အသုံးချဖို့ ထိန်းချုပ်နိုင်စွမ်းတယ်။ လူဟာ အာကာသထဲမှာ လမ်းလျှောက် ပြနိုင်စွမ်းသူလည်း ဖြစ်တယ်။ လူဟာ သဘာဝနိယာမတွေကို သိတဲ့ အသိနဲ့ တီထွင်မှုတွေ အမြောက်အမြား လုပ်နိုင်စွမ်းခဲ့တယ်။ ကွန်ပျူတာခေတ်ကိုလည်း လူဟာ ဖန်တီးနိုင်စွမ်းတယ်ဆိုတဲ့ အကြောင်းတွေကိုပြောရင်း လူ့ရဲ့ဂုဏ်သိက္ခာကို မြှင့်နေကြပါ တယ်။ ပြီးတော့...

လူဟာ လူ့အဖွဲ့အစည်းကြီးကို ပြောင်းလဲစေနိုင်တဲ့ ဝါဒတွေ၊ စနစ်တွေ၊ အတွေးအခေါ်တွေကို တည်ဆောက်နိုင်သူ လည်း ဖြစ်တယ်။ ဒါတင်မက လူဟာ နက်နဲသိမ်မွေ့လှတဲ့ အနုပညာရပ်တွေကို ခံစားတီထွင် ဖန်တီးနိုင်စွမ်းသူလဲ ဖြစ်တယ် ဆိုတဲ့အကြောင်းတွေကို ခမ်းခမ်းနားနား ပြောကြားရင်း လူ့ရဲ့ ဂုဏ်သိက္ခာကို မြှင့်နေကြပါတယ်။

ကျွန်တော်ကတော့ မျက်ကန်းကြီးကိုကြည့်ရင်း တစ်ခါ တုန်းက တောင်ဝှေးတဒေါက်ဒေါက်နဲ့စမ်းပြီး ခရီးသွားနေတဲ့ မျက်ကန်းကြီးတစ်ဦးအကြောင်းကို အမှတ်ရနေတယ်။ သူသွားဖူး





တဲ့ လမ်းကို မှန်းဆစမ်းဝါးပြီး သွားရင်း နေဝင်ချိန်မှာ ရွာတစ်ရွာ ကိုရောက်တယ်။

ခရီးဆက်သွားမယ့် အဲဒီအကန်းကြီးကို ကရုဏာသက်တဲ့ ရွာသားတစ်ဦးက နေဝင်ပြီဖြစ်လို့ မှောင်မိုက်သွားပြီဖြစ်တဲ့ အကြောင်း၊ ဒါကြောင့် မီးအိမ်ဆွဲသွားဖို့ လိုကြောင်း အကြံ ပေးတယ်၊ ဒီအခါမှာ အကန်းကြီးက...

ငါက ကန်းနေတာပဲ၊ မီးအိမ် ဆွဲသွားတော့ကော ဘာထူးမှာလဲလို့ ပြောတော့ ရွာသားက...

"မီးအိမ်ကို ဆွဲပြီးလာတာကို မြင်ရရင် ခင်ဗျားကို တခြားလူတွေ ဝင်မတိုက်အောင် ရှောင်သွားနိုင်တာပေါ့"လို့ ပြောပြတယ်။

ဒါနဲ့ အကန်းကြီးက မီးအိမ်ဆွဲသွားဖို့ သဘောတူလိုက် တယ်။

ရွာသားက မီးအိမ်တစ်လုံး မီးထွန်းပြီး ပေးလိုက်တယ်။

အကန်းကြီးက မီးအိမ်ကိုဆွဲပြီး ခရီးဆက်ထွက်လာခဲ့ တယ်။

မကြာခင်လူတစ်ယောက်က သူ့ကို ဝင်တိုက်မိတယ်။ ဝင်တိုက်တဲ့သူကို အကန်းကြီးက

"ဟေ့လူ ကန်းနေသလား၊ ဒီမှာ မီးအိမ်ဆွဲလာတာ မမြင်ဘူးလား"လို့ အော်ငေါက်လိုက်တယ်။ ဒီအခါမှာ ဝင်တိုက် တဲ့လူက...

"ခင်ဗျားမီးအိမ် မီးငြိမ်းနေတာ မသိဘူးလား"လို့ ပြောရင်း



www.burmeseclassic.com

www.burmeseclassic.com



ဆက်ထွက်သွားတယ်။

စောစောကမှ လေတိုက်ပြီး မီးအိမ်မီးငြိမ်းသွားတာကို အကန်းကြီးက မသိလိုက်ဘူး။

အကန်းကြီးက "သြော်...အမှောင်ထဲမှာတော့ အကန်းရော၊ မကန်းတဲ့သူရောဟာ တူတူပါပဲကလား"လို့ ညည်းညည်း ညူညူပြောရင်း တောင်ဝှေး တဒေါက်ဒေါက်နဲ့ ခရီးဆက်ထွက် သွားတယ်တဲ့ဗျ။

တကယ်တော့ဗျာ သိပ္ပံအသိတွေ ဘယ်လောက်ရှိရှိ၊ အတွေးအခေါ်တွေ ဘယ်လောက်ကောင်းကောင်း၊ အနုပညာ ပစ္စည်းတွေကို ဘယ်လောက်ပဲ ဖန်တီးနိုင်၊ ဖန်တီးနိုင် လူ့ရဲ့ စိတ်ဖြစ်စဉ်၊ ရုပ်ဖြစ်စဉ်ကို အမှန်မသိသမျှကတော့ လူသတ္တဝါ အားလုံးအကန်းတွေချည့်ပါပဲ။ အဝိဇ္ဇာမှောင်ထဲမှာတော့ အားလုံး ဟာ မသိတာချင်း တူတူပါပဲ။ မမြင်တာချင်း တူတူပါပဲ။ ဘဝခရီးမှာ ကြုံတွေ့ရတဲ့ အတွေ့အကြုံ အဖြစ်အပျက်တွေကို မချစ်ခင်၊ မနှစ်သက် မလိုလားစရာ၊ အော့နှလုံးနာစရာတွေအဖြစ် အလွဲအမှားမြင်ပြီး စိတ်ပျက်စိတ်ဆိုးမှုတွေ ဖြစ်မှာပဲ။ အင်မတန် ချစ်စရာ ခင်စရာ နှစ်သက်မြတ်နိုး တွယ်ဖက်ထားစရာတွေလို့ အလွဲအမှား မြင်ထားတာတွေနဲ့ ခွဲခွာရ၊ စွန့်လွှတ်ရတဲ့အခါ ဝမ်းနည်းကြေကွဲမှုတွေ၊ နှမြောတသမှုတွေ ဖြစ်ဦးမှာပဲ။ သေခြင်း တရားနဲ့ ရင်ဆိုင်တိုးတဲ့အခါမှာလဲ ကြောက်လန့်စရာအဖြစ် အလွဲအမှားမြင်ပြီး ညှိုးညှိုးငယ်ငယ်၊ ပင်ပင်ပန်းပန်း၊ ထိတ်ထိတ် လန့်လန့်တွေ ဖြစ်ဦးမှာပဲ။ ဟုတ်တယ်ဗျ။ ကျွန်တော်တို့ကို





အမှန်တရားကို မမြင်နိုင်တဲ့ အကန်းတွေအဖြစ် အကန်းကြီးက ကြည့်နေတယ်လို့ ကျွန်တော်ထင်နေတယ်။

သူတို့ပြောတဲ့ လူ့ဂုဏ်သိက္ခာထဲမှာ လူ့ရဲ့စိတ်အစဉ်၊ ရုပ်အစဉ်ကို အမှန်ဖြစ်နေတဲ့ အတိုင်းသိတဲ့ အသိ၊ တစ်နည်း ပြောရရင် လူကိုလူက အမှန်အတိုင်းသိတဲ့ အသိကိုဖြည့်ဖို့ လိုသေးကြောင်းကို ကျွန်တော်က ပြောမလို့ပဲဗျာ။ ဒါပေမယ့် သူတို့က စကားဝိုင်းသိမ်းပြီး လူစုခွဲသွားကြတယ်။ ကျွန်တော်လဲ မမှောင်ခင် အိမ်ကိုရောက်အောင် ပြန်မှပဲဆိုပြီး ခပ်သုတ်သုတ် ထွက်လာခဲ့ပါတယ်။

**မှတ်ချက်။ ။ အမှန်တရားပြသသနာနှင့်ကြုံ၍ အဖြေမှန် မရ တိုင်း အထက်ပါစကားတို့ကို ပြောသွားသူနှင့် တွေ့ဆုံလိုခဲ့သော်လည်း ယနေ့တိုင် မတွေ့ရသေးပါ။**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အချိန်မီမီးငြိမ်းသတ်နိုင်ခြင်း

(၁)

ထိုနေ့က အချိန်မီ မီးငြိမ်းသတ်လိုက်နိုင်သည်ဟု သူက ဆိုပါသည်။

"အချိန်မီ မီးငြိမ်းသတ်လိုက်နိုင်သည်ဆိုတော့ သူ့အတွက် ဆုံးရှုံးပျက်စီးမှု မရှိဘူးပေါ့" ဟူသော အတွေးဖြင့် ကျွန်တော်က ဝမ်းသာနေပါသည်။

(၂)

သူက ကျွန်တော့်ကို တော်လ်စတွိုင်း၏ ပုံပြင်တစ်ခုထဲမှ အဖြစ်အပျက်တစ်ခုကို ပြောပါသည်။ သူ့စကားက ပထမ ပြောလက်စ စကားနှင့် ဘာဆိုင်လို့လဲဟု ကျွန်တော်ကတွေးရင်း နားထောင်နေရသည်။

(၃)

တောအုပ်အတွင်း၌ ကွက်လပ်တစ်ခုရှိသည်။ ထိုကွက်လပ်၏ အလယ်၌ ထင်းရှူးပင်တစ်ပင် ရှိသည်။ ထိုထင်းရှူးပင်၏





အကိုင်းတစ်ခု၌ ကြိုးတစ်ချောင်း ချည်ထားသည်။ ထိုကြိုး၏ အဖျားတွင် လေးလံသော သစ်တုံးတစ်တုံးကို ချည်ထားသည်။ သစ်တုံး၏ အောက်တည့်တည့်၌ ပျားရည်များ ထည့်ထားသော သစ်သားပုံးရှိသည်။

ထိုကွက်လပ်ဆီသို့ ဝက်ဝံများ လာနေကြသည်။ ဝက်ဝံမကြီးက ရှေ့ဆုံးမှ လျှောက်လာ၍ ယင်းနောက်မှ အခါလည်သား ဝက်ဝံကလေးတစ်ကောင်နှင့် မွေးကာစ ဝက်ဝံကလေးသုံးကောင် လိုက်ပါလာသည်။ ဝက်ဝံမကြီးသည် ဦးခေါင်းကို မော့ကာ တရှူးရှူး အနံ့ခံပြီး နောက်ကဝက်ဝံကလေးများကို ရှေ့ဆောင်ကာ ပျားရည်ပုံးကြီးရှိရာသို့ ရှေးရှုသွားသည်။ ရှေးဦးစွာ ပျားရည်ပုံး ထဲသို့ သူ၏နှာခေါင်းကို ထည့်လိုက်ပြီးနောက် ဝက်ဝံကလေး များကို လာခဲ့ရန် အသံပြုသည်။ ဝက်ဝံကလေးများက ပြေးသွား၍ ပျားရည်ကို သောက်ကြသည်။ ထိုသို့ သောက်ကြသောအခါ အပေါ်မှ တွဲလောင်း ချည်ထားသော သစ်တုံးကြီးက ယိမ်း၍ သွားသည်။ ယိမ်းရာမှ ပြန်လာပြီး ဝက်ဝံကလေးများကို သစ်တုံးကြီးက တိုက်သည်။ ထိုသို့ တိုက်သည်ကို မြင်သောအခါ ဝက်ဝံမကြီးက သစ်တုံးကို လက်ဖြင့် တွန်းဖယ်လိုက်သည်။ ထိုအခါ သစ်တုံးသည် ပို၍ ဝေးရာသို့ ယိမ်းသွားပြီးနောက် ပြန်လာသောအခါ ဝက်ဝံကလေး နှစ်ကောင်၏ ကျောကုန်းကို ရိုက်ခတ်မိသည်။ ဝက်ဝံကလေးများသည် အော်ဟစ်ကာ နံဘေးသို့ တိမ်းဖယ်လိုက်သည်။ ထိုအခါ ဝက်ဝံမကြီးမှာ ဒေါသဖြစ် လာပြီဖြစ်၍ သစ်တုံးကို လက်နှစ်ဖက်စလုံးဖြင့် ဦးခေါင်းပေါ်သို့



www.burmeseclassic.com

www.burmeseclassic.com



ကျော်သည်အထိ မြှောက်လွှဲ၍ တွန်းပစ်လိုက်သည်။ ထိုအခိုက် အခါလည်သား ဝက်ဝံကလေးသည် ပျားရည်ပုံးကြီးရှိရာသို့ ခုန်ပေါက်လာပြီးလျှင် ပျားရည်အိုးထဲသို့ နှာခေါင်းကိုနှစ်ကာ ပျားရည်ကိုလောဘတကြီး စုပ်ယူလျက်ရှိသည်။ မွေးခါစ ဝက်ဝံကလေးများကလည်း ပျားရည်ပုံးရှိရာသို့ လာလျက်ရှိသည်။ ပုံးနားသို့ သူတို့မရောက်မီ သစ်တုံးသည် အရှိန်ဖြင့်ပြန်၍ လာပြီးနောက် အခါလည်သား ဝက်ဝံကလေး၏ ဦးခေါင်းကို ရိုက်ခတ်လိုက်၍ ဝက်ဝံကလေးမှာ ပွဲချင်းပြီး သေဆုံးသွားလေသည်။

ထိုအခါ၌ ဝက်ဝံမ,ကြီးသည် ကြောက်မက်ဖွယ်အော်ဟစ်ကာ သစ်တုံးကို အင်အားရှိသမျှ တစ်အားလွှဲ၍ ပစ်လိုက်လေသည်။ သစ်တုံးသည် ချည်ထားရာ သစ်ကိုင်းထက်ပင် မြင့်တက်သွားသည်။ ဝက်ဝံမ,ကြီးက ဝက်ဝံကလေးများနှင့်အတူ ပျားရည်ပုံးအနား ချဉ်းကပ်သည်။ သစ်တုံးသည် အပေါ်သို့ အတက် ရပ်သွားပြီးနောက် လျင်မြန်သော အရှိန်နှင့် ကျလာသည်။ သစ်တုံးသည် ဝက်ဝံမကြီးကို ပြင်းထန်စွာ ရိုက်လိုက်သောကြောင့် ဝက်ဝံမ,ကြီးသည် ပက်လက်လန်ကျသွားပြီးနောက် အသက်ကုန်သွားသည်။ ဝက်ဝံကလေးများက ထွက်ပြေးသွားကြလေသည်။

(၄)

အထက်ပါ အကြောင်းအရာကို ပြောပြီးနောက် သူက ဆက်၍...





“ဝက်ဝံမကြီးက အခြေအနေတွေကို မသိဘူး၊ သစ်တုံးကြီးကို ပျားရည်ပုံးပေါ်တည့်တည့် ဘာပြုလို့ တွဲလောင်းဆွဲပြီးချည်ထားတယ်ဆိုတာ မသိဘူး။ ပျားရည် သောက်ချင်တာသောက်ပဲ သိတာ။ ဒီတော့ သူသောက်ချင်တာကို အဟန့်အတားပြုတဲ့ သစ်တုံးကို ဒေါသဖြစ်တယ်။ အကြီးအကျယ် ဒေါသဖြစ်တယ်။ သူ့သားလေးကို သေလောက်အောင် သစ်တုံးကြီးက တိုက်ပစ်လိုက်တော့ ကြောက်မက်ဖွယ် ကောင်းလောက်အောင်ကို ဒေါသတွေ အရှိန်အဟုန် ကြီးမားသွားတယ်၊ ဝက်ဝံမ,ကြီးမှာ ဒေါသမီးကြီး လောင်မြိုက်နေလိုက်တာဗျာ။...

“ကျွန်တော်လဲ ဒီလိုပါပဲ၊ မထူးပါဘူး။ အခြေအနေတွေကို မသိဘူး။ ကျွန်တော်ဒုက္ခရောက်အောင် သူဖန်တီးထားတာကို မသိခဲ့ဘူး။ ကျွန်တော့်မှာ ခံလိုက်ရတာ ဘာပြောကောင်းမလဲ၊ ရှိသမျှ သိက္ခာတွေလဲကျ၊ နာမည်တွေ ပျက်နဲ့၊ အဲဒီညက ဒေါသတွေ ခြောင်းခြောင်းထွက်နေတာ၊ ကျွန်တော့်ကို ဒေါသတွေ လောင်မြိုက်နေတာပေါ့ဗျာ၊ သူ့ကို လက်တုံ့ပြန်ဖို့ အစီအစဉ်တွေလုပ်တယ်။...

“နောက်တစ်နေ့ မိုးလင်းတာနဲ့ တစ်ပြိုင်နက် သူ့ရဲ့ ကောက်ကျစ်ပုံ၊ ကောက်ကျစ်နည်းထက် အဆပေါင်းများစွာ သာတဲ့ ကျွန်တော့်ရဲ့ ပရိယာယ်ဆောင်ချောက်ထဲမှာ မရှုမလှ သူကျတော့မှာကို မြင်ယောင်နေတယ်။ လူပဲဗျာ... ကောက်ကျစ် ညစ်ပတ်တဲ့နည်းကို ရှာလိုက်ရင် တွေ့တာပါပဲ၊ အသေအချာ ရှာလေ ပိုပိုပြီးကောင်းတဲ့နည်းတွေကို တွေ့လေပဲ။



www.burmeseclassic.com

www.burmeseclassic.com



"သူ့မျက်နှာကို မြင်ယောင်တိုင်း ကျွန်တော့်ဒေါသတွေက အရှိန်မြင့်မြင့်လာလေပဲ၊ တရားဥပဒေကို လက်တစ်လုံးခြား လိမ်ညာတတ်တဲ့ သူ့လိုလူမျိုး၊ အမှန်တရားနဲ့ တရားဥပဒေကို ကျွန်တော့်ဘက်မှာ မရှိအောင် ဖန်တီးနိုင်တဲ့ သူ့လိုလူမျိုးကို ရှင်းပစ်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ တစ်ညလုံး ဒေါသတွေ လောင်မြိုက်နေတော့ အိပ်လို့ကို မပျော်ဘူး၊ အိပ်လဲ မအိပ်တော့ပါဘူးဗျာ၊ ကျွန်တော်သတ်မှတ်ထားတဲ့အချိန်ကို ရောက်အောင် စောင့်နေတယ်။...

"စိတ်က မငြိမ်တော့ စာအုပ်စင်က စာအုပ်တွေကို ဟိုလှန်ဒီလှော လုပ်နေမိတယ်၊ စားပွဲပေါ်မှာ ပုံထားတဲ့စာအုပ်တွေထဲက ဟိုစာအုပ်ဆွဲယူ၊ သည်စာအုပ်ဆွဲယူ လုပ်တယ်၊ ဟိုစာမျက်နှာ၊ သည်စာမျက်နှာ ကြုံရာကိုဖတ်တယ်၊ အဲဒီလိုဖတ်ရင်း ကျွန်တော်ခင်ဗျားကို ပြောပြခဲ့တဲ့ တော်လ်စတွိုင်းရဲ့ ဝက်ဝံမကြီး အဖြစ်အပျက်ကို ဖတ်မိတာ။...

"အဲဒီလို ဟိုစာအုပ်ကိုင်၊ သည်စာအုပ်ဆွဲယူလုပ်ရင်းက ကျွန်တော့်အဖေရဲ့ မှတ်စုစာအုပ်ကို သွားတွေ့တယ်။ မကြာခင်ကမှ အဖေ့ဆီ အလည်သွားရင်း အဖေ့လက်ရေးနဲ့ ရေးထားတဲ့စာအုပ်ကို အမှတ်တရ သိမ်းထားချင်ပါတယ်ဆိုပြီး တောင်းယူခဲ့တဲ့ စာအုပ်ဗျ။ အဲဒီ အဖေ့စာအုပ်ကိုဖွင့်ပြီး ဟိုလှန်သည်လှန်လုပ်ရင်း တစ်နေရာမှာ ပုံတစ်ပုံကို တွေ့တယ်။ ကြည့်လိုက်တော့ မီးပွတ်ခုံပုံကို အဖေက ရေးဆွဲထားတာဗျ။ မီးပွတ်ခုံသုံးတာကို ကျွန်တော်တို့ မမီလိုက်ပါဘူး။ ရှေးခေတ်က အခုခေတ်မှာလို





မီးကို အလွယ်တကူမရနိုင်ဘူး၊ မီးပွတ်ခုံမှာ မီးပွတ်ယူကြရတယ်။ အဖေက ရှေးခေတ်သုံး အဲဒီမီးပွတ်ခုံကို ရေးဆွဲထားတာဗျ။...

"အဲဒီမီးပွတ်ခုံ အောက်ဘက်မှာ အဖေက စာတစ်ပိုဒ် ရေးကူးထားတယ်။...

**"မီးပွတ်ခုံကို မီးပွတ်သည်ရှိသော် မီးသည် ဖြစ်လာ၏။ ထိုမီးသည် ဖြစ်လာရာ ပွတ်ခုံကိုပင် လောင်ကျွမ်း၏။ ထို့အတူ ပညာမရှိ မိုက်မဲလျက် အကျိုးစီးပွားကို မသိသောသူအား၊ နင်လား ငါလား ချုပ်ချယ်သော အမျက်ဒေါသသည် ထွက်လာခဲ့၏။ ထိုအမျက်ဒေါသသည် အမျက်ဒေါသထွက်လာသူကိုပင် (ဦးစွာ) လောင်ကျွမ်း၏"**

(ရူဌပေါမိဇာတ်)တဲ့ဗျာ။

"အဲဒီစာပိုဒ်ကိုဖတ်ရင်း ကျွန်တော့်နားထဲမှာ ပညာမရှိ၊ မိုက်မဲလျက် အကျိုးစီးပွားကို မသိသောသူဆိုတဲ့ စာကြောင်းက အသံတွေထွက်ပြီး ပဲ့တင်ထပ်နေသလိုပဲ။ ကျွန်တော့်အိမ်အပေါ်ထပ်ကို တက်တော့လဲ အဲဒီပညာမရှိ မိုက်မဲလျက် အကျိုးစီးပွားကို မသိသောသူဆိုတဲ့ အသံက လိုက်ပါလာသလိုပဲ။ အောက်ထပ်ဆင်းတော့လဲ အဲဒီအသံက ကျွန်တော်နဲ့အတူ ဆင်းလိုက်လာသလိုပဲ၊ သစ်တုံးကြီးကို မိုက်မိုက်မဲမဲနဲ့ တစ်အားကုန် တွန်းဖယ်ပစ်လိုက်တဲ့ဝက်ဝံကြီး။ ပြီးတော့ သူ့ဆီကို အရှိန်ပြင်းစွာနဲ့လွဲပြီး ပြန်လာနေတဲ့ သစ်တုံးကြီးကိုလည်း မြင်ယောင်နေတယ်ဗျာ။...

"ကျွန်တော်က အိပ်ရာပေါ်မှာ လှဲချလိုက်ပြီးတော့ အဖေ



www.burmeseclassic.com

www.burmeseclassic.com



ရေးဆွဲထားတဲ့ မီးပွတ်ခုံကလေးကို ကြည့်မိတယ်၊ မီးမတောက်သေးတဲ့ မီးပွတ်ခုံကလေး၊ မီးသေနေတဲ့ ခုံကလေး၊ သစ်တုံးတစ်တုံးပေါ်မှာ တင်ထားတဲ့ မီးပွတ်ခုံကလေးပါဗျာ။...

(၅)

"ကျွန်တော် မျက်ခနဲနိုးလာတယ်။ ကျွန်တော့်ရင်ဘတ်ပေါ်မှာ အဖေ့စာအုပ်ကလေးကို ပိုက်မိလျက်သားပါပဲ။ တိုင်ကပ်နာရီကို လှမ်းကြည့်လိုက်တော့ မနက် (၄)နာရီ ထိုးခါနီးပြီ။

(၄)နာရီတိတိမှာ ကျွန်တော့်တပည့်ထံကို ဖုန်းဆက်ပါတယ်။ သူက အသင့်စောင့်နေတာဆိုတော့ ချက်ချင်းပဲ ဖုန်းကိုင်တယ်။ ကျွန်တော်က သူ့ကို လုပ်ရမယ့် အစီအစဉ်တွေကို ဖျက်လိုက်ကြောင်း၊ ပဲခူးကအဖေ့ဆီ ကန်တော့ရန် သွားမှာမို့လို့ ကားကို ဆီထပ်ဖြည့်ပြီး (၇)နာရီအရောက် အိမ်ကိုလာဖို့သာ လိုကြောင်း ပြောလိုက်ပါတယ်။

ကျွန်တော်ဗျာ...သံသရာရှည်သည်အထိ လိုက်ပြီး ပူလောင်စေမယ့် ဒေါသမီးကို အချိန်မီငြိမ်းသတ်လိုက်နိုင်ပါတယ်။ အဖေနဲ့ဆရာကြီးလီယိုတော်လ်စတွိုင်းတို့က ကျွန်တော့်ကို ကူပြီး ငြိမ်းသတ်ပေးခဲ့ကြတာပေါ့။ ကျွန်တော့်ကျေးဇူးရှင်တွေပေါ့ဗျာ။

(၆)

အချိန်မီ မီးငြိမ်းသတ်လိုက်နိုင်ခြင်း အကြောင်းကို သူ ပြောဆို ပြီးဆုံးသွားသောအခါ သူ့အတွက် ဆတက်ထမ်းပိုး ဝမ်းသာမိသော ကျွန်တော်က "သာဓု သာဓု သာဓု"ဟု ကောင်းချီးပေးလိုက်မိပါသည်။



# ပြဿနာ





www.burmeseclassic.com

www.burmeseclassic.com

## ပြဿနာ

အဲဒီညနေကလဲ ပြဿနာအတွေးအရှုပ်တွေနဲ့ ဝက်ပါတောင်မှာ ကျွန်တော်ထိုင်နေတာပေါ့ဗျာ၊ စေတီကလေးဆီက ဆွဲလည်းသံတစ်ခုက ထူးထူးခြားခြား အသံသာနေတာကိုလည်း သတိထားမိပါတယ်။

တစ်ခါတစ်ခါ တိုးဝင်လာတဲ့လေက ကျွန်တော့်ဆံပင်တွေကို ဖွကျဲသွားကြတယ်။

နေစောင်းသွားပြီဖြစ်လို့ ပြန်ဖို့ ကျွန်တော်ထလိုက်မယ် အလုပ်မှာ လူတစ်ယောက် ကျွန်တော့်ရှေ့ လာရပ်တယ်ဗျ။ မော်ကြည့်လိုက်တော့ ကြည်လင်သန့်ရှင်းတဲ့ သူ့မျက်နှာမှာ ပြုံးယောင်သမ်းနေတယ်။ သူ့အသက်က ခြောက်ဆယ်ဝန်းကျင်လောက် ရှိရော့မယ်။ သူက ကျွန်တော့်ကို...

"မောင်ရင် ဒီမှာလာထိုင်တာ သုံးရက်ရှိပြီ"တဲ့။

ကျွန်တော်လည်း ဘာပြန်ပြောရမှန်း မသိတာနဲ့ ခေါင်းကို ညိတ်ပြလိုက်မိတယ်၊ သူကဆက်ပြီး ဆိုပြန်ပါတယ်။





"မောင်ရင် ဒီမှာ အပျင်းပြေလာထိုင်တာတော့ ဟုတ်ပုံမရဘူး"

ကျွန်တော်က သူ့ကို ငေးကြည့်တယ်။ သူ့ကို အံ့ဩတာလည်း ပါတာပေါ့၊ သူက ကျွန်တော့်စိတ်ထဲမှာ ဖြစ်နေတာတွေကို သိနေတဲ့ အမူအရာမျိုးနဲ့

"လူ့လောကမှာ ပြဿနာတွေရှိတာပေါ့၊ လူတစ်ယောက်က မိုးရွာထဲမှာ ထီးဆောင်းပြီးသွားရင်း တွေးမိတယ်ဆိုပဲ၊ 'မိုးဟာအပေါ်က ရွာပေလို့သာပဲ၊ အောက်ကများရွာရင် ဘယ်လိုထီးဆောင်းသွားရပါ့မလဲ'လို့။ ဒီအတွေးနဲ့ သူ့မှာ အောက်က ရွာမယ့်မိုးကို ထီးဆောင်းရေး ပြဿနာကြီး ဖြစ်နေတယ်။ ဒါ–တကယ်တော့ ပြဿနာမှ မဟုတ်တာ၊ ပြဿနာမဟုတ်တာကို ပြဿနာလုပ်နေရင် ကိုယ်ပင်ပန်း စိတ်ပင်ပန်း ဖြစ်ရတတ်တာပဲ။ လူတွေဟာ 'ပြဿနာအတု'ကို 'ပြဿနာအစစ်'ထင်ပြီး ဝင်ပင်ပန်းပန်း ဖြေရှင်းနေတတ်ကြတယ်။ ဒီမယ်မောင်ရင် ပြဿနာမဟုတ်တာကို ပြဿနာမဟုတ်ဘူးလို့သိရင် ပြဿနာဟာ ပြေလည်သွားတာပဲ"

သူနဲ့ကျွန်တော် ဝက်ပါတောင်က ဆင်းလာခဲ့ကြပါတယ်။

အဆင်းဖြစ်လို့၊ ဒါမှမဟုတ် ပြဿနာတွေ လျော့ကျခဲ့လို့ ထင်ပါရဲ့။ ကျွန်တော့်မှာ ပေါ့ပါးသွက်လက် လွတ်လပ်နေတာတော့အမှန်ပဲ၊ ဆင်းလာရင်း သူက...

"တစ်ခါတုန်းက ဖားပြုတ်တစ်ကောင်က ကင်းခြေများတစ်ကောင်ကိုကြည့်ပြီး ပြဿနာဖြစ်နေတယ်တဲ့ မောင်ရင်ရဲ့၊

www.burmeseclassic.com



'ကင်းခြေများရဲ့ ခြေထောက်တွေက သိပ်များတာပဲ။ ခြေတွေ သိပ်များတော့ သွားရင် ဘယ်ခြေထောက်ကစပြီး လှမ်းပါလိမ့်'လို့ ဖားပြုတ်မှာ ပြဿနာအကြီးအကျယ် ဖြစ်နေတယ်။ ဒီလို ပြဿနာဖြစ်ပြီး သူကိုယ်တိုင်တောင် ဘယ်လိုစ လှမ်းရ ခန့်ရမှန်းမသိ ဖြစ်နေတယ်တဲ့ မောင်ရင်ရဲ၊ ပြဿနာမဟုတ်တာကို ပြဿနာလုပ်နေတော့ လှမ်းလို့ရပါလျက်နဲ့ မလှမ်းမိ ခန့်လို့ရပါ လျက်နဲ့ မခန့်မိနဲ့ လိုရာကို မရောက်တော့ဘူးပေါ့။ ပြဿနာ တစ်ခုဟာ စစ်မှန်တဲ့ ပြဿနာဖြစ်တယ်ဆိုရင်တော့ ရှောင်နေလို့လဲ မရဘူး၊ ဖြေရှင်းပစ်ရမှာပဲ၊ ပြဿနာဆိုတာ ဖြေရှင်းရမယ့်အရာ ဆိုတော့ ဖြေရှင်းလိုက်ပေါ့မောင်ရင်"

သူက ကျွန်တော့်ကို နှုတ်ဆက်ပြီးတော့ 'ခေမာသိဝံ'ဘက် ကိုသွားတဲ့ လူသွားလမ်းကလေးအတိုင်း လျှောက်သွားပါတယ်။ သူသွားနေပုံက ဘာမှ ပြဿနာမရှိတဲ့သူအဖြစ် သွားနေသလိုပါပဲ။ သူသွားတဲ့အရပ်ကလည်း ဘာပြဿနာမှ မရှိတဲ့အရပ် ဖြစ်ပါ လိမ့်မယ်။

သူ့ကျေးဇူးတွေကို ကျွန်တော့်တစ်သက် မမေ့ပါဘူး၊ မမေ့နိုင်ပါဘူးဗျာ။

**ဝန်ခံချက်။** ။ ဝက်ပါတောင်မှ လာခဲ့သူ၏ ပြန်လည်ပြောပြချက် ဖြစ်ပါသည်။








www.burmeseclassic.com

www.burmeseclassic.com

## အမှန်တရားကို ကျော်လွှားကူးခတ်နေသူများ

(၁)

မိတ်ဆွေဖြစ်သူ အိမ်ရှင်က ကျွန်တော်တို့ကို နေ့လယ်စာ ကျွေးမွေးပါသည်။ ထို့နောက် သူ၏ဆီဆေး၊ ရေဆေး ပန်းချီကားများဖြင့် ဧည့်ခံပါသည်။ အိမ်ရှင်မှာ ပန်းချီပညာဖြင့် အသက်မွေးသော ပန်းချီဆရာမဟုတ်ပါ။ ဝါသနာအလျောက် ပန်းချီရေးဆွဲသူသာ ဖြစ်ပါသည်။ သူ၏စကားအတိုင်း ပြောပါက... သူသည် ပန်းချီရေးဆွဲချင်စိတ် ဖြစ်လာသောအခါ ပန်းချီရေးသောသူ ဖြစ်ပါသည်။

ကျွန်တော်တို့က သူ၏ပန်းချီအနုပညာ လက်ရာများကို ရပ်၍တစ်မျိုး၊ ထိုင်၍တစ်ဖုံ၊ ချဉ်းတုံ့ခွာတုံ့ပြု၍ တစ်နည်းဖြင့် ကြည့်ကြပါသည်။

"ဒီပန်းချီကားက ဘာကိုဆိုလိုတာလဲ၊ ဘယ်လို အဓိပ္ပါယ်လဲ၊ ဘာကိုရည်ရွယ်ပြီး ရေးဆွဲတာလဲ"ဟူသော ကျွန်တော်တို့၏ အတောမသတ် မေးခွန်းများကို သူက ဘာမျှပြန်မဖြေဘဲ





ပြုံးပြုံးကြီးလုပ်၍ နေပါသည်။ ထို့နောက် အတန်ကြာမှ သူက မပြောချင်ပြောချင်ဖြင့် ပန်းချီကားတစ်ခု၏ အနက် အဓိပ္ပါယ်နှင့် ရည်ရွယ်ချက်ကို ရှင်းပြရန် မဖြစ်နိုင်ကြောင်း၊ ပန်းချီလက်ရာများကို များများကြည့်ရန်လိုကြောင်း၊ များများကြည့်၍ အတွေ့အကြုံများလာသောအခါ ပန်းချီလက်ရာများကို ခံစားတတ်လာမည် ဖြစ်ကြောင်း ပြောပါသည်။

(၂)

ရေဆေး ပန်းချီကား တစ်ခုကို ခုံတစ်ခုဖြင့် ထိုင်၍ အလေးအနက်ကြည့်နေသော ကျွန်တော်တို့အထဲမှ ဧည့်သည် မိတ်ဆွေတစ်ဦးက...

"ကျုပ်အနေနဲ့တော့ ဒီရေဆေးကားကို အကြိုက်ဆုံးပဲဗျာ" ဟု ထပ်တလဲလဲဆိုနေသောကြောင့် ကျွန်တော်တို့ကလည်း ဝိုင်း၍ ကြည့်ကြပါသည်။ ဝိုင်း၍ ခံစားကြပါသည်။

ပန်းချီကားမှာ...လှိုင်းလေထန်၍ ရေစီးမြန်နေဟန် ထင်ရသည့် မြစ်ကျောမှ မှောက်တော့မယောင်၊ မြုပ်တော့မလိုလိုဖြင့် မျောပါနေသည့် လှေငယ်တစ်စင်းဟု ထင်ရသော အရာနှင့် ထိုလှေပေါ်မှ လူဟုထင်ရသူတစ်ဦးကို စုတ်တံအပြားကြီးတို့သုံး၍ အနက်ရောင်ဖြင့် ရေးဆွဲထားသော ပုံ...။

ဧည့်သည်ဖြစ်သူ မိတ်ဆွေက

"ပြောင်းလဲခြင်း၊ ဖောက်ပြန်ခြင်း၊ ပျက်စီးခြင်း၊ ရွေ့လျားခြင်း သင်္ခါရဆိုတဲ့ အမှန်တရားကို ဒီပန်းချီကားရဲ့ ရေးနည်းရေးဟန်က အထိမိဆုံး၊ အားအကောင်းဆုံး ဖော်ပြနိုင်တယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ထင်တာပဲဗျာ၊ အဲဒီပြောင်းလဲခြင်းတွေ၊ ယိုယွင်း ပျက်စီးခြင်းတွေထဲမှာ လူးလွန့်ရုန်းကန် လှော်ခတ်နေရတဲ့ လူ့အဖြစ်၊ လူ့ဘဝကိုလဲတစ်ပြိုင်နက်တည်းမှာ ဖော်ပြနေတယ်။ ပြောင်းလဲခြင်းတွေကြားထဲမှာပဲလူဟာ ရှင်သန်နိုင်ဖို့ ကြိုးစား နေပုံတွေ၊ ပျက်စီးခြင်းတွေကြားထဲမှာ တည်ဆောက်နေပုံတွေ၊ ပရမ်းပတာနဲ့ အကျည်းတန် ဖြစ်နေခြင်းတွေကြားမှာ အလှအပ တွေကို ဖန်တီးပုံတွေကိုလဲ မြင်ယောင်ခံစားလာရတယ်ဗျာ။ တရားဓမ္မအနေနဲ့ ပြောရရင်တော့ ပြောင်းလဲနေခြင်းဆိုတဲ့ ဘဝရေစီး၊ ဘဝမြစ်ပြင် သံသရာရေပြင်ကျယ်ကို ပြောင်းလဲ ဖောက်ပြန်ခြင်း အစုအဝေးဖြစ်တဲ့လူဟာ သတိပညာဆိုတဲ့ မဂ္ဂင်လှေနဲ့ လှော်ခတ် ကျော်လွှားရတယ်ဆိုတဲ့ သဘောကို တွေးမိ ခံစားမိလာတယ်။ တစ်နည်းပြောရရင်တော့ ပြောင်းလဲခြင်း သံသရာထဲမှာ လူဆိုတဲ့ ပြောင်းလဲခြင်း သံသရာက ရုန်းကန်နေတဲ့ အဖြစ်၊ သံသရာကို သံသရာက ကူးခတ်ကျော်လွှားနေတဲ့အဖြစ်ကို ဒီပန်းချီကားက ဖော်ပြနေသလိုပဲ။ ဒါတွေထက်ပေါ့ဗျာ... ပြောင်းလဲခြင်းတွေကို ပြောင်းလဲနေသူက ကူးခတ်ကျော်လွှားရင်း ပြောင်းလဲခြင်းတွေကို မထိတ်မလန့် မကပ်မငြိတဲ့ 'လွတ်မြောက် နေသူ'အဖြစ် ရောက်ရှိသွားပုံကို မြင်ယောင်စေတဲ့ ဒီပန်းချီကား ကိုတော့ ကျုပ်အကြိုက်ဆုံးပဲ"

ညှို့သည်မိတ်ဆွေ ပြောပြသည်ကို နားထောင်ရင်း ရှေ့မှပန်းချီကားကို ကျွန်တော်တို့က ဆိတ်ငြိမ်စွာဖြင့် ကြည့်ရှုခံစားနေကြပါသည်။

ကျွန်တော်တို့၏နောက်မှ ရပ်နေသော အိမ်ရှင် ပန်းချီ



အနုပညာရှင်က "ခင်ဗျား ဒီလိုခံစားပြလိုက်တော့မှပဲ ကျွန်တော့်ပန်းချီကားရဲ့ လေးနက်မှုကို သိရတော့တာပဲဗျ"ဟု ဆိုပါသည်။

"ခင်ဗျား ဒီလိုပြောလိမ့်မယ်ဆိုတာကိုလဲ ကျုပ်ကတော့ ကြိုတင်တွက်ဆပြီးသားပါဗျာ"ဟု ညှို့သည်မိတ်ဆွေက တုံ့ပြန်လိုက်ပါသည်။


(၃)

အိမ်ရှင်ကို နှုတ်ဆက်၍ ကျွန်တော်တို့ ပြန်ခဲ့ကြပါသည်။ လမ်းတွင် ကျွန်တော်တို့ ကြည့်ခဲ့ကြသော 'မြစ်ကျောမှ လှေနှင့်လူတစ်ယောက်'ပန်းချီကားကို ခံစားပြသူအား ကျွန်တော်တို့က "ခင်ဗျား ခံစားပြတာကို ကြိုက်တယ်ဗျာ၊ လေးလဲ လေးနက်ပါသတယ်"ဟု ပြောသောအခါ သူက "ဘာရယ်မဟုတ်ပါဘူးဗျာ...ကျုပ်ထင်မိထင်ရာ၊ တွေးမိတွေးရာတွေကို ပြောမိလိုက်တာပါပဲ"ဟု ဆိုပါသည်။

"ခင်ဗျား ဒီလိုပြောလိမ့်မယ်လို့ ကျွန်တော်တို့ ကြိုတင်တွက်ဆပြီးသားပါဗျာ"ဟူသော စကားက ကျွန်တော်တို့နှုတ်မှ တစ်ပြိုင်တည်းလိုလို ထွက်သွားကြပါသည်။ ။



www.burmeseclassic.com



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

## အလှကို ထုလုပ်မြင်ခြင်း

အနုပညာ၏ အခန်းကဏ္ဍအကြောင်း ပြောကြရင်းမှ ဒိုင်ယာနာ နတ်သမီးအကြောင်းကို ရောက်သွားကြသည်။ သူက ဆိုပါသည်။

ဒိုင်ယာနာ နတ်သမီးကို ရှေးခေတ် ဂရိလူမျိုးတို့က အမဲလိုက်ထွက်ခါနီးတွင် ကိုးကွယ်လေ့ရှိသည်ဟု ဆိုသည်။ လွန်ခဲ့သည့် အနှစ် ၅၀ လောက်က ထိုဒိုင်ယာနာ နတ်သမီး၏ ကြေးသွန်း ရုပ်တုကို အမေရိကန် ပြည်ထောင်စု တောင်ပိုင်းဒေသရှိ မက္ကစီကို မြို့တော်၏ ပန်းခြံတစ်ခုတွင် ထုလုပ်ထားရှိခဲ့သည်။

ထိုဒိုင်ယာနာ နတ်သမီးရုပ်တု ပန်းခြံထဲ ရောက်ကတည်းက မစားနိုင် မသောက်နိုင် ဖြစ်ရသူများ ရှိသည်။ မစားနိုင် မသောက်နိုင် ဖြစ်ရသူများမှာ အခြား မဟုတ်၊ မြို့ပေါ်က ဂုဏ်သရေရှိဟုဆိုသော အမျိုးသမီးများပင် ဖြစ်သည်။ ပန်းခြံထဲသို့ လေညှင်းခံရောက်၍ ဒိုင်ယာနာ နတ်သမီးရုပ်တုကိုမြင်ရလျှင်





အသက်ရှူ ကြပ်ရပါသည်ဟုလည်း ထိုဂုဏ်သရေရှိ အမျိုးသမီးများက ပြောကြသည်။ အဘယ်ကြောင့် ထိုကဲ့သို့ ဖြစ်ရသနည်းဆိုသော် ဒိုင်ယာနာ၌ အဝတ်ဟူ၍ တစ်စတစ်လေမျှ မရှိဘဲ ဗလာထီးထီး ရှက်ဖွယ်ကြီးဖြစ်နေသောကြောင့် ဖြစ်ပေသည်။

သို့နှင့် ထိုအမျိုးသမီးများသည် မြို့ဝန်ထံ ထိုဒိုင်ယာနာကို အဝတ်အစား အပြည့်အစုံဝတ်ထားသော ရုပ်တုတစ်ခုနှင့် လဲလှယ်ပေးပါရန် မေတ္တာ ရပ်ခံကြသည်။ တောင်းဆိုမှုတွေ လုပ်ကြသည်။ သူတို့၏ တောင်းဆိုချက်ကို ဒိုင်ယာနာ ရုပ်တု ထုလုပ်သူ ပန်းပုဆရာက အကြောက်အကန် ငြင်းဆိုသည်။

အချို့မိန်းမများက ဒိုင်ယာနာဆီသွား၍ အတင်း အဝတ်ဝတ်ပေးကြသည်။

ဒိုင်ယာနာကို အဝတ်ဆင်သင့်၊ မဆင်သင့် အငြင်းပွားမှု ဆက်လက်ဖြစ်ပွားခဲ့သည်မှာ အနှစ်သုံးဆယ်နီးပါးလောက် ကြာခဲ့သည်ဟု ဆိုသည်။ ထိုသို့ အနှစ်သုံးဆယ်နီးပါး အငြင်းပွားရာမှ အမျိုးသမီးကြီးများ၏ ဆန္ဒအရ ဒိုင်ယာနာ၌ ဝတ်ဆင်ထားသော အတွင်းခံ ဘောင်းဘီကို ဖြုတ်ပစ်လိုက်ကြသည်။

ဒိုင်ယာနာသည် အရင်မူလက ကဲ့သို့ပင် လွတ်လွတ်လပ်လပ် လှလှပပ ပြန်၍ ဖြစ်သွားလေသည်။

အထက်ပါအကြောင်းကို ပြောပြပြီးနောက် သူက "ဘကယ်တော့ညစ်ညမ်းတယ် ဆိုတာ ရှုမြင်သူအပေါ်မှာ အများဆုံး မူတည်ပါလိမ့်မယ်။ ပန်းချီဆရာကြီး လောင်ထရက်က ပြောဖူးတယ်ဗျ၊ (Evil lies in the eyes of the



www.burmeseclassic.com

www.burmeseclassic.com



behoIder.)မကောင်းမှုဆိုတာ ရှုမြင်သူရဲ့ မျက်လုံးမှာပဲ မူတည်နေတယ်တဲ့ဗျ”ဟု ဆိုသည်။

ထို့နောက် သူက ရိုဒင်၏ အတွေးသမား Thinker ရုပ်တုကို တစ်ခါက အတွေးအခေါ် အသင်းတစ်ခု၏ အမှတ်တံဆိပ်ပြုလုပ်ရန် အသင်းသားတစ်ဦးက အဆိုတင်သွင်းရာ အများက သူ၏ အဆိုကို ပယ်ချခဲ့ကြသည်။ ရိုဒင်၏ အတွေးသမား၌ အဝတ်အစား လုံးဝမပါဘဲ ဗလာ ကိုယ်တီး ဖြစ်နေသောကြောင့် မဖွယ်မရာ အမှတ်တံဆိပ် ဖြစ်နိုင်သည် ဟူသော အကြောင်းပြချက်ဖြင့် ပယ်ချခဲ့ကြခြင်း ဖြစ်သည်။ ထိုအကြောင်းကို ပြောပြရင်း သူက...

“အတွေးသမားရုပ်တုကို ရှုမြင်ရာမှာ ဘယ်လို စိတ်အခံနဲ့ ကြည့်မိကြတာလဲမှ မသိဘဲဗျ၊ တကယ်တော့ အတွေးသမားက အဝတ်ချွတ်ထားခြင်းဟာ စဉ်းစားတွေးခေါ်မှုရဲ့ ဓမ္မဓိဋ္ဌာန်ကျမှုကို ရည်ညွှန်းထားတဲ့ အမှတ် သင်္ကေတဗျ၊ လူတွေဟာ တွေးတဲ့ ခေါ်တဲ့အခါ၊ ရှုမြင်သုံးသပ်ကြတဲ့အခါမှာ လူမျိုးစွဲတွေ၊ အယူဝါဒစွဲတွေ၊ ယဉ်ကျေးမှုဆိုင်ရာ အယူအစွဲတွေ ရဲ့ ဖုံးလွှမ်းကာကွယ်မှုတွေနဲ့ တွေးခေါ် ရှုမြင် သုံးသပ် ဆုံးဖြတ်နေကြတာ၊ ဘယ်မှာ အမှန် အတိုင်း မြင်လာနိုင်ကြမှာလဲဗျာ၊ ဆုံးဖြတ်ချက်တွေဟာ လည်း ဓမ္မဓိဋ္ဌာန်မကျနိုင်ဘူး၊ ဘက်လိုက်တဲ့ ဆုံးဖြတ်ချက်တွေပဲ ဖြစ်နိုင်တယ်၊ ရိုဒင်ရဲ့ အတွေးသမားမှာ အဝတ် ဝတ်ပေး မထားခြင်းဟာ တွေးတဲ့ခေါ်တဲ့အခါ ရှုမြင်သုံးသပ် ဆုံးဖြတ်တဲ့ အခါမှာ အစွဲ အလန်းတွေကို ချွတ်စွန့်ပယ်ပြီး ဓမ္မဓိဋ္ဌာန်ကျကျ



တွေးခေါ် ရှုမြင်သုံးသပ် ဆုံးဖြတ်နိုင်ရမယ်ဆိုတဲ့ သဘောကို ညွှန်းဆိုချင် တဲ့သဘောပါ။ အဝတ်မရှိတဲ့ အတွေးသမားမှာ သစ်ညမ်းမှု မဖွယ်မရာမှုတွေ မရှိပါဘူး”

အတွေးသမားအကြောင်း ပြောရင်းမှ ပန်းချီအနုပညာရှင် ပေါ်ဦးသက်၏ ‘မိသားစု’ဆီဆေး ပန်းချီကား အကြောင်းကို ရောက်လာသည်။

ဆရာပေါ်ဦးသက်၏ ပန်းချီကား၌ မိခင်၊ ဖခင်နှင့် ကလေးငယ်...ဤသုံးဦး၏ပုံကို ရေးဆွဲထားသည်။ ထိုသုံးဦး၌ လည်း အဝတ်အစားဟူ၍ မပါ။ ဗလာကိုယ်ထီး မိသားစုကလေး ဖြစ်သည်။

သူက ဆိုပါသည်။

“ဒီမိသားစု ပန်းချီကားထဲက လူသုံးဦးဟာ ဆင်းရဲ လွန်းလို့ ဝတ်စရာ မရှိလို့ ကိုယ်တုံးလုံး ဖြစ်နေကြတာတော့ မဟုတ်ဘူးဗျ၊ ပန်းချီဆရာက တမင်ကို အဝတ် မဝတ်ပေးထား တာ။ အဝတ် ဝတ်ပေးမထားတော့ ဒီမိသားစု သုံးဦးဟာ ဘယ်လိုလူမျိုးလဲဆိုတာ မသိနိုင်ဘူး။ ပြီးတော့ မိသားစု သုံးဦးစလုံးကို ကြည့်ရင် သုံးဦးစလုံးကို ဘာလူမျိုးလည်းဆိုတာ သိသာအောင် လူမျိုးပီပီသသ ရေးဆွဲမထားဘူး။ ဒီလိုလူမျိုး ပီသသ ဆွဲမထားခြင်းကဘဲ ပန်းချီကားကို အားကောင်းစေ တာပေါ့။ ဘာလူမျိုးမှန်း မသိတော့ မိသားစု လူသုံးဦးဟာ ‘လူ အားလုံး’ကို ကိုယ်စားပြုထားရာ ရောက်နေတယ်။ အဲဒီလို ကိုယ်စားပြုထားရာရောက်နေတဲ့ အဲဒီလူသုံးဦးကို အမှီပြုပြီး



www.burmeseclassic.com

www.burmeseclassic.com



လူအားလုံးရဲ့ ယေဘုယျသဘောကို မြင်ထင်လာနိုင် တယ်ပေါ့ဗျာ၊ လူမျိုးစွဲ၊ အယူဝါဒစွဲ၊ ယဉ်ကျေးမှုဆိုင်ရာ အစွဲဆိုတဲ့ အဖုံးအကာ အဆောင်အယောင်တွေကို ဖယ်ပြီး ကြည့် လိုက်ရင် လူတွေဟာ တစ်ဦးနဲ့ တစ်ဦး ထူးမခြားနားပါဘဲ။ လူတွေဟာ တစ်ဦးနှင့် တစ်ဦး ဘာမှအထင်ကြီးစရာ မရှိပါဘူး။ လူတွေဟာ အသက်ရှင် လိုကြတယ်။ ဒုက္ခတွေမှ ကင်းဝေးလိုကြတယ်။ မိသားစု အသိုက်အမြုံကလေးတွေနဲ့ ကျေနပ်ပျော်ရွှင်စွာ နေလိုကြတယ်။ အသိုက်အမြုံ အတွယ်အတာကလေးတွေနဲ့ နေလိုကြတယ်။ လူတွေဟာ ဒီသဘော တွေရှိတဲ့ သူအချင်းချင်းဆိုတော့ ဘာမှ အထင်ကြီးစရာလည်း မရှိပါဘူး ။ အထင်ကြီးစရာမလိုသလို အထင်သေးစရာ မုန်းတီး စရာလည်း မလိုပါဘူး။ ကြည့်စမ်းပါ၊ လူတွေဟာ အခြေအနေတွေရဲ့၊ အလိုဆန္ဒတွေရဲ့ ကျေးကျွန်ဘဝ အဖြစ်နဲ့ နေကြတာပါ။ အလိုဆန္ဒ တဏှာလောဘရဲ့ ခိုင်းစေ ချက်ကြောင့် လူသတ္တဝါတွေဟာ တစ်နေ့ပြီးတစ်နေ့ လှုပ်ရှား ရုန်းကန်နေကြရတာပါဗျာ။ အလိုဆန္ဒ တဏှာလောဘကလည်း လိုအင်ပြည့်နိုင်တယ်ရယ် မရှိတော့… လူဟာ အဲဒီတဏှာ လောဘရဲ့ မျက်နှာကိုကြည့်ပြီး မကျေနပ်နိုင်တဲ့ လိုအင်ကို ဖြည့်ဆည်းပေးဖို့ အတောမသတ် ကြိုးစားနေရတယ်။ တစ်ခါ တစ်ခါတော့လည်း တဏှာလောဘရဲ့ လှည့်စားမြှောက်ပင့်ပေးတာ ခံရလို့ ဘဝင်တွေ မြင့် စိတ်နေတွေ မြင့်၊ မာနတွေ မြင့်မြင့် လိုက်ကြတာမှ လူအချင်းချင်းကိုတောင် လူမထင်ဘူး။ တစ်ခါ တစ်ခါတော့လည်း စိတ်ဓာတ်တွေကျပြီး ငေးငေးငိုင်ငိုင်





သက်မတွေ လှိုင်လှိုင်ချရင်း မျက်နှာငယ်နေတတ် ပြန်တယ်။ ပြီးတော့ဗျာ သေခြင်းတရားက လူတွေဆီ ရောက်ရောက်လာ တယ်။ ဒီအခါမှာ လူတွေဟာ ချစ်ခင်သူတွေနဲ့လည်း တကွဲ တပြား ဖြစ်သွားရသူချည်းပါ။ ဆရာပေါ်ဦးသက်ရဲ့ မိသားစု ပန်းချီကားလေးကိုကြည့်ပြီး “အော် လူသတ္တဝါတွေဟာ (ကိုယ် အပါအဝင်ပေါ့) တဏှာလောဘအလိုဆန္ဒတွေ၊ အို၊ နာ၊ သေခြင်း တွေရဲ့ ကျေးကျွန်အဖြစ် ရှိနေသူတွေပါလား”လို့ လဲမြင်လာတယ်။ ပြီးတော့… ဘယ်လောက်ခိုင်ခဲ့တဲ့ သံယောဇဉ် တွေ၊ ချစ်ခြင်းတွေနဲ့ မကွဲမကွာရအောင် တစ်ဦးကတစ်ဦးကို နှောင်ဖွဲ့ထားကြပေမယ့် တစ်ချိန်မှာတော့ တစ်ဦးကတစ်ဦးကို ခွဲခွာသွားခြင်းနဲ့ အဆုံးသတ်ဖို့ လူတွေဟာ စောင့်နေရသူတွေပါလား လို့လဲ မြင်ယောင်နေမိတယ်။ ဒီပန်းချီကားကို ကြည့်ရင်းနဲ့ပေါ့ ဗျာ… တစ်ဦးနဲ့တစ်ဦး ထူးမခြားနား ဖြစ်တည်နေကြတဲ့ လူတွေကို သနားစရာ သတ္တဝါတွေအဖြစ် မြင်လာမိတယ်။ လူတွေကို ကျွန်တော်ပြောခဲ့သလိုပေါ့ဗျာ။ လူမျိုးစွဲ၊ အယူဝါဒစွဲ၊ ယဉ်ကျေးမှုအစွဲ စတဲ့ အကာအကွယ် အဖုံး၊ အလွှမ်း၊ အဆောင်အယောင်တွေကို ချွတ်ခွာပြီး ရှုမြင်မယ်ဆိုရင် လူတွေကို လူတွေအဖြစ်နဲ့ လူလို မြင်အောင် ကြိုးစားကြမယ်ဆိုရင်ပေါ့… လူအချင်းချင်း ခိုက်ရန်ဒေါသ ဖြစ်မှုတွေလည်း လျော့နိုင်လာ မယ်။ လူအချင်းချင်း ကူညီရိုင်းပင်းရင်းနဲ့ အေးအတူ၊ ပူ အမျှ နေနိုင်မှုတွေလည်း ဖြစ်လာနိုင်စရာ ရှိတယ်ပေါ့ဗျာ။

သူ၏ စကားဆုံးသောအခါ၌ လူကို လူလိုမြင်တတ်အောင်




www.burmeseclassic.com

www.burmeseclassic.com



ဖန်တီးပေးထားရာ ရောက်ပါသည်ဟုဆိုသော ဟင်နရီမိုး၏ 'လှုပ်ပုံ မပီမသ ပန်းပုရုပ်များအကြောင်း'ကို အခြားသူများက ဆက်လက် ဆွေးနွေးနေကြပြန်ပါသည်။ ။



## ကောင်းမြင့်မြတ်ဘွဲ့



www.burmeseclassic.com

www.burmeseclassic.com

## ကောင်းမြင့်မြတ်ဘွဲ့

(၁)

ထိုနေ့က မိတ်ဆွေဖြစ်သူနှင့် စကားစမြည်ပြောဆိုရင်းမှ 'ဘွဲ့'ဟူသော စကားအကြောင်းသို့ ရောက်သွားသည်။ မိတ်ဆွေဖြစ်သူက ဘွဲ့ဟူသောစကား၏ အနက်အဓိပ္ပါယ်ကို အကိုးအကားအထောက်အထားများနှင့် ရှင်းပြသည်။

(၂)

'ဘွဲ့'ဆိုသည်မှာ ချည်နှောင်ခြင်း သို့မဟုတ် နဖူးစည်းဟု ဆိုလိုသည်။ ပုရာဏ်ကျမ်းများအလိုအရ --

စကြဝတေးမင်းနှင့် ဘုရားဖြစ်မည့်သူတို့၏ နဖူးပြင်တွင် ကြည့်လိုက်လျှင် တင့်တယ်လွန်းလှသည့် မို့မောက်နေသော အသားလွှာ ရှိကြသည်ဟုဆိုသည်။ ထိုအဆိုအရ ရှေးခေတ်ကရာဇ်ပဒေသရာဇ်မင်းတို့သည် (မိမိတို့၌ အထက်ပါစကြဝတေးမင်းကဲ့သို့ နဖူးပြင်တွင် မို့မောက်သော အသား လွှာ မရှိသောကြောင့်) နဖူးပြင်တွင် ရွှေပြားကို ထိုအသားလွှာသဏ္ဍာန်





ပြုလုပ်၍ ရတနာများ စီခြယ်ကာ မကိုဋ်တော်နှင့် တွဲဖက်စည်းနှောင်ဆင်မြန်းကြသည်။ ထိုအသားလွှာ နဖူးစည်း(ဝါ) ထိုရွှေပြားကို တိဗက်ဘာသာဖြင့် သင်းကျစ်ဟုခေါ်သည်။

ဘုရင်ဧကရာဇ်တို့သည် မိမိတို့၏ ရွှေပြားနဖူးစည်းသင်းကျစ်ကို အလိုရှိသမျှအားရလောက်အောင်သုံးစွဲပြီး၍ အားရတင်းတိမ်သည့်အခါ မိမိတို့၏ မူးမတ်မိဖုရား စသည့် မိမိနှစ်သက်ရာလူများကို ပေးအပ်ချီးမြှင့်လေ့ ရှိသည်ဟုဆိုသည်။ ထိုသို့ ပေးအပ်ချီးမြှင့်ရာမှနောင်တွင် မူးမတ်စသည့် မိမိ လက်အောက်ခံတို့၏ အရည်အချင်းအလိုက် ရွှေပြားတွင် ရတနာများစီခြယ်၍သော်လည်းကောင်း၊ ရွှေပြားအတိုင်းသော်လည်းကောင်း၊ ငွေပြားကိုသော်လည်းကောင်း ပေးအပ်ချီးမြှင့်မှုများ ပြုလုပ်လာသည်။ ထိုရွှေပြား၊ ငွေပြားများပေါ်တွင် လက်အောက်ခံ အမှုထမ်းတို့၏ အရည်အချင်းအလိုက် ပျံချီတန်လျှင် ပျံချီ၊ စည်သူတန်လျှင် စည်သူ၊ သခ်ယာတန်လျှင် သခ်ယာ၊ ဝဏ္ဏတန်လျှင် ဇေယျာဘွဲ့နာမည်များ ရေးထိုး၍ ထိုရွှေပြား၊ ငွေပြားများကို မိမိပေးအပ်ချီးမြှင့်သူ၏ နဖူးတွင် ပိုးချည်ဖြင့် ချည်နှောင်ပေးကြသည်။ စိန္တကျော်သူ၏ "လေးလေးတွဲ့တွဲ့၊ လက်ဝတ်ဖွဲ့၊ ရွှေဘွဲ့သိပ်မှာချည်"ဟူသော ကဝိလက္ခဏာသတ်ပုံကျမ်း၌ စပ်ဆိုသည့်အတိုင်း ဘုရင်မင်းမြတ်က "သက်စွန့်ကြိုပမ်း အမှုတော်ကိုထမ်းရွက်လေသော့"ဟုဆိုကာ မိမိလက်အောက်ခံ အမှုထမ်းတို့၏ နဖူးတွင် ချည်နှောင်ပေးခြင်းကို 'ဘွဲ့ချည်'သည်ဟု ခေါ်သည်။ ထိုမှ ဘွဲ့တပ်သည်၊ ဘွဲ့ပေးသည်ဟု သုံးနှုန်းလာဟန်ရှိသည်



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုပါသည်။

(၃)

ဘွဲ့အကြောင်းကို ရှင်းလင်းပြောပြပြီးနောက် မိတ်ဆွေဖြစ်သူက ယခုခေတ်ဘွဲ့များနှင့် ယခင်ခေတ်ဘွဲ့များအကြောင်း ပြောပြနေပြန်ပါသည်။ သူက ––

"ဆိုပါတော့ဗျာ...နယ်ချဲ့ကြတဲ့ခေတ်က နိုင်ငံကြီးတစ်နိုင်ငံက တိုင်းပြည်ငယ်တစ်ခုကို မတရားသွားပြီးသိမ်းတယ်။ အဲဒီနိုင်ငံကြီးအတွက် အမှုထမ်းသူတစ်ဦးက တိုင်းပြည်ငယ်က ပြန်လှန်ခုခံမှုတွေကို ရှုပ်ရှုပ်ချွံချွံ ချေမှုန်းသုတ်သင်ပစ်ပြီး အနိုင်ယူလိုက်တယ်။ အဲဒီလူကို နိုင်ငံကြီးရဲ့ခေါင်းဆောင်က မိမိရဲ့အမှုတော်ကို သက်စွန့်ကြိုးပမ်း ထမ်းဆောင်တယ်ဆိုပြီး ရောမသူရဲကောင်းဘွဲ့ ပေးတယ်ဆိုပါတော့၊ သူ့နိုင်ငံကြီးဘက်က ကြည့်ရင်တော့ အဲဒီပုဂ္ဂိုလ်က တကယ့်သူရဲကောင်းကြီးပါပဲ။ ဒါပေမယ့် ဆုံးရှုံးခဲ့တဲ့ အသိမ်းခံခဲ့ရတဲ့ နိုင်ငံငယ်ဘက်က ကြည့်ရင်တော့ အဲဒီလူရတဲ့ဘွဲ့ဟာ သူရဲကောင်းဘွဲ့ မဟုတ်ပါဘူး။ လူမိုက်ကြီးဘွဲ့ပါပဲဗျာ။ ဒီတော့ 'ဘွဲ့'ဆိုတာကို တန်ဖိုးဖြတ်မှုဆိုင်ရာ ရှုထောင့်ကနေ လေ့လာဖို့လိုတယ်။ ဘွဲ့နာမည်တွေဟာ ဂုဏ်ကျက်သရေရှိတော့မလိုလိုနဲ့ ဘယ်လိုပြောမလဲ ပုံသဏ္ဌာန်နဲ့ အတွင်းသရုပ် မကိုက်တာတွေ အများကြီးလို့ဆိုရင် ဖြစ်မလားပဲ"

မိတ်ဆွေဖြစ်သူက တန်ဖိုးဖြတ်မှုဆိုင်ရာ အယူအဆများအကြောင်း၊ ခေတ်ကာလနှင့် တန်ဖိုးဆိုင်ရာတို့ ပြောင်းလဲကြပုံအကြောင်းပြောရင်းမှ သူ၏တူကလေးတစ်ယောက်အကြောင်းကို



စကားဆက်ပါသည်။

"ကျုပ်တူတော်မောင်ရဲ့ နာမည်က 'ကောင်းမြင့်မြတ်' တဲ့ဗျ။ သူ့အဖေက ပေးထားတဲ့ဘွဲ့နာမည်ပေါ့ဗျာ။ တူတော်မောင်ကတော့ ဘာပြောကောင်းမလဲဗျာ၊ ဒီလမ်းမသွားနဲ့ဆို သွားတယ်။ ဒါမလုပ်နဲ့ဆိုလုပ်တယ်။ မကောင်းတာမှန်သမျှ အကုန်လုပ်မယ့်ကောင်ပဲ။ ဆေးလိပ်မသောက်နဲ့ဆိုလည်း သောက်တဲ့အကောင်ဗျ။ သူ့အဖေနဲ့အမေက သူ့သားကို မနိုင်တော့တာနဲ့ ကျုပ်ဆီပို့ထားတယ်။ အဲဒါ ဟိုဘက်ခန်းမှာ စာကြည့်စာကျက်ခိုင်းထားတယ်"ဟု ပြောပါသည်။

ကျွန်တော်ပြန်ခါနီးတွင် မိတ်ဆွေက ကျွန်တော့်အား ကားဂိတ်သို့လိုက်ပို့ရန်သူ့တူတော်မောင်အား သွား၍ခေါ်ပါသည်။

အခန်းထဲတွင် တူတော်မောင်မရှိတော့၍ ကားဂိတ်သို့ ကျွန်တော်တစ်ယောက်တည်း လျှောက်လာခဲ့ပါသည်။

(၄)

နောက်နှစ်ရက်လောက်ကြာမှ 'ဘွဲ့'အကြောင်း ကျွန်တော်တို့ စကားပြောနေခိုက် သူ့တူတော်မောင်က တိတ်တဆိတ် အိမ်မှထွက်၍ သူ့သူငယ်ချင်းများနှင့်အတူ ကန်တော်ကြီး၌ ရေကူးနေသည်ဟု သိရပါသည်။



www.burmeseclassic.com

www.burmeseclassic.com






# မိတ်ဆွေအပေါင်းအသင်းနှင့် ခရီးသွားခြင်း

လူတွေနှင့် ပေါင်းရသင်းရ ဆက်ဆံရခြင်း၌ မပြေမလည် ဖြစ်ရသည်ကို သူနှင့်စကားစပ်မိကြပါသည်။ သူကဆိုပါသည်။

▲

ခင်ဗျားကြားဖူးတယ်မဟုတ်လား။ ရှိုင်ဇာရဲ့ စကား တစ်ခုလေ။ ကိုယ်လျှောက်သွားမယ့် လမ်းပေါ်မှာ အခြားသူတွေက ဆူးငြောင့်ခလုတ်တွေကို ဝင်ရောက်ရှင်းလင်းပေးကြလိမ့်မယ်လို့ မျှော်လင့်အပ်ဘူး။ ဆူးငြောင့်တွေ လာချမထားဘူးဆိုရင်ပဲ ကျေးဇူးတင်ရမယ်တဲ့ဗျ။ လူအများစုဟာ ကိုယ့်အတ္တအကျိုးစီးပွားပဲ ဗဟိုပြုစဉ်းစားတတ်တဲ့ တွေးခေါ်ပညာရှင်တွေဆိုတော့ သူများ အကျိုးကိုကြည့်ဖို့ သိပ်သတိမရတတ်ကြဘူး။

ဟုတ်တယ်၊ ဗုဒ္ဓစာပေတွေမှာ တွေ့ရတဲ့ သချိုင်းနဲ့တူတဲ့ လူတွေဆိုတဲ့ ဥပမာကို ကျွန်တော်တော့ သဘောကျတယ်ဗျ။ သချိုင်းရဲ့ ပထမလက္ခဏာတစ်ရပ်က 'မစင်ကြယ်ဘူး'တဲ့ဗျ။ ရှေးခေတ်က သချိုင်းတွေဆိုရင် ပိုသိသာတယ်။ လူသေရဲ့



www.burmeseclassic.com

www.burmeseclassic.com



အရိုးတွေ၊ ခေါင်းခွံတွေမြေတွင်းထဲက ပေါ်နေတတ်တယ်။ ကူးစက်တတ်တဲ့ရောဂါနဲ့ သေတဲ့အလောင်းတွေလည်း ရောက်လာတတ်တာမို့လို့ ရောဂါပိုးတွေ မသတီစရာမြင်ကွင်းတွေနဲ့ သင်္ချိုင်းဟာ မစင်ကြယ်ဘူး။ အဲဒီလိုပဲ တချို့လူတွေဟာ သင်္ချိုင်းနဲ့တူတယ်။ သူတို့ရဲ့ မကောင်းတဲ့အကျင့်၊ ယုတ်မာတဲ့အကျင့်၊ မသမာတဲ့ မဖွယ်မရာတဲ့အကျင့်၊ လိမ်ချင်ကောက်ချင်၊ လူလည်ကျချင်တဲ့ စိတ်ထားတွေနဲ့ ညစ်နွမ်းလိမ်းကျံနေတယ်။ မစင်ကြယ်ဘူး။ ဒါကြောင့် ဒီလိုလူမျိုးဟာ သင်္ချိုင်းနဲ့တူတယ်။

ပြီးတော့ သင်္ချိုင်းဟာ အနံ့အသက် မကောင်းဘူး။ ဟုတ်မှာပေါ့ လူသေအလောင်းကို မီးရှို့ထားတာက ထွက်လာမယ့် အနံ့တွေ၊ ပုပ်ပွနေတဲ့အလောင်းကောင်က ထွက်လာမယ့် အနံ့ဆိုးတွေနဲ့ ဘယ်မှာသင်္ချိုင်းဟာ အနံ့ကောင်းမှာလဲ။ ဒီလိုပဲတဲ့ဗျ၊ တချို့လူတွေဟာ လိမ်ညာလှည့်စား ညာဝါးဖျန်းသန်းပြီး မသမာတဲ့၊ ယုတ်မာတဲ့၊ လူလည်ကျချင်တဲ့ စိတ်တွေနဲ့ လုပ်ကိုင်စားသောက်တယ်ဆိုတော့ ဒီလူတွေရဲ့အကြောင်း ဘယ်မှာ အကောင်းသတင်း ထွက်မှာလဲ။ သတင်းဆိုးပဲထွက်လာမှာပဲ။ ဒါကြောင့် ဒီလိုလူမျိုးဟာလည်း သင်္ချိုင်းနဲ့ တူတယ်တဲ့ဗျ။

ပြီးတော့ သင်္ချိုင်းဟာ သူရဲသူဘက်တွေ နေတတ်တဲ့ အရပ်တဲ့၊ မကောင်းတဲ့၊ မစင်ကြယ်တဲ့ နှစ်သက်ဖွယ်မဟုတ်တဲ့ သူရဲသူဘက်တွေပဲနေမှာပေါ့။ သူတို့လို သဘောတူတဲ့ သတ္တဝါ အချင်းချင်းပဲ အဲဒီမှာ ပေါင်းသင်းဆက်ဆံပြီး နေလို့ရမှာပေါ့။ လှပတဲ့၊ တင့်တယ်တဲ့၊ မွန်မြတ်တဲ့သူတွေကတော့ ဘယ်နေပါ့





မလဲ။ အဲဒီလိုပဲပေါ့ဗျာ။စိတ်ကောင်းနှလုံးကောင်း မရှိသူ၊ အလိုလောဘရမ္မက်ဇေါသတွေနဲ့ အာသာငန်းငန်း လုပ်ကိုင်စားသောက်ကိုယ်ကျိုးရှာတတ်သူတွေဟာလည်း သူတို့လို စိတ်ထားနှလုံးသားရှိသူအချင်းချင်းပဲ တွေ့တတ်ကြုံတတ် ပေါင်းသင်းဆက်ဆံနေထိုင်တတ်တယ်။ ဒါကြောင့်ဒီလိုမျိုးတွေဟာလည်း သင်္ချိုင်းနဲ့တူတယ်။ သင်္ချိုင်းက သူရဲသူဘက်တွေနဲ့ တူတယ်တဲ့ဗျ။ ပြီးတော့ သင်္ချိုင်းဟာ ဘေးဘျမ်းလို့ခေါ်တဲ့ ဘေးအန္တရာယ်တွေရှိတဲ့ နေရာတဲ့၊ ဟုတ်တယ်။ မြွေဆိုး၊ ကင်းဆိုး၊ ခွေးဆိုးတွေ၊ ပုန်းခိုနေတဲ့ သူခိုးဓားပြတွေဟာသင်္ချိုင်းမှာ ရှိနေတတ်တယ်။ အဲဒီအရပ်ကိုသွားရင် အချိန်မရွေး မြွေဆိုး၊ ကင်းဆိုးတွေရဲ့ အကိုက်အခဲကိုလည်း ခံရနိုင်တယ်။ သူခိုးဓားပြတွေရဲ့ ရက်တရက် ခမ်းဆီးနှိပ်စက် အနိုင်ကျင့်မှု၊ လုယက်မှုကိုလည်း ခံရနိုင်တယ်။ ဒါကြောင့် သင်္ချိုင်းဟာ ဘေးဘျမ်းရှိတယ်တဲ့။ အဲဒီလိုပဲ လူ့လောကမှာ တချို့လူတွေဟာဘေးဘျမ်းရှိတဲ့ သင်္ချိုင်းလိုပဲ။ အဲဒီလူမျိုးတွေနဲ့ ပေါင်းသင်းဆက်ဆံမိလိုက်ရင် ကိုယ့်ကိုတန်ဖိုးခဲ့လုဖြစ်အောင် လုပ်တာမျိုးတွေ၊ ကိုယ့်ပစ္စည်းဥစ္စာကို လိမ်ညာလှည့်ပတ်လို့ပဲဖြစ်စေ၊ မတရားအနိုင်အထက်ဖြစ်စေ ရအောင်ယူတတ်ခြင်းမျိုးတွေကို လုပ်တတ်လေတော့ အဲဒီလို လူတွေဟာ ဘေးဘျမ်းရှိတဲ့ သင်္ချိုင်းနဲ့တူသူတွေပဲဗျ။

နောက်ဆုံးတစ်ချက်က သင်္ချိုင်းဟာ ငိုကြွေးသူတွေရဲ့နေရာခြင်းတယ်တဲ့။ တစ်သက်လုံး မခွဲမခွာလိုပဲချစ်ချစ်ခင်ခင် ကြင်ကြင်နာနာနဲ့ နေလာသူဟာ အကြောင်းတစ်ခုခုကြောင့် သေဆုံးသွားတဲ့



www.burmeseclassic.com

www.burmeseclassic.com



အခါ သချိုင်းမြေဆီ ပို့ဆောင်ရတာပါပဲ။ အဲဒီသချိုင်းမြေကို လိုက်ပို့ရင်း ကျန်ရစ်ခဲ့သူတွေဟာ မခွဲနိုင်လွန်းလွန်းလို့ ရင်ဘတ်စည်တီး ရှိုက်ကြီးတငင်နဲ့ ပင်ပန်းဆင်းရဲလွန်းစွာ ငိုကြွေးကြတယ်။ သချိုင်းဟာ တကယ့်ကို စိတ်နလုံးချောက်ချားဖွယ်ရာ၊ ကြေကွဲတမ်းတဖွယ်ရာ နေရာကြီးပါဗျာ။ တကယ့်အမင်္ဂလာ နေရာကြီးပါပဲ။ အဲဒီလိုပဲတဲ့ တချို့လူတွေနဲ့ ပေါင်းသင်းဆက်ဆံမိရင် အဲဒီလူတွေအတွက် ကိုယ့်မှာ ငိုရှိုက်ရ ကြေကွဲရ ဖြစ်ရတယ်။ အဲဒီလူတွေကို မခွဲနိုင်မခွာရက်ဖြစ်လို့ ငိုရှိုက်ရတာတော့ မဟုတ်ဘူး။ အဲဒီလူတွေက ကိုယ့်ကို ဘဝပျက်အောင်၊ ကိုယ့်ဘဝ ဆုံးရှုံးသွားအောင် ကိုယ့်ဘဝ အဓိပ္ပါယ်မဲ့သွားအောင် အမျိုးမျိုး နှိပ်စက်ကြလို့ပဲ။ ငိုရှိုက်ရ ကြေကွဲရ မှုတွေ ဆင်တူတဲ့အတွက် အဲဒီလိုလူမျိုးတွေဟာ ငိုကြွေးရာနေရာဖြစ်တဲ့ သချိုင်းနဲ့ တူသူတွေလို့ဆိုတာ ဖြစ်မှာပဲ။

တောထဲသွားတော့ ဆူးစူးတဲ့အခါမှာ ဆူးကိုဆူးနဲ့ ထွင်ရတယ်ဆိုတာ... ခင်ဗျားကြားဖူးတယ် မဟုတ်လား။ မကောင်းတဲ့ မစင်ကြယ်တဲ့ ကျွန်တော်ပြောခဲ့တဲ့ လူမျိုးနဲ့ပဲ ဘဝခရီးမှာ အတွေ့ များတဲ့အခါ ကိုယ်ကိုယ်တိုင် ဆူးဖြစ်ချင်လာတယ်ဗျာ။ မကောင်းတဲ့လူတွေနဲ့ တွေ့ဖန်များတဲ့အခါ ကိုယ်ကိုယ်တိုင်လည်း မကောင်းချင်တော့ဘူး ဖြစ်လာခဲ့တာ အမှန်ပဲ။ ကိုယ့်ကို ညစ်ပတ်ရင် ကိုယ်ကလည်းပြန်ပြီး ညစ်ပတ်လိုက်မယ်ဆိုတဲ့ စိတ်တွေဖြစ်ခဲ့တာ အမှန်ပဲ။ ဒါပေမယ့် ပုဂ္ဂိုလ်တစ်ဦးရဲ့စကားကြောင့် ကျွန်တော့်အမြင်တွေ ပြောင်းသွားတယ်။





အဲဒီပုဂ္ဂိုလ်က --

လောကမှာ သူ့အတွက် မိတ်ဆွေသုံးမျိုးရှိတယ်။ ပထမမိတ်ဆွေအမျိုးအစားက ကိုယ့်ကိုချစ်တဲ့သူ၊ ဒုတိယအမျိုးအစားက ကိုယ့်ကို မုန်းတဲ့သူ၊ တတိယအမျိုးအစားက ကိုယ့်ကို ဥပေက္ခာထားတတ်တဲ့သူ၊ အဲဒီမိတ်ဆွေသုံးမျိုး ရှိတယ်တဲ့။ ကိုယ့်ကိုချစ်တဲ့သူမျိုးနဲ့ တွေ့ကြုံဆုံစည်းရရင်တော့ နလုံးစိတ်ဝမ်းချမ်းမြေ့ရတာပေါ့တဲ့။ ကိုယ့်ကိုမုန်းတဲ့သူမျိုးနဲ့ တွေ့တော့လည်း ကိုယ်ဟာ သတိရှိတဲ့သူ၊ သတိမြဲမြဲတဲ့သူဖြစ်လာတယ်။ ဘာကြောင့်ဆိုတော့ ကိုယ့်ကိုမုန်းတဲ့သူဆိုတာ ကိုယ့်အားနည်းချက်၊ ကိုယ့်ချွတ်ယွင်းချက်ကို အမြဲကြည့်နေတတ်တယ်ဆိုတော့ ကိုယ်က အမြဲသတိထားနေရတယ်။ သတိထားရင်း သတိရှိတဲ့သူဖြစ်လာရတာပဲတဲ့။ ကိုယ်ဘာဖြစ်ဖြစ်၊ ဆင်းရဲရဲ ချမ်းသာသာ ဘာမှခံစားမှုမဖြစ်ဘဲ ကိုယ့်ကိုဥပေက္ခာချထားသူမျိုးနဲ့ တွေ့ကြုံရတဲ့အခါ ကိုယ့်ကိုယ်ကို အားကိုးတတ်သူ ဖြစ်လာတတ်တယ်တဲ့။ ဟုတ်တာပေါ့။ ကိုယ့်ကို ရိုင်းပင်းကူညီစောင့်ရှောက်တတ်သူ မဟုတ်တော့ သူလိုလူမျိုးကို ဘာမှမျှော်လင့်ချက်ထားလို့ မရဘူး။ ကိုယ့်ကိုယ်ကိုပဲ အားကိုးပြီး ကြိုးစားလုပ်ဆောင်ရတာပဲ။ ဘာပဲဖြစ်ဖြစ် အဲဒီမိတ်ဆွေအမျိုးအစားအားလုံးကို ကျေးဇူးတင်ပါတယ်တဲ့။

သူပြောတာ သဘောကျတယ်ဗျာ။ စိတ်ထား...ထားတတ်ရင် လောကမှာ ဘယ်လိုလူမျိုးနဲ့တွေ့တွေ့ ကိုယ့်အတွက် အကျိုးရှိတာချည်းပါပဲ။ စောစောကလို သူက မကောင်းရင်



www.burmeseclassic.com

www.burmeseclassic.com



ငါကလည်းပြန်ပြီး မကောင်းသလို တုံ့ပြန်လိုက်မယ်၊ ဆူးစူးရင် ဆူးနဲ့ပဲထွင်လိုက်မယ်ဆိုတဲ့ သဘောထားတွေပြောင်းသွားတယ်ဗျ။

"ကြာရဲ့အမူအကျင့်ကို ခင်ဗျား လေ့လာဖူးလား။ ကြာဟာ နုံးညွန်မှာ အခြေခံပြီး ရေမှာဖြစ်ပေမယ့် နုံးညွန်တွေ နောက်ကျိနေတဲ့ရေတွေနဲ့ မလိမ်းကျံ မကပ်ငြိဘဲ နေရောင်မှာ တလှတပ ပွင့်တတ်တဲ့အမူအကျင့်ရှိတယ်။ ကြာဟာသူ့ပတ်ဝန်းကျင်က မနှစ်သက်၊ မသာယာဖွယ် နုံးညွန်တွေ ရေနောက်တွေနဲ့ မရောယှက်ဘူး။ အဲဒီလိုပဲပေါ့ဗျာ။ လူဟာ မကောင်းတဲ့ မနှစ်သက်ဖွယ်ဖြစ်တဲ့ အကျင့်စရိုက်ဆိုးရှိကြတဲ့သူတွေရဲ့ ဝန်းကျင်မှာ လူဖြစ်လာပေမယ့် အကျင့်စရိုက်ကောင်းရှိသူဟာ ကိုယ့်ဝန်းကျင်ဟာ မကောင်းသူတွေ မကောင်းမှုတွေနဲ့ လိမ်းကျံရောယှက်မသွားထိုက်ပါဘူး။ အကျင့်စရိုက်ကောင်းရှိသူဟာ ကိုယ့်ဝန်းကျင်ကဘယ်လောက်ပဲ မကောင်းပေမယ့် ကိုယ်ကတော့ ကောင်းမွန်ဖြောင့်မတ်သူအဖြစ် လူ့လောကမှာ တည်နေဖို့ ကြိုးစားသင့်တယ်ဆိုတဲ့ အမြင်တစ်ခုကို ကျွန်တော်ရလိုက်ပါတယ်။

**ဝန်ခံချက်**

**အပယ်ရတနာ လိုဏ်ဂူဘုရားနံရံဆေးရေးပန်းချီများမှ ကြာတို့ကို လေ့လာသူတောသနပြုနေသူတစ်ဦး၏ ပြောကြားချက်မှ ဖြစ်ပါသည်။**



# စောင်းတစ်လက်၏

## ဒုက္ခာရီ





www.burmeseclassic.com

www.burmeseclassic.com

## စောင်းတစ်လက်၏ ဒဏ္ဍာရီ

လမ်းဘေး စာအုပ်အဟောင်း ရောင်းဆိုင်၌ ပန်းချီစာအုပ်များ မွှေနှောက်ရှာဖွေရင်း 'ကြိုးပြတ်နေသော စောင်းအို' ပန်းချီကားအကြောင်းကို စာအုပ်ရောင်းသူနှင့် စကားစပ်မိကြပါသည်။ စာအုပ်ဟောင်း ဝယ်နေကျဖြစ်၍ စာအုပ်ရောင်းသူနှင့် ရင်းနှီးနေပါသည်။ သူက စောင်းကြိုးပြတ်သည့် ဖြစ်ရပ်ကို ဤသို့ပြောပါသည်။

ရှေးခေတ်က တရုတ်ပြည်မှာ စောင်းတီးအင်မတန်တော်သူနဲ့ စောင်းသံကို အင်မတန် နားထောင်ခံစားတတ်သူနှစ်ဦး ရှိတယ်တဲ့ဗျ။

တစ်ယောက်က တောတောင်တွေ အကြောင်း ဖွဲ့နွဲ့တဲ့ သီချင်းကို တီးရင် တစ်ယောက်က...

"အို...တောတန်းကလေးကို မြင်လာပြီ၊ တောင်တန်းတွေလဲ ပေါ်လာပြီ"နဲ့ ပြောရင်း လိုက်လိုက်လှဲလှဲ ခံစား နားထောင်တတ်တယ်။





တစ်ယောက်က မြစ်တွေ၊ စမ်းချောင်းတွေအကြောင်း ဖွဲ့နွဲ့တဲ့သီချင်းကိုတီးရင်–

"အို...ဟောဟိုသောင်စပ်မှာ လှိုင်းကလေးတွေ တဖျပ်ဖျပ် ခတ်နေကြပြီ၊ စမ်းရေစီးသံကလေးတွေ ကြားရပြီ"နဲ့ ပြောရင်း ကြည်ကြည်နူးနူး နားထောင်ခံစားတတ်တယ်တဲ့။

တစ်နေ့မှာ နားထောင်ခံစားတတ်သူဟာ အပြင်းဖျားပြီး ကွယ်လွန်သွားရှာတယ်။ သူလည်း ကွယ်လွန်ရော....

ကျန်ခဲ့တဲ့ စောင်းသမားဟာ သူ့စောင်းက စောင်းကြိုးတွေကို အကုန်ဖြတ်ပစ်လိုက်တယ်။ ဘယ်တော့မှလည်း စောင်းမတီးတော့ဘူး။ ဒီအဖြစ်အပျက်ကို မှတည်ပြီး စောင်းကြိုးကို ဖြတ်ခြင်းဟာ ရင်းနှီးကျွမ်းဝင်တဲ့ မိတ်ဆွေကောင်း၊ အဖော်ကောင်း အဖြစ်ရပ်တည်ခြင်းရဲ့ အမှတ်လက္ခဏာဖြစ်လာခဲ့တယ်တဲ့ဗျ။

စာအုပ်သည် ကျွန်တော့်မိတ်ဆွေက သူ့စကားကို ခဏ ရပ်ထားပြီးမှ...

"ကျွန်တော့်အသိ စောင်းသမား တစ်ယောက်ရှိတယ်။ သူက သူ့မိန်းမလဲသေရော သူ့စောင်းက ကြိုးတွေကို အကုန်ဖြတ်ပစ်လိုက်တယ်၊ စောင်းတီး သင်တန်းပေးတဲ့ အလုပ်ကိုလဲ မလုပ်တော့ဘူး"

စာအုပ်ဝယ်သူများက စာအုပ်ဈေးမေးသောကြောင့် ကျွန်တော့်မိတ်ဆွေ စာအုပ်သည်၏ စကားက အကြာကြီး ပြတ်နေပါသည်။ ပိုက်ဆံပြန်အမ်းရင်း အလုပ်ရှုပ်နေပြန်ပါသည်။

"စောင်းကြိုးတွေ ဖြတ်ပစ်လိုက်တယ်။ သင်တန်းတွေလဲ



www.burmeseclassic.com

www.burmeseclassic.com



ရပ်ပစ်လိုက်တယ်ဆိုတော့ သူ့အဖော်...အဲ သူ့ချစ်ဇနီးအတွက် တော်တော်စိတ်ထိခိုက်သွားတာ ဖြစ်မှာပေါ့ဗျာ၊ ခင်ဗျား ဇာတ်လမ်းထဲက စောင်းသမားကို သူကြားဖူးလား မသိဘူး"

ကျွန်တော်က ကျွန်တော့်မိတ်ဆွေ စာအုပ်သည်ကို စကားခေါ်သည့်အနေဖြင့် ထပ်ပြောကြည့်ပါသည်။ သူက စာအုပ်ဝယ်သူများနှင့် ပြောရင်းဆိုရင်း အလုပ်ရှုပ်သည်ထက် ရှုပ်နေပါသည်။ စာအုပ်ဝယ်သူများ ထွက်သွားသောအခါ ကျွန်တော်က

"ခင်ဗျား သူငယ်ချင်း စောင်းသမားရဲ့ဇနီး ကွယ်လွန်သွားတာ ဘယ်လောက်ကြာသွားပြီလဲဗျ" ဟုမေးရင်း စကားကို အတင်ပြန်ဆက်ပါသည်။

"တစ်နှစ်ကျော်ကျော်လောက်ရှိပြီ ထင်ပါရဲ့ဗျာ။ အင်း... အခုတော့ သူစောင်းကြိုးတွေ အသစ်အသစ်ပြန်တပ်နေပါတယ်"

"ဘယ်လိုဖြစ်တာလဲဗျာ"

"လွန်ခဲ့တဲ့ နှစ်လလောက်က သူက နောက်အိမ်ထောင်ပြုတယ်လေ။ ဒါပေမယ့် သူ့အလုပ်က မကောင်းဘူး။ သင်တန်းလဲ မပေးနိုင်တော့ဘူး၊ သူ့စောင်းကြိုးတွေလဲ ခဏခဏပြတ်ေတယ်၊ ခင်ဗျား နားရှုပ်ကုန်ပြီလား မသိဘူး၊ သူ့မိန်းမ ဒါကြီးတီးနေရုံနဲ့ မစားလောက်ဘူးဆိုပြီး သူ့စောင်းကြိုးတွေ ရိုက်ရိုက်ဖြတ်ပစ်လို့တဲ့ဗျ။ အဲဒါဖြတ်ပုံချင်းတွေတော့ မတူဘူးေလေဗျာ"

စာအုပ်သည် မိတ်ဆွေထံမှအပြန် စာအုပ်တွေနှင့်အ စောင်းကြိုးဖြတ်သံမျိုးစုံလည်း ပါလာလေသည်။



ကြည်ခေါ
မ်းပုံပြင်






www.burmeseclassic.com

www.burmeseclassic.com

## ကြယ်ကြွေညရဲ့ လွမ်းပုံပြင်

ဒီည…

ကြယ်ကြွေတာကို မြင်လိုက်မိသလိုပဲ…။

ငါလေ သူ့ကို ချစ်မြတ်နိုးလွန်းလို့ သူ့ခန္ဓာကိုယ်နေရာအနှံ့မှာ ငါ့နာမည်တွေ ရေးထိုးပေးခဲ့မိတယ်။ သူနဲ့တွေ့တိုင်းပဲပေါ့။ ငါ့စိတ်ဝေဒနာတွေထဲက ချစ်ခြင်းမေတ္တာကို အသုံးပြုပြီး ရေးထိုးထားတဲ့ ငါ့လက်မှတ်တွေ သူ့ခန္ဓာနေရာအနှံ့မှာ ရှိုင်းရှိုင်းနစ်နစ် ထင်နေတာကို ငါပဲမြင်နိုင်တာပေါ့။ သူဟာ လိမ္မာတယ်။ သူဟာ တတ်သိတယ်၊ သူဟာ သန့်စင်တယ်ဆိုတဲ့ ခံစားချက်နဲ့ သူဟာငါ့ရဲ့ ကိုယ်ပွားတစ်ခု ဖြစ်ခဲ့ပါတယ်။

အခု…သူ…

သူ့ခန္ဓာကိုယ်ကို 'ရွှေ'လို့ခေါ်တဲ့ သတ္တုပစ္စည်းတွေ 'စိန်'လို့ခေါ်ကြတဲ့ မီးသွေးအမျိုးအစားတွေ၊ အနီအစိမ်း ကျောက်ခဲ အမျိုးမျိုးတွေကို ပိုင်ဆိုင်တဲ့သူ့ထံမှာ ရောင်းစားပစ်လိုက်တယ်။





ဈေးပေါပေါနဲ့ သူ့ဘဝကို ရောင်းစားတယ်လို့ထင်တယ်။

ငါ့အမြင်မှာတော့ ရွှေတို့စိန်တို့ဆိုတဲ့ ပြောင်ပြောင်လက်လက် သတ္တုတွေ၊ ကျောက်ခဲတွေဟာ တန်ဖိုးရှိတယ်လို့ မမြင်ပါဘူး။ ငွေစက္ကူတွေနဲ့ တန်ဖိုးဖြတ်ကြည့်ရင်လဲ ငါလက်မှတ်ထိုးထားတဲ့ 'ကြယ်တွေစုံတဲ့ည'Starry Night ပန်းချီကားတစ်ချပ်က ရတဲ့ တန်ဖိုးကို မမှီပါဘူး။

သန့်စင်တဲ့ ငါ့စိတ်၊ ငါ့ဝေဒနာကနေ ငါ့ဘဝ ကိုယ်ပွားအဖြစ် ဖန်တီးထားတဲ့ ပန်းချီကားမှာ Vincent လို့ ရေးထိုးလိုက်ရင် ရွှေတွေ၊စိန်တွေထက် တန်ဖိုးရှိစမြဲပါ၊ တန်ဖိုးမဖြတ်နိုင်လောက်အောင်တောင် ငါ့လက်မှတ်နဲ့ ပန်းချီကားတွေဟာ တန်ဖိုးမြင့်ခဲ့ကြတယ်။*

အခု… သူ့ကိုဝယ်တဲ့သူက သူ့ခန္ဓာကိုယ်အပေါ်မှာ ပြောင်ပြောင်လက်လက်ပုံစံ အမျိုးမျိုးဖြစ်နေတဲ့ သတ္တုတွေ၊ ကျောက်ခဲတွေ တပ်ဆင်ပေးထားတယ်။ ချစ်ခြင်းတွေ၊ မြတ်နိုးခြင်းတွေနဲ့ ငါရေးထိုးပေးခဲ့တဲ့ ငါ့လက်မှတ် ကလေးတွေဟာ သူ့ကို ပိုင်တဲ့သူရဲ့ အိပ်ပွေ့အဖက် ဓာရမက်တွေ ကြားမှာ နွမ်းဝါးပျောက်ကွယ်ကုန်ကြပြီ။

ပြောင်ပြောင်လက်လက် သတ္တုတွေ၊ ကျောက်ခဲတွေဟာ သူ့တွေကို သာယာမှုပေးနိုင်တယ် ထင်ရပေမယ့်၊ ဒါတွေကြောင့်ပဲ သူတွေဟာ တစ်ဦးနဲ့တစ်ဦး လုကြယက်ကြ၊ သတ်ကြဖြတ်ကြ၊

* ၁၉၈၇ ခုနှစ်က ဗင်ဂိုး၏ 'အိုင်းရစ်ပန်း' ပန်းချီကားကို ဒေါ်လာ ၅၃ . ၉ သန်းဖြင့် ရောင်းချခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝမ်းကွဲကြ၊ ကြောင့်ကြစိုးရိမ်ရနဲ့ မငြိမ်းမချမ်းတွေ ဖြစ်ရတယ်။ ဒါပေမယ့် ငါ့ရဲ့ကြယ်တွေစုံတဲ့ည Starry Night ကတော့ လူတွေကို ငြိမ်းချမ်းစေတယ်။ လှလှပပ တွေးစေတယ်၊ ပြေပြေလွှင်လွှင် မြင်စေတယ်။ ရှေ့ကို လျှောက်တဲ့လမ်း မပျောက်စေဖို့ အမြဲပြညွှန်နေတယ်။ ငါလက်မှတ်ထိုးထားတဲ့ ငါ့စိတ် ငါ့ဝေဒနာက ဖြစ်ပေါ်လာတဲ့ ငါ့ရဲ့ကိုယ်ပွားငါ့ပန်းချီကားဟာ တန်ဖိုးမြင့်တယ်လို့ ငါယုံတယ်။ ငါ့စိတ်၊ ငါ့ဝေဒနာကလာတဲ့ မေတ္တာဟာလဲ တန်ဖိုးမဖြတ်နိုင်ဘူးလို့ ငါယုံတယ်။

ငါ့ပန်းချီကား ငါ့ကိုယ်ပွားဟာ အပေါစား ရောင်းကုန်ပစ္စည်း မဟုတ်ဘူး။ ။

(ဗင်ဂိုးကို တမ်းတခြင်း...မှ)





# အခြမ်းပျောက်လမ်း

www.burmeseclassic.com

www.burmeseclassic.com

## အခြမ်းပျောက်လမ်း

ကျွန်တော်က အခြမ်းပျောက်တဲ့လမ်းမှာ စမ်းတဝါး ဖြစ်နေသူပါဗျာ။ ရယ်ပါ။ ရယ်ကြပေါ့၊ ခင်ဗျားတို့က ရယ်နိုင်သူတွေကိုး။ ကျွန်တော်ပြောတဲ့ 'အခြမ်းပျောက်'... ဆိုတာ ခကွေးယပင့်နဲ့ 'ချမ်း'တာကို ပြောနေတာ မဟုတ်ဘူးဗျာ နော်။

ခကွေးယရစ်နဲ့ 'ခြမ်း'တာကို ပြောနေတာ။ ဟုတ်ပါတယ်။ ပြောပါမယ်။ ခင်ဗျားတို့က ကျွန်တော်ပြောရင် 'ဟား'ဖို့ပဲ စဉ်းစားနေသူတွေကိုးဗျ။ ကျွန်တော်က ဟိုဟိုးရှေးခေတ် ဂရိဒဏ္ဍာရီထဲက အဖြစ်အပျက်ကို အခြေခံပြီး ပြောနေတာ။

ခင်ဗျားတို့က ကျမ်းကိုးပါမှ ကြိုက်တဲ့လူတွေ။ ဒါပေမယ့် ကျမ်းကိုးနဲ့ပြောရင် ခင်ဗျားတို့က ဟားကြဦးမှာပဲ။ အင်္ဂလိပ်စကားမှာ Their Other Half ဆိုတဲ့ စကားရှိတယ်။ ကိုယ်ထက်ဝက်ဆိုတဲ့စကား ကြားဖူးတယ်ဟုတ် ...။

ဂရိဒဏ္ဍာရီရဲ့ အလိုသဘော အပြောက





ကမ္ဘာဦးလူဟာ မျက်နှာနှစ်ခု၊ လက်လေးခု၊ ခြေလေးချောင်းရှိတဲ့ သတ္တဝါဖြစ်တယ်တဲ့ဗျ။

အဲသည်လူရဲ့ ခန္ဓာကိုယ်က မတ်မတ်ရှိတယ်။ လုံးတယ်။ မျက်နှာတွေက အချင်းချင်းဆိုင်နေတယ်။ မျက်နှာချင်းဆိုင်ရှိတယ်ပေါ့ဗျာ။

လမ်းလျှောက်တဲ့အခါ လူဟာ မတ်မတ်လျှောက်ပေမယ့် ပြေးတဲ့အခါ လက်လေးခုကိုထောက်ထောက်ပြီး သစ်တုံးလိမ့်သလို ပြေးတယ်။

အဲသည်လူဟာဗျာ ခွန်အားကြီးသလောက် အလိုရမ္မက်လည်း ကြီးတယ်။ နတ်တွေနေတဲ့နေရာတက်ပြီး ထိုးစစ်ဆင်ဖို့လည်း ကြိုးစားတယ်။

အဲသည်လိုဆိုတော့...

နတ်တွေရဲ့ အကြီးအမှူးဖြစ်တဲ့ ဇု(Zeus)နတ်မင်းကြီးနဲ့ တခြားနတ်ဒေဝါတွေက လူကို ထိတ်လန့်ကြတယ်။ ကြောက်ကြတယ်။

ဒါနဲ့ နတ်သဘင်အစည်းအဝေးခေါ်ပြီး 'လူ'ကိစ္စကို ဆွေးနွေးပွဲ ကျင်းပကြတယ်။ အဲသည် အစည်းအဝေးမှာ နတ်အများအပြားက ဘယ်လိုအကြံပြုသလဲဆိုတော့ လူ သတ္တဝါတွေကို နတ်လက်နက်နဲ့ ပစ်သတ်ဖြိုခွင်းမယ်လို့ အကြံပြုကြတယ်။ တချို့ကတော့လည်း ဟာ... ဘယ်သတ်ပစ်လို့ ဖြစ်မှာလဲ။ လူတွေကို အကုန်သတ်ပစ်လိုက်ရင် နတ်ဒေဝါတို့ကို ပူဇော်ပသမည့်သူများ မရှိကြတော့တဲ့အဖြစ်ကို



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားနိုင်တယ်။ ဒါကြောင့် အကုန်ပစ်သတ် ဖြို့ခွင်းလို့တော့ မဖြစ်သေးဘူးလို့ဆိုတော့...

ဇု(Zeus)နတ်မင်းကြီးနဲ့တကွ နတ်တွေက အပြန်ပြန် အလှန်လှန် တိုင်ပင်ဆွေးနွေးကြပြန်တယ်။ နောက်ဆုံးမှာ ဇုနတ်မင်းကြီးက ဘာပြောသလဲဆိုတော့...

နတ်အပေါင်းတို့ ငါတို့သည် လူသတ္တဝါတွေကို သတ်ဖို့ မလို။ လူကိုအားနည်းအောင် ပြုလုပ်နိုင်လျှင် ငါတို့ကို အနှောင့် အယှက် ပေးနိုင်ကြမည်မဟုတ်။ လူကို အားနည်းသွားအောင် မည်သို့ ပြုလုပ်ရမည်နည်းဆိုလျှင်...

ခြေလေးချောင်း၊ မျက်နှာနှစ်ခု၊ လက်လေးချောင်း ရှိနေသော လူ၏ခန္ဓာကိုယ်ကို ထက်ခြမ်း ခွဲလိုက်ရန်သာဖြစ်သည်။

ထိုသို့ပြုလျှင် လူသတ္တဝါတွေလည်း မပျက်မစီးဖြစ်မည်။ ငါတို့လည်းအေးချမ်းမည်။ ထိုမျှသာမကသေး လူဦးရေလည်း တိုးလာနိုင်မည်ဖြစ်သောကြောင့် ငါတို့သည် ယခင်ကထက်ပင်ပို၍ အပူဇော်အပသကို ခံကြရလိမ့်မည်။

လူသတ္တဝါတို့သည် ယခင်က ခြေလေးချောင်းထောက်၍ လမ်းလျှောက်နိုင်လျှင် ယခုအခါတွင် ခြေနှစ်ချောင်းသာထောက်၍ လမ်းလျှောက်စေရမည်။

နတ်မင်းကြီး ဇု(Zeus)က အဲသည်လို ပြောဆို မိန့်မြွက်ပြီးတော့ လူသတ္တဝါတွေရဲ့ ခန္ဓာကိုယ်ကို ထက်ခြမ်းခွဲ လိုက်တယ်။ ခွဲပစ်လိုက်တော့ လူဟာအခုလို ခြေနှစ်ချောင်း၊ လက်နှစ်ချောင်း၊ မျက်နှာတစ်ခုနဲ့ လူဖြစ်လာတာ...။





လူတွေကို ထက်ခြမ်း ခွဲလိုက်တော့ လူတွေလည်း များသွားမှာပေါ့ဗျာ။

လူဟာ သူ့ဘဝ သူ့ခန္ဓာကိုယ်က အခွဲခံလိုက်ရတဲ့ အခြမ်းကို သိပ်တွေ့ချင်တယ်။ တွေ့ဖို့ သိပ်တောင့်တတယ်။ ဒါကြောင့် သူ့ကိုယ်က အခွဲခံလိုက်ရတဲ့အခြမ်းကို အမြဲလိုက်လံရှာဖွေနေတယ်။ ဟုတ်မှာပေါ့၊ အခွဲခံလိုက်ရတဲ့အခြမ်းကလည်း သူ့ဆီကအခွဲခံရတဲ့အခြမ်းကို ပြန်ပြီး တွေ့ချင်၊ ဆုံချင် မြင်ချင်မှာပေါ့။ သည်တော့ တစ်ဖက်က အခြမ်းကလည်း သူ့ဆီကအခွဲခံရတဲ့ အခြမ်းကို တွေ့အောင်ရှာနေမှာပါပဲ။ အမြဲရှာနေမှာပါပဲ။

ရှာလို့ တွေ့ကြတဲ့အခါမှာ တစ်ခြမ်းက အခြားတစ်ခြမ်းကို မခွဲနိုင်မခွာရက် ပွေ့ဖက်ထားကြတယ်။ ချစ်ခြင်းမေတ္တာဆိုတာ ပွေ့ဖက်ခြင်းလို့ ဆိုရမလားပဲ။

ကျွန်တော်လည်း ကျွန်တော့်အခြမ်းကို လိုက်လံရှာဖွေခဲ့တာပေါ့ဗျာ။ ဒါပေမယ့်... ဝမ်းနည်းဖို့ကောင်းတာက အခြမ်းများကိုချည်း တွေ့ခဲ့ရတယ်။ ကိုယ့်အခြမ်းလို့ပဲ ထင်မိလိုက်ယုံစားလိုက်ဖြစ်ပြီး ခဏကြာတော့ မဟုတ်မှန်း သိလာလိုက်နဲ့ စိတ်ညစ်ပါတယ်။

ပြောရဦးမယ်။

အခြမ်းတစ်ခြမ်းကို ကိုယ့်အခြမ်းပဲလို့ ထင်ခဲ့တဲ့အဖြစ်ကိုပေါ့ဗျာ။

သူက ကျွန်တော့်ကို မခွဲနိုင်ဘူးတဲ့ဗျ။ မခွဲနိုင်ပါဘူးတဲ့။ ခဏခဏပြောတယ်။ ကျွန်တော်ကလည်း ကျွန်တော့်ကိုယ်ပွား၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရဲ့အခြမ်း၊ ပျောက်နေတဲ့ဘ၀တစ်ခြမ်းကို ပြန်တွေ့ရတယ်ဆိုတဲ့ အစွဲအလမ်းနဲ့ သိပ်ချစ်တာပေါ့။ သိပ်သိပ်ကို ချစ်ရတာပေါ့။ သူ့ခန္ဓာကိုယ်အနံ့မှာ ကျွန်တော့်လက်မှတ်တွေ ထိုးထားမိခဲ့တယ်။ ကျွန်တော့်ရဲ့ မူပိုင်စစ်စစ်အခြမ်း အဖြစ်နဲ့ပေါ့။

သူ့ကို 'ချစ်ရဲ့လား'လို့မေးတိုင်း သူ့ဦးခေါင်းလေး ညိတ်တယ်။ သဘောကတော့ 'ချစ်တယ်'ပေါ့။ 'နည်းနည်းလား၊ အများကြီးလား' ဆိုတော့လည်း 'အများကြီး ချစ်တာပေါ့'တဲ့။

တစ်ခါတစ်ခါတော့လည်း သိပ်ချစ်ရင် သိပ်သံသယဖြစ်တတ်တယ်မဟုတ်လား။ ဒါနဲ့ကျွန်တော်က သူ့ကို ကျွန်တော့်အခြမ်း အစစ်မဟုတ်ရဲ့လားဆိုတဲ့ သံသယနဲ့ 'မင်း...ဘယ်သူ့ဥစ္စာလဲ'လို့ မေးမိတယ်။ ခဏခဏမေးမိတယ်။ မကြာမကြာလဲ မေးမိတယ်။ မေးတိုင်းသူက သူ့မေးကလေး ကျွန်တော့်ဆီထိုးပြီး '... ဥစ္စာပေါ့' တဲ့။ ကျွန်တော့်အခြမ်း အစစ်ပါပဲလို့ အတည်ပြုတဲ့သဘောပေါ့။

အခုတော့ ကျွန်တော် ဇနတ်မင်းကြီးကိုပဲ အပြစ်တင်ရမလား။ အခြမ်းရှာမှားတဲ့ ကိုယ့်ကိုကိုယ်ပဲအပြစ်တင်ရမလား မသိတော့ဘူး။ မရယ်ပါနဲ့ဗျာ။ ရယ်မပစ်ပါနဲ့ဦး။ ဇနတ်မင်းကြီး ခွဲဖြတ်ပစ်လိုက်တုန်းကထက် အခု...သူကိုယ်တိုင်က ကျွန်တော့်ဆီက ခွဲဖြတ်သွားတာ ပိုပြီးနာကျင်ရတယ်ဗျာ။ ရက်စက်လွန်းတယ်။ ခံရတဲ့ ဝေဒနာကလည်း ပြင်းထန်လွန်းတယ် ခါးသည်းလွန်းတယ်။ ကျွန်တော်ဟာ သူ့အခြမ်း မဟုတ်ဘူးတဲ့ ဗျာ။ သူရှာနေတဲ့အခြမ်း မဟုတ်တော့ဘူးတဲ့။ အကြောင်းပြချက်





မျိုးစုံကိုပြပြီး ကျွန်တော့်ဆီက ခွဲထွက်သွားတယ်။

ပြောပြီကောဗျာ၊ မရယ်ပစ်ပါနဲ့လို့။

အခု သူ...သူများရဲ့အခြမ်းဖြစ်နေပြီဗျ။ ကျွန်တော်ကတော့ သူဟာ ကျွန်တော့်ရဲ့ မူပိုင်အခြမ်း။ အစစ်အမှန်အခြမ်း။ ကျွန်တော့်အခြမ်း... သည်လိုထင်နေဆဲပဲဗျာ။

ဒါပေမယ့် ကျွန်တော်ဘာတတ်နိုင်မှာလဲ။ အခုတော့ ကျွန်တော်က အခြမ်းပျောက်တဲ့လမ်းမှာ စမ်းတဝါးဝါးနဲ့ပါ။ လျှောက်လှမ်းနေတဲ့လမ်းမှာ မပြည့်စုံတဲ့အခြမ်းပဲ့ဘ၀ဆိုတော့ အင်တွေအားတွေလည်း မရှိဘူးပေါ့ဗျာ။ ကျွန်တော်ကတော့ ကျွန်တော့်ရဲ့ တကယ့်အစစ်အမှန်အခြမ်းလို့ထင်တာ။ ထင်ကို ထင်နေတာ။ ယုံကို ယုံနေမိတာ။ နောက်နောက်အခြမ်းတွေ၊ တစ်ခြားအခြမ်းတွေက ကျွန်တော်မယုံတဲ့ အခြမ်းတွေ ကျွန်တော် ချစ်လို့မရနိုင်တဲ့ အခြမ်းတွေပါ။

အေးဗျာ...၊ ဇနတ်မင်းကြီး ကြားနိုင်တယ်ဆိုရင်တော့ ကျွန်တော်က အော်ပြောလိုက်ချင်တယ်။ 'နတ်မင်းကြီးရယ်၊ ကျွန်တော့်ကို ခွဲခြမ်းစိတ်ဖြာလိုက်တုန်းက အကယ်ဆို သူ့ကိုယ်မှာ သိသာတဲ့အမှတ်အသားကလေးတစ်ခုခုတော့ ရေးမှတ်ပေးလိုက်ပါလားလို့၊ လက်မှတ်လေးတစ်ချက်တော့ ထိုးပေးလိုက်ပါလားလို့၊ ခုတော့ ရက်စက်လွန်းတယ်ဗျာ'လို့ အော်အော်ပြီး ပြောလိုက်ချင်တယ်။

ကဲ...သွားမယ်။ နှုတ်ဆက်ပါတယ်။ ကျွန်တော် ကြားနိုင်တဲ့နေရာလောက်ရောက်အောင်မှ ခင်ဗျားတို့ရယ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



အားရအောင်ရယ်ကြပါဗျာ။

▲ ▲ ▲

အခြမ်းပျောက်သော အထက်ပါပုဂ္ဂိုလ် ထွက်ခွာသွားသော အခါ သူတို့က ပလေတို ရေးသားပြုစုသည့် Symposium ၌လာရှိသော မေတ္တာသဘောကို အလေးအနက် ဆွေးနွေးကြ သည်ဟု ဆိုပါသည်။ အကြိတ်အနယ် ဆွေးနွေးကြပြီးနောက် 'မေတ္တာ'သည် ပလေတို၏ Symposium စာအုပ်ထဲ၌သာ စကားလုံးများအဖြစ် ရှိနေကြောင်း သူတို့အားလုံး သဘောတူ ဆုံးဖြတ်ချက်ချကြသည်ဟု ဆိုပါသည်။ ။





# ဇာတ်သိမ်းခန်းမှအပြန်

www.burmeseclassic.com

www.burmeseclassic.com

## ဇာတ်သိမ်းခန်းမှအပြန်

(၁)

ထိုနေ့က…

မိတ်ဆွေတစ်ဦး၏ ဇနီးဖြစ်သူ ကွယ်လွန်၍ ထိုမိတ်ဆွေ၏ မိတ်ဆွေအပေါင်းအသင်းများဖြစ်ကြသော ကျွန်တော်တို့က အသုဘပို့ဆောင်ကြပါသည်။

ဇနီးသည်က ထားချန်ခဲ့ခွာသွား၍ ကျန်ရစ်ခဲ့သူအား ကျွန်တော်တို့က အားပေးနှစ်သိမ့်စကားများ ပြောကြပါသည်။ “ကျွန်တော်ပါ တစ်ခါတည်း ဘဝဇာတ်သိမ်းသွားရင် အကောင်းဆုံးပါပဲဗျာ”ဟု သူက မချိတင်ကဲ ဆိုနေရှာပါသည်။

(၂)

အပြန်တွင် ကျွန်တော်တို့အထဲမှ မိတ်ဆွေတစ်ဦးက “အခုတော့ ကျုပ်တို့က ဘဝဇာတ်သိမ်းခန်းတစ်ခုကိုကြည့်ပြီး ပြန်လာတဲ့သူတွေအဖြစ် ကပြနေသူတွေပေါ့”ဟု ဆိုပါသည်။

သူ့စကားကို ကျွန်တော်တို့က ဘာမှတုံ့ပြန်ခြင်းမပြု





ငြိမ်၍ နားထောင်နေကြပါသည်။ သူကဆက်၍ဆိုပါသည်။

“တစ်ခါတုန်းက…တောမီးလောင်လို့ ရှဉ့်ဖိုနဲ့ရှဉ့်မလေးဟာ ထွက်ပြေးကြ တယ်တဲ့ဗျ။ ပြေးရင်းပြေးရင်းနဲ့ ပင်လယ်ကမ်းခြေနား ရောက်သွားကြတယ်။ မီးဘေးက လွတ်သွားကြပေမယ့် ဆာလောင် မွတ်သိပ်တဲ့ အရေးကိုတော့ မရှောင်နိုင်တော့ အစာရှာကြရတယ်။ အစာရှာရင်း ကံမကောင်းအကြောင်း မလှတော့ ရှဉ့်မလေးဟာ ပင်လယ်ရေထဲ ကျသွားတယ်။မီးဘေး ဆာလောင်မွတ်သိပ်တဲ့ဘေးတွေအပြင်ရှဉ့်မကလေးခမျာ သေဘေး ကိုပါ ရင်ဆိုင်ရတာဖြစ်မှာ ပေါ့ဗျာ။ ရှဉ့်ဖိုကလေးဟာ ရှဉ့်မကလေး ပင်လယ်ထဲ ကျသွားမှန်းလည်းသိရော၊ တစ်ခါတည်း ပင်လယ်ထဲဆင်း၊ သူ့အမြီးကို ပင်လယ်ရေထဲနှစ်၊ ကုန်းပေါ် ပြန်တက်၊ အမြီးက ရေကိုခါ၊ ပြီးတော့ ပင်လယ်ရေထဲဆင်း၊ အမြီးကို ရေထဲနှစ်၊ ကုန်းပေါ်ပြေးတက်၊ အမြီးကရေကိုခါ၊ ပင်လယ်ရေထဲပြေးဆင်း၊ အမြီးကိုရေထဲနှစ်၊ ကုန်းပေါ်ပြေးတက်၊ အမြီးက ရေကိုခါနဲ့ အသက်မက ချစ်ရတဲ့ သူ့ချစ်သူရှဉ့်မကလေးကို ပင်လယ်ရေခန်းသည်အထိ ခါထုတ်ခပ်ထုတ်ပြီး ကယ်မယ်ဆိုတဲ့ ချစ်ဇောအဟုန်နဲ့ အားသွန်ပြီး ကြိုးစားနေတဲ့ ရှဉ့်ဖိုကလေးရဲ့ သ္ပပ်ရပ်ကို ကြည့်ပါဦး။ ချစ်ခြင်းကြောင့် ရှဉ့်မကလေးကို ချစ်တဲ့အချစ်ကြောင့် ပင်လယ်ရေခန်းအောင် ခါထုတ်၊ ခပ်ထုတ် နေတဲ့ ရှဉ့်ဖိုကလေးရဲ့ အဖြစ်ကိုဗျာ အချစ်ရဲ့စွမ်းအင်ဟာ ကြီးမားလှပါတယ်။

“အဲဒီရှဉ့်ကလေး ပင်လယ်ရေခန်းအောင် ခါထုတ်



www.burmeseclassic.com

www.burmeseclassic.com



ခပ်ထုတ်နေတာကို ပင်လယ်ကမ်းစောင့်နတ်က မြင်နေတယ်။ အဲဒီနတ်ဟာ ရှဉ့်ဖိုကလေးရဲ့ လုပ်ရပ်ကိုကြည့်ပြီး သနားနေတယ်။ ဒါနဲ့ ရှဉ့်မကလေးရဲ့အဖြစ်ကို ကြည့်လိုက်တော့ ရှဉ့်မကလေးဟာ ရေနစ်ပြီးသေသွားပြီ၊ သေပြီးတဲ့နောက် အဲဒီရှဉ့်မလေးဟာ ပင်လယ်ရေစောင့်နတ်ရဲ့ မိဖုရားတစ်ပါးဖြစ်နေတာကို မြင်ရတယ်တဲ့ဗျ။ ဒီအဖြစ်တွေကို သိမြင်နေတဲ့ ကမ်းစောင့်နတ်က ရှဉ့်ကလေးကို ရှဉ့်ကလေး... သင်ဟာ ပင်လယ်ရေကို ခပ်ထုတ်နေတာဟာ အချည်းအနှီးပဲ၊ သင့်ချစ်သူ ရှဉ့်မကလေးဟာ သေဆုံးသွားပြီ၊ သေပြီးလို့ အခု ပင်လယ်စောင့် နတ်ရဲ့ မိဖုရားဖြစ်နေပြီ၊ သင်ကြည့်ချင်ရင် ဟော ဟိုမှာကြည့် ဆိုပြီး နတ်တန်ခိုးနဲ့ ပြလိုက်တယ်တဲ့။ ရှဉ့်ဖိုကလေးဟာ လှမ်းလဲကြည့်လိုက်ရော သူ့ချစ်သူရှဉ့်မလေးဟာ ပင်လယ်စောင့် နတ်ရဲ့ဘေးမှာ မိဖုရားအဖြစ်နဲ့ အင်မတန်ကျေနပ် ကြည်နူးပျော်ရွှင်နေတာကို မြင်ရတယ်တဲ့ဗျ။ ဒီလိုလဲမြင်လိုက်ရော ရှဉ့်ဖိုကလေးဟာ ပင်လယ်ကမ်းက သဲတွေကို မနားမနေ ပင်လယ်ထဲကိုသယ်ပြီး ထည့်တော့တာပါပဲတဲ့ဗျာ။ သူ့သဘောက သူ့ကိုမေ့ပျောက်ပြီး ပင်လယ်နတ်နဲ့ ဒါလောက် တောင် ပျော်နေရလား၊ နင်တို့ပျော်ဖို့ နင်တို့နေဖို့ ဘုံပျောက်အောင် ပင်လယ်ရေ တွေနေရာမှာ သဲတွေရောက်စေရမယ် ဒါမှနင်တို့အတွက် ပျော်ရွှင်အကြည်စိုက်စရာ နေရာမရှိဖြစ်သွား မှာ... ဆိုတဲ့ သဘောနဲ့ ခုလို သဲတွေကို ပင်လယ်ထဲ မနေမနား ထည့်နေတာနဲ့ တူပါတယ် ဗျာ၊ အမုန်းဒေါသရဲ့ စွမ်းအင်ဟာလဲ ကြီးပါပေတယ်၊ ကြီးလှပါ ပေတယ်ဗျာ”





ထို့နောက် မိတ်ဆွေက အောက်ပါစာပိုဒ်ကို ရွတ်ဆိုပါသည်။

“ချစ်သောသူကို မမြင်ရခြင်း၊ ကွေကွင်းရခြင်းသည် ဆင်းရဲ၏။ မုန်းသောသူကို မြင်ရခြင်း၊ ကြုံတွေ့ဆက်ဆံရခြင်းသည် ဆင်းရဲ၏။ ချစ်ခြင်း၊ မုန်းခြင်းမရှိသောသူ၌ အနှောင်အဖွဲ့တို့ မရှိကုန်၊ ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်းတို့ မရှိကုန်”


အထက်ပါ အကြောင်းအရာတို့ကို ပြောဆိုပြီးဆုံးသော အခါ မိတ်ဆွေဖြစ်သူက ကျွန်တော်တို့ကို နှုတ်ဆက်၍ ထွက်ခွာသွားပါသည်။

သူထွက်ခွာသွားသောအခါမှ ပင်လယ်ရေ ပျောက်ကွယ်ရေးအတွက် ရှဉ့်ဖိုကလေးက မည်ကဲ့သို့ ဆက်လက်လုပ်ဆောင်နေကြောင်း၊ ကမ်းစောင့်နတ်၏ အခြေအနေက မည်သို့ ရှိကြောင်းတို့ကို မမေးဖြစ်လိုက်မှန်း သတိရပါသည်။ ။



www.burmeseclassic.com

www.burmeseclassic.com



ကြိုးရှုပ်နေသူများ



# ကြိုးရှုပ်နေသူများ

ကျွန်တော်တို့ စကားဝိုင်းတွင် သူက ငေးငေးငိုင်ငိုင် သုန်သုန်မှုန်မှုန် ဖြစ်နေပါသည်။ ခဏကြာမှ သူနှင့် သူ့ဇနီးသည် အိမ်ရှင်မတို့ မပြေမလည်ဖြစ်လာခဲ့ကြောင်း သိရပါသည်။ သူက သူ၏ဇနီးသည် ငွေမက်ပုံများအကြောင်း၊ သူလို စာသမားတစ်ဦးအတွက် ငွေရှာဖွေရေး၌ မည်ကဲ့သို့သော အခက်အခဲများ ရှိကြောင်းကို ပြောဆိုပြီးတွားပါသည်။ ထို့နောက် သူက

"ဖရက်ဒရစ်နိရှေးပြောတာ ဟုတ်တယ်ဗျ၊ ထာဝရဘုရားရဲ့ ပထမအမှားက လူကိုဖန်ဆင်းလိုက်ခြင်းပဲ၊ လူဖြစ်လာရတာ ကောင်းကိုမကောင်းပါဘူးဗျာ"

သူက ထာဝရဘုရားကို အပြစ်တင်စကားပြောရင်း ဘဝဒုက္ခများကို ထပ်ဆင့်ပြီးတွားသည်။ ထို့နောက်သူက ဆက်၍

"ထာဝရဘုရားရဲ့ ဒုတိယအမှားက မိန်းမကို ဖန်ဆင်းလိုက်ခြင်းပဲဗျ၊ အဲဒီမိန်းမကြောင့် မိန်းမတွေကြောင့်ပေါ့ဗျာ၊ ကျုပ်တို့ယောကျ်ားတွေ ဒုက္ခရောက်လိုက်ကြတာ ပြောမဆုံး



www.burmeseclassic.com

www.burmeseclassic.com



အောင်ဘဲ၊ တကယ်တော့ မိန်းမဆိုတာ ချောက်ကမ်းပါးပြတ်ကြီးနဲ့ တူတယ်ဆိုတာ ဟုတ်တယ်ဗျ၊ အဲဒီမိန်းမဆိုတဲ့ ချောက်ကြီးထဲကျ သွားပြီဆိုရင် ပြန်တက်နိုင်ဖို့ဆိုတာ မလွယ်ဘူး၊ မလွယ်တော့ဘူး"

သူ၏ ဘယ်ဘက်နံဘေးတွင် ထိုင်နေသူ မိတ်ဆွေက သူ၏စကားကို ထောက်ခံသည့်အနေဖြင့် ဦးခေါင်းတညိတ်ညိတ် လုပ်နေသည်။ ထိုသို့ ဦးခေါင်းညိတ်ရင်းမှ မိန်းမဆိုသည်မှာ ယောကျ်ားတည်းဟူသော ဝါဝမ်းကို လွှင့်မှုတ်လိုက်သည့် လေနှင့် တူကြောင်း၊ လေဖြင့် မှုတ်လွှင့်လိုက်ပါက ဝါဝမ်းသည် ရပ်တည် ရာမရ လွင့်ပါသွားသကဲ့သို့ ယောကျ်ားဖြစ်သူမှာလည်း ရပ်တည် ရာမရနိုင်ဘဲ ဒုက္ခတွေနှင့် ကြုံတွေ့ရကြောင်း၊ မိန်းမဆိုသည်မှာ သခင်နှင့်တူ၍ လင်ယောကျ်ားမှာမူ ကျွန်နှင့်တူကြောင်း၊ မိန်းမ အလိုကျ၊ ထိုမိန်းမက မွေးပေးသော သားသမီးများအလိုကျ လုပ်ကိုင်ဆောင်ရွက်နေရသည့် ကျွန်အကြီးစားကြီးနှင့် တူကြောင်း ပြောရင်း နှစ်ဦးသား စကားအပေးအယူ တည့်နေကြပါသည်။ မဃဒေဝလင်္ကာသစ်ကို ရွတ်ရင်း "မိန်းမတို့ အပြစ် သဘော ညစ်ကို တစ်တောင်လောက်ရှည်တဲ့လျှာနဲ့ ဘာအလုပ်မှ မလုပ်ဘ နေ့ရောညပါ မရပ်မနားပြောပေမယ့် ပြောလို့ မဆုံးနိုင်အော ပါပဲလား"ဟုလည်း ငြီးတွားကြပြန်ပါသည်။ ရှိပင်ဟောင် ဆိုသော တွေးခေါ်ပညာရှင်က မင်္ဂလာလက်ဖွဲ့စရာ ကြုံလာလျှ ကြိမ်လုံးနှင့်ကြိုးကို လက်ဖွဲ့တတ်ကြောင်း၊ ထိုသို့ လက်ဖွဲ့ခြင်း သဘောမှာ မိန်းမက သခင်အဖြစ်နှင့် မိမိကို ကျွန်သဖွ မဆက်ဆံရဲအောင် အိမ်ထောင်ကျကတည်းက ကြိုကြိုထင်ဘ



"မိန်းမနှင့်နွား မသနားနဲ့"စကားအတိုင်း မိန်းမကို ကြိုးတုပ်၍ ကြိမ်နှင့် ရိုက်ပေးဖို့ရန်ဖြစ်ကြောင်း ပြော နေပြန်ပါသည်။

သူတို့နှစ်ဦး၏ ရှေ့တည့်တည့်တွင် ထိုင်နေသော မိတ်ဆွေက လှုပ်လှုပ်ရှားရှား ဖြစ်လာပြီးနောက်

"ခင်ဗျားတို့ကို နွားကြီးနှစ်ကောင်အကြောင်း ပြောချင်တယ်ဗျ၊ နွားအဖြူနဲ့ နွားအနက်ကို နဖါးကြိုးချင်း ချည်နှောင်ထားတယ်တဲ့ဗျ၊ ဒီလိုချည်ထားတော့ နွားဖြူကြီးသွားမယ်ကြံတော့လည်း နွားနက်ကြီးက ကန့်လန့်ကန့်လန့် ပါနေတယ်။ နွားနက်ကြီး သွားမယ်လုပ်တော့လည်း နွားဖြူကြီးက ကန့်လန့်ကန့်လန့် ပါနေတယ်။ ဒီအခါမှာ နွားဖြူကလည်း နွားနက်ကြောင့်၊ နွားနက်ကလည်း နွားဖြူကြောင့် လွတ်လွတ်လပ်လပ် မသွားလာ မလှုပ်ရှားရဘူး ဖြစ်နေတယ်လို့ အပြစ်တင်စရာတွေ ဖြစ်နေတာပေါ့။ တကယ်တော့ ဘယ်သူ့အပြစ်မှ မဟုတ်ပါဘူးဗျာ။ အလယ်က နဖါးကြိုးကြောင့်ပါ။ အဲဒီလိုပဲဗျ၊ ခင်ဗျားတို့ကလည်း မိန်းမတွေမကောင်းကြောင်း၊ မိန်းမတွေရဲ့ အပြစ်ကို ပြောသလို မိန်းမတွေကလည်း ယောကျ်ားတွေရဲ့ မကောင်းကြောင်း၊ ယောကျ်ားတွေရဲ့အပြစ်ကို ပြောနေမှာပဲ။ တကယ်တော့ ဘယ်သူ့အပြစ်မှ မဟုတ်ပါဘူး။ မိန်းမနဲ့ယောကျ်ား ကြားမှာ ချည်နှောင်ထားတဲ့ တဏှာရာဂဆိုတဲ့ သံယောဇဉ်ကြိုးရဲ့ အပြစ်ပါ။ တကယ်တော့ အပြစ်ပြောချင်ရင် အဲဒီကြိုးရဲ့အပြစ်ကိုပြောပေါ့။ လူတွေဟာ ယူရမယ့်တာဝန်ကို မယူရဲတာ၊ ဖြေရှင်းရမယ့် ပြဿနာကို မဖြေရှင်းရဲတာနဲ့ ဟိုလူ့အပြစ်ကိုပြော



www.burmeseclassic.com

www.burmeseclassic.com



ဒီလူ့အပြစ်ကိုပြောနဲ့ လုပ်နေကြတာပါ။ ဟုတ်တယ် မဟုတ်လား”

ဘယ်သူကမှ ဘာမျှပြန်မဖြေဘဲ ဆိတ်ငြိမ်နေကြသည်။ မိန်းမအပြစ်ပြောရင်း သုန်မှုန်နေသော မိတ်ဆွေ၏မျက်နှာကပို၍ သုန်မှုန်နေသည်ဟုထင်ပါသည်။ ခဏကြာသောအခါ သူက ကျွန်တော်တို့ကို နှုတ်ဆက်၍ သုန်သုန်မှုန်မှုန်ဖြင့်ပင် ထွက်ခွာသွားပါသည်။

ကြိုးတွေပို၍ ရှုတ်ထွေးသွားဟန်ဖြင့် လျှောက်သွားနေသော သူ့ကို ကျွန်တော်တို့ ငေးမျှော်ကြည့်နေကြပါသည်။ ။







www.burmeseclassic.com

www.burmeseclassic.com

## သီရိခေတ္တရာမြို့ဟောင်းမှ တူးဖော်ရရှိသော အသိအမြင်ရတနာမှတ်တမ်း

ပြည်မှထွက်လာသော ညအမြန်ရထားသည် မကြာမီ ခေတ္တရာမြို့သစ်ကို ဖြတ်ပါသည်။ သူက ပြောလက်စ စကားကို ရပ်၍ ရထား ပြတင်းတံခါးမှ အပြင်ကိုကြည့်သည်။ ကျွန်တော်ကလည်း သူကြည့်ရာသို့လိုက်၍ ကြည့်မိသည်။

ခေတ္တရာမြို့တွင်းလမ်းမှ ငိုက်မျဉ်းနေပုံရသည့် လမ်းမီးတိုင်များကြားတွင် နှင်းမှုန်များက ဝေ့ဝဲရွေ့လျားနေကြသည်။

"မှော်ဇာက ဒီကနေ သိပ်မဝေးတော့ဘူး"ဟု သူက ဆိုသည်။

ထို့နောက် သီရိခေတ္တရာမြို့ဟောင်း တူးဖော်ချက်များအကြောင်း သူနှင့်ကျွန်တော် စကားစပ်မိကြသည်။ တူးဖော်ရရှိသည့် ရွှေပေလွှာများအပေါ်မှ စာလုံးများအကြောင်း၊ ဘုရားဆင်းတုတော်တို့၏ ပလ္လင်များ၌ ရေးထွင်းထားသော စာတန်းများအကြောင်း ကျောက်ချပ်များအပေါ် ရေးထိုးထားသော ပျူစာများအကြောင်းကို သူက တခမ်းတနား ပြောပြနေသည်။ သူ





ဆက်၍...

"ရွှေပေလွှာမှာ၊ ကျောက်ချပ်ပေါ်မှာ ရေးထိုးထားတဲ့ စာလုံးတွေကို တန်ဖိုးရှိမှန်း ကျုပ်လည်း မသိခဲ့ပါဘူး၊ ရှေးဟောင်းသုတေသန ပညာရှင်တွေက ဟိုလိုတူး၊ ဒီလိုတူးဆိုပြီး ညွှန်ပြတဲ့အတိုင်း တူးဖော်နေကြသူ တော်တော်များများဟာ တူးရင်းတူးရင်း ရွှေလက်ကောက်တွေ ထွက်လာမလား၊ ရွှေနားတောင်းတွေ ပေါ်လာမလား၊ ရွှေဓွန်း ရွှေပြားတွေ မြင်ရတော့မလား...ဆိုတဲ့ မျှော်လင့်ချက်တွေနဲ့ တူးနေကြတာ၊ အဲဒါတွေကို တွေ့မြင်ဖို့ပဲ စိတ်ဝင်စားနေကြတာ၊ ရွှေပေလွှာပေါ်က ကျောက်ချပ်ပေါ်က စာလုံးတွေ၊ စာကြောင်းတွေကို စိတ်ဝင်စားကြတာ မဟုတ်ပါဘူး။ ဒါကိုပြောရင်းနဲ့ ရာဘင်ဒြာနတ်တဂိုးရဲ့ ကဗျာထဲက စာကြောင်းတစ်ချို့ကို အမှတ်ရတယ်ဗျ၊ အဲဒီကဗျာထဲမှာ သားငယ်ကလေးက သူ့ဖခင်စာရေးဆရာ ရေးထားတဲ့ စာလုံးတွေကို ဘာမှနားလည်းမလည်၊ ဘာတန်ဖိုးရှိမှန်းမှလည်း မသိတဲ့အဖြစ်ကို ရေးဖွဲ့ထားတာ...၊ သားငယ်ကလေးကလည်း သူ့အမေကို သူ့အဖေအကြောင်း ပြောနေတယ်။

"အဖေဟာ စာအုပ်လုပ်တန်း ကစားရင်း အချိန်ကုန်နေတယ်တဲ့၊ အဖေ့အခန်းထဲဝင်ပြီး ကျွန်တော်ဆော့ကစားရင် အမေကသားကို ဆူတော့တာပဲ၊ အဖေ့မင်တံကိုယူပြီး စာရွက်ပေါ်မှာ အဖေလုပ်သလို စာလုံးမည်းမည်းတွေ ရေးခြစ်ရင် အမေက သားကို စိတ်ဆိုးတယ်၊ အဖေ ရေးခြစ်နေတာကိုတော့ ဘာမှမပြောဘူး၊ သားက လှေကလေးလုပ်ချင်လို့ အဖေ့



www.burmeseclassic.com

www.burmeseclassic.com



စာရွက်တစ်ရွက်တစ်လေယူရင် အမေက သိပ်ဆူတာပဲ၊ အဖေက စာရွက်ဟိုဘက်ရော၊ သည်ဘက်ရော အမည်းရောင်တွေနဲ့ တောင်ခြစ်၊ မြောက်ခြစ်ခြစ်ပြီး စာရွက်တွေအများကြီး ဖျက်ဆီးနေတာကိုတော့ အမေဘယ့်လိုထင်သလဲ"တဲ့။

အဖေ့ကိုတော့ အမေက ဘာပြုလို့ မဆူသလဲပေါ့ဗျာ။

ကျုပ်လည်း ဒီကဗျာထဲက ကလေးလိုပါပဲ။ ရွှေပေလွှာပေါ်က ကျောက်ချပ်ပေါ်က စာလုံးတွေကို ဘာဆိုဘာမှ နားမလည်ခဲ့ဘူး၊ တန်ဖိုးရှိတဲ့ စာတွေမှန်းလည်း မသိခဲ့ဘူး၊ အဲဒီရွှေပေလွှာမှာ၊ ကျောက်ချပ်မှာ၊ ဘုရားဆင်းတုတော် ပလ္လင်မှာ ရေးထားတဲ့ "ယေဓမ္မာ ဟေတုပ္ပဘဝါ"ဆိုတဲ့ စာလုံးတွေရဲ့ တန်ဖိုးကြီးမားပုံကို နှစ်တွေအကြာကြီးကြာမှ ကျုပ်သိလာရတယ်။ ဒီစာလုံးတွေရဲ့ သဘောက ဘာလဲဆိုတော့ 'အကြင်တရားတို့သည် အကြောင်းကြောင့် ဖြစ်ကြကုန်၏'တဲ့ဗျ။ ဖြစ်ရပ်တွေ၊ ဖြစ်လာတာတွေ၊ ဖြစ်နေတာတွေမှာ အကြောင်းရှိတယ်ပေါ့ဗျာ။

ကျုပ်တို့ မြန်မာအများအစုဟာ ဘာမဆို အကြောင်းမဲ့ မဖြစ်ဘူးလို့ ခံယူကြတယ်၊ မြန်မာတွေ လက်ခံတဲ့ 'အကြောင်းတရား'ဆိုတာ 'သဘာဝလွန်အကြောင်းတရားမျိုး'ကို လက်ခံတာ မဟုတ်ပါဘူး။ ဒါကြောင့်...

ဒီလောကကြီး ဖြစ်နေတာဟာ တန်ခိုးရှင်တစ်ဦးဦးက ဖန်ဆင်းရှင် တစ်ဦးဦးက ဖန်တီးလို့ ဖြစ်နေရတယ် ဆိုတာမျိုးကို လက်မခံကြဘူး၊ သက်ဆိုင်ရာ သဘာဝအကြောင်းတွေကြောင့် ဖြစ်နေတာပဲလို့ လက်ခံတယ်၊ လူဟာလည်း ဘယ်သူ့ဖန်ဆင်းမှု





ကြောင့်မှ ဖြစ်လာတာမဟုတ်ဘဲ သက်ဆိုင်ရာ အကြောင်းတရားတွေကြောင့် ဖြစ်လာတာလို့ ခံယူကြတယ်၊

မြန်မာတွေဟာ ဘဝသံသရာဆိုတာကို ယုံကြတယ်၊ ဒါပေမယ့် ဘဝကူးတာဟာ လူ့ခန္ဓာကိုယ်ထဲက အတ္တ၊ ဒါမှမဟုတ် တစ်စုံတစ်ခုက ထွက်ပြီးကူးတာ မဟုတ်ဘူးဗျ၊ ကြောင်းကျိုးဆက်စပ်ပြီး ဘဝစဉ်ဆက် ဖြစ်သွားတာပဲ။ အဲဒီဘဝမှာ ကိုယ်ပြုခဲ့တဲ့ အကောင်းအဆိုး၊ ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတွေကြောင့် အကောင်းအဆိုး ဘဝမျိုး ဖြစ်ရတာပဲ။

အိုင်းစတိုင်းရဲ့ ရီလေတစ်ဗတီ သီအိုရီကို နည်းနည်းပါးပါး ကြားဖူးတယ်မဟုတ်လား၊ အဝေးအနီးဆိုတာတို့၊ အချိန်ကြာတယ် မကြာဘူးဆိုတာတို့ဟာ ပကတိအားဖြင့် ရှိတာ မဟုတ်ဘူး၊ သက်ဆိုင်ရာ အညွှန်းဘောင်ကို အမှီပြုပြီးတော့ ဝေးတယ်၊ နီးတယ်၊ အချိန်ကြာတယ်၊ မကြာဘူးလို့ ပြောရခြင်းသာ ဖြစ်တယ်။ ဒီလိုဆိုတယ်မဟုတ်လား။ တကယ်တော့ ကြောင်းကျိုးဆက်စပ်ပြီး ဘဝကူးရာမှာ 'ကြား'ဆိုတဲ့ 'အဟ' မရှိဘူး၊ ဒါကြောင့် ဒီဘဝသေရင် ဟိုဘဝဆိုတာ အကြားမရှိ၊ အခြားအဟမရှိ ဆက်ဖြစ်တာပဲ။ အခြားအဟမရှိတဲ့အတွက် အချိန်သဘောလည်း မရှိဘူး၊ နေရာသဘောလည်း မရှိဘူး။

'ကြား'မရှိဘဲကြောင်းကျိုးဆက်စပ်ပြီး၊ ဘဝစဉ်ဆက် ဖြစ်တာကို သဘောပေါက်နားလည်ရင်...လူဟာ သေပြီးတဲ့ နောက် ဘဝအသစ်ဖြစ်စရာ မရှိတော့ဘူးဆိုတဲ့ အယူဝါဒ၊ သေခြင်းတရားနဲ့အတူ အကောင်းအဆိုး၊ ကုသိုလ် အကုသိုလ်



www.burmeseclassic.com

www.burmeseclassic.com



ဟူသမျှ ချုပ်ငြိမ်းသွားတာပဲဆိုတဲ့ အယူဝါဒမျိုးတွေကို လက်မခံတော့ဘူး။ ရုပ်ဝါဒမျိုးစုံကို လက်မခံနိုင်တော့ဘူးပေါ့ဗျာ၊ ပြီးတော့... လူဟာသေရင် အတ္တ၊ ဒါမှမဟုတ် တစ်စုံတစ်ရာက ထွက်ခွာသွားပြီး ဘဝအသစ်ကိုကူးတယ်၊ လူဟာ သေပြီးရင် သေသူရဲ့ ဝိညာဉ်က တစ်နေရာရာမှာ တည်နေတယ်...စတဲ့ နာမ်ဝါဒမျိုးစုံကိုလည်း လက်မခံတော့ဘူး၊ ကြောင်းကျိုးတရားအရ ဖြစ်ပျက်တာပဲဆိုတဲ့ သဘောကို ညွှန်းဆိုထားတဲ့ 'ယေဓမ္မာ ဟေတုပ္ပဘဝါ' စာကြောင်းကလေးကို နားလည်သဘောပေါက်ရင် လူဟာ မှားယွင်းတဲ့ ဝါဒပေါင်းစုံက လွတ်နိုင်တာပေါ့ဗျာ။ လွတ်လပ်ပေါ့ပါးတာပေါ့။

ဖြစ်သမျှတွေဟာ ကြောင်းကျိုးတရားအရ ဖြစ်နေတာပဲလို့ ခံယူတဲ့အမြင်ရှိရင် အဲဒီအမြင်ဟာ ဘဝသံသရာက လွတ်စေနိုင်တဲ့၊ အမှန်တရားကို သိမြင်နိုင်တဲ့ ဉာဏ်ဖြစ်စေဖို့ အထောက်အကူ ရနိုင်တယ်တဲ့ဗျ၊ တခြားအယူဝါဒတွေကို ခံယူစွဲလန်း ကပ်ငြိနေရင်တော့ သံသရာတစ်လျှောက်လုံးမှာ အမှန်တရားနဲ့ လွဲနေနိုင်တယ်၊ ရသမျှဘဝတွေဟာလည်း အရှုံးထွက်တဲ့ ဘဝမျိုးတွေ ဖြစ်နေနိုင်တယ်၊ ဒီအကြောင်းတွေကို တွေးရင်းနဲ့ပေါ့ဗျာ၊ 'ယေဓမ္မာ ဟေတုပ္ပဘဝါ' ဆိုတဲ့ စာလုံးတွေရဲ့ တန်ဖိုးဟာ မြင့်မြင့်လာတာကို သိနေတယ်၊ ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာတွေဟာ ပိုင်ဆိုင်သူ အတွက် အကျိုးရှိချင်ရှိမယ်၊ ရှိရင်လည်း တစ်ဘဝစာပဲရှိမယ်၊ အဲဒီရတနာတွေကို ထုပ်ပိုးပြီး နောင်ဘဝကို သယ်ယူသွားနိုင်တာ မဟုတ်တာ၊ 'ယေဓမ္မာဟေတု...' ရဲ့ တန်ဖိုးကတော့ သံသရာ





နဲ့ကိုချီပြီး တန်ဖိုးရှိတယ်၊ ယေဓမ္မာဟေတု...မှာရှိတဲ့ 'အသိအမြင် တန်ဖိုး' ကို ကျုပ်ကတော့ 'အနဂ္ဃတန်ဖိုး' လို့ ဆိုလိုက်ချင်တယ်ဗျာ"

ထို့နောက်သူက 'ယေဓမ္မာ ဟေတုပ္ပဘဝါ' သည် သစ္စာတရားနှစ်မျိုးကို ညွှန်းဆိုသော စာကြောင်းဖြစ်ကြောင်း ရှင်းပြနေပြန်ပါသည်။

ပေါင်းတည်ဘူတာသို့ ရထားဆိုက်သောအခါ သူ့ကို နှုတ်ဆက်၍ ကျွန်တော်ဆင်းလာခဲ့ပါသည်။

ဆက်လက်ထွက်ခွာသွားသော ရထားပေါ်၌ သီရိခေတ္တရာ မြို့ဟောင်းမှ တန်ဖိုးမဖြတ်နိုင်သည့် အသိအမြင်ရတနာများကို ဆောင်ယူသွားသူအဖြစ် သူ့ကို မြင်ယောင်နေပါသည်။ သူ၏ ရတနာများသည် လူအားလုံးကို အကျိုးပြုမည့် ရတနာများ ဖြစ်လိမ့်မည်ဟု ထင်မြင်နေမိပါသည်။ ။



www.burmeseclassic.com

www.burmeseclassic.com






## ပြောင်းလဲခြင်း၌ တည်ဆောက်ခြင်း

သူ့အခန်းရှိ ပန်းချီကားများက မြစ်တွေ၊ လှေတွေ၊ ဖောင်တွေကို အများဆုံး ရေးဆွဲထားသော ပန်းချီကားများ ဖြစ်ကြသည်။ ကြည်နူးဖွယ် ဂေါ်တာတန်းနှင့် လွမ်းမောဖွယ် ဖောင်ထွက် ဘေးမှ တငြိမ့်ငြိမ့် စီးဆင်းနေသော မြစ်နှင့် ထို မြစ်ကျောတွင် ရွက်ဖွင့်လိုက်ပါနေသော လှေ…၊ လူအဆင်း အတက်တို့ဖြင့် စည်ကားနေသော ကူးတို့ဆိပ်…၊ပိုက်ကွန်များဖြင့် အလုပ်ရှုပ်နေသူများ …၊ မြစ်ကျောအတိုင်းစုံ၍ လိုက်လာသော ဝါးဖောင်နှင့် ထိုဖောင်ပေါ်မှ တဲအိမ်ငယ်…၊ လှိုင်းလှေထန်၍ ဆိုးသန်ပုံရသော မြစ်ကျောကို ဖြတ်သန်းနေသော လှေဟု ထင်ရသောအရာနှင့် ထိုလှေဟုထင်ရသော အရာပေါ်မှ လူဟု ထင်ရသူတစ်ဦး…စသည် စသည်တို့ကို ရေးဆွဲထားသော ပန်းချီကားများ…။

"အဲဒီမြစ်တွေ၊ လှေတွေ၊ ဖောင်တွေ၊ အဲဒီလှေတွေ ဖောင်တွေပေါ်က လူတွေကိုကြည့်ပြီး တွေးစရာတွေ၊ သင်ခန်းစာ



www.burmeseclassic.com

www.burmeseclassic.com



ယူစရာတွေ၊ အားမာန်တွေ၊ သံဝေဂတွေ၊ ဘဝအမြင်တွေကို ကျွန်တော်ရတယ်ဗျ၊ ဒါကြောင့် ဒီပန်းချီကားတွေကို ကျွန်တော်က စုဆောင်းထားတာ”ဟု သူကဆိုပါသည်။

ထို့နောက် သူက ပန်းချီကား ရေးဆွဲပုံ ရေးဆွဲနည်းများ အကြောင်း ရှင်းပြနေပြန်သည်။ ရေဆေးပန်းချီကား ရေးဆွဲခြင်း၏ ပညာပါပုံ အကြောင်းကိုလည်း ပြောပြပါသည်။ သူကဆက်၍...

“မြစ်ရေစီးဟာလူ့ရဲ့ ဘဝခရီးပေါ့ဗျာ၊ မြစ်ကျော တစ်လျှောက်မှာ သာယာဖွယ် ကြည်နူးဖွယ် ရှုခင်းတွေ၊ အတွေ့ အကြုံတွေရှိသလို လှိုင်းလေထန်တဲ့ ပရမ်းပတာမှုတွေ၊ အန္တရာ တွေလည်းရှိတယ်။ အဲဒီလိုပေါ့ဗျာ၊ လူ့ဘဝခရီးမှာလည်း ကျေနပ် ကြည်နူးစရာတွေ ရှိသလို မကျေနပ်စရာ၊ ကြေကွဲဝမ်းနည်းစရာ စိတ်ပျက် အားလျော့စရာတွေစတဲ့ အန္တရာယ်တွေနဲ့လည်း ကြုံ တွေ့ရတာပဲ။ ဟိုညာဘက် အစွန်ဆုံးက ရေဆေးကားကိုကြည့် အဲဒီပန်းချီကားရဲ့ ရေးဟန်က အမှန်တရား ကို ဖော်ပြတဲ့နေရာမှာ အင်အားအကောင်းဆုံးပဲ”

သူညွှန်ပြသော ရေဆေးပန်းချီကားက လှိုင်းလေကြားတွင် မြစ်ကျောကိုဖြတ်သန်းနေသော လှေတစ်စီးနှင့်လူတစ်ယောက်...

“အမှန်တရားဆိုတာ ပြောင်းလဲခြင်းကို ဆိုလိုတာ မဟုတ်လားဗျာ၊ လောကမှာ ဘယ်အရာမှ တည်ငြိမ်တာရယ် မရှိဘူး။ ပြောင်းလဲနေတယ်၊ ပျက်စီးနေတယ်၊ ရွေ့လျားနေတယ် ဖောက်ပြန်နေတယ်၊ လောကမှာ တည်မြဲတဲ့ အရပ်၊ တည်မြဲ အရာရယ်လို့ မရှိပါဘူး၊ ပြောင်းလဲနေတာတွေပဲ ရှိတယ်





ပြောင်းလဲခြင်းဟာ အမှန်တရားပဲပေါ့ဗျာ၊ တကယ့်အမှန်တရား ပေါ့”

“ရုပ် ဟူသမျှဟာလည်း ပြောင်းလဲနေတယ်၊ စိတ် ဟူသမျှဟာလည်း ပြောင်းနေတယ်၊ ရုပ်တွေဟာ မျက်တောင် တစ်ခတ် လျှပ်တစ်ပျက်အတွင်းမှာ ကုဋေငါးထောင်မက ချုပ်ပျက်နေတယ်လို့ဆိုမဟုတ်လား၊ စိတ်ရဲ့ပျက်စီး ပြောင်းလဲမှု ကတော့ ရုပ်ရဲ့ ပျက်စီးမှုထက် ပိုပြီး မြန်မှာပေါ့။ လှိုင်းလေထန်ပြီး အဟုန်ပြင်းစွာနဲ့ စီးဆင်းရွေ့လျားနေတဲ့ မြစ်ကျောဟာ အဲဒီ ပြောင်းလဲခြင်းဆိုတဲ့ အမှန်တရားကို ပြောပြနေသလိုပဲ၊ သံသရာ ရေမှုရဲ့ သဘောကို ဖော်ပြနေသလိုပါပဲ၊ အဲဒီ သံသရာဆိုတဲ့ ပြောင်းလဲမှု အစဉ်ကြီးထဲမှာပဲ ပြောင်းလဲခြင်း သံသရာအစုဖြစ်တဲ့ လူဟာ လိုက်ပါနေရတယ်၊ ပြောခဲ့ပြီကောဗျာ၊ လူ့ရဲ့စိတ်ရော ရုပ်ရောဟာလည်း ပြောင်းလဲနေလိုက်တာမှ မြင်တွေ့လို့များရရင် ကြောက်ရွံ့ထိတ်လန့်ဖွယ်ကြီး ဖြစ်မှာပေါ့ဗျာ၊ တစ်စက္ကန့်ကို အပုံသန်းတစ်ထောင်ပုံ တစ်ပုံအတွင်းမှာပဲ လူ့ခန္ဓာကိုယ်ထဲက ဆဲလ်စာပ်စည်း ဆဲလ်တွေဟာ လှုပ်ရှားပြောင်းလဲနေကြတယ် ဆိုတော့ မြင်လို့များရရင် တကယ့်ထိတ်လန့်ဖွယ်ကြီး ဖြစ်မှာပါ။ အဲဒီ ကြောက်မက်ဖွယ် ကောင်းလောက်အောင် ပြောင်းလဲနေတဲ့ ပြောင်းလဲခြင်း သံသရာကြီးထဲမှာထိတ်လန့်ဖွယ်ရာ ကောင်းအောင် ပြောင်းလဲနေတဲ့လူက လိုက်ပါနေတယ်၊ မြစ်ကျောက လှေငယ်ဟာ အဲဒီပျက်စီးပြောင်းလဲနေတဲ့ ဖြစ်စဉ် ကြီးထဲမှ ရုန်းကန်ကျော်လွှားခြင်း၊ ရှင်သန်နိုင်အောင် ကြိုးစားခြင်း ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



သကော်တပါပဲ။

"အရာရာဟာ ပျက်စီးပြောင်းလဲသွားမှာတော့ အမှန်ပဲပေါ့ဗျာ၊ ဒါပေမယ့် ပျက်စီးပြောင်းလဲခြင်းတွေထဲမှာပဲ လူဟာ လုပ်သင့်လုပ်ထိုက်တာတွေ လုပ်နေရတာပဲ၊ ကြိုးစားသင့် ကြိုးစားထိုက်တာ ကြိုးစားရတာပဲ၊ တည်ဆောက်ရမယ့်ဟာကို တည်ဆောက်ရမှာပဲ၊ ပျက်စီးမယ့်အတူတူ၊ ပြောင်းလဲသွားမယ့် အတူတူ ကြိုးစားနေလည်း အလကားပါပဲလို့ သဘောမထားသင့်ဘူးပေါ့ဗျာ၊ ခင်ဗျားကြားဖူးလား၊ မတ်တွိမ်း Mark Twain နဲ့ သူ့ရဲ့ တပည့်ကျော်အကြောင်းလေဗျာ...

"မတ်တွိမ်းက အပြင်ထွက်မလို့ ဖိနပ်စီးမယ်လုပ်တော့ ဖိနပ်မှာ ဖုံ့တွေ ပေကျံနေတာ တွေ့ရတယ်၊ သူ့တပည့်ကျော်က ဖိနပ်တိုက်မထားဘူးကိုး၊ ဒါနဲ့ မတ်တွိမ်းက သူ့တပည့်ကို ဘာလို့ဖိနပ်တိုက်မထားတာလဲလို့မေးတော့ သူ့တပည့်က "ဖိနပ်တိုက်ထားလည်း အလကားပေါ့ဆရာ၊ ဒီလို စိုစွတ်တဲ့ရာသီမှာ ဆရာအပြင်ထွက်သွားလို့ ခဏကြာရင် ဖိနပ်က ဖုံ့ထပ်ပေလာဦးမှာပဲ"လို့ ပြောတယ်။ သူ့သဘောက ဖိနပ်ကို အခုတိုက်ချွတ်ထားလည်း ခဏကြာရင် ဖုံ့ပေလာမှာပဲ၊ ဖုံ့ပေလာမယ့် အတူတူ အခုတိုက်ချွတ်ထားလည်း အလကား အချည်းအနှီးပဲဆိုတဲ့ သဘောပေါ့၊ အဲဒီနေ့မှာပဲ ညစာစားချိန်ရောက်တော့ မတ်တွိမ်းနဲ့ တပည့်ကျော်ဟာ ညစာ စားဖို့ ထမင်းစားခန်းထဲ ဝင်လာတယ်၊ ဒါပေမယ့် စားပွဲပေါ်မှာ သူစားဖို့ဆိုလို့ ဘာမှမကျန်ဘူး၊ ဒီတော့ သူက မတ်တွိမ်းဆီသွားပြီး ဘာကြောင့် သူစားဖို့





ချန်မထားသလဲလို့မေးတော့ မတ်တွိမ်းက 'စားပြီးလို့ တော်တော်ကြာရင် မင်းပြန်ဆာလာဦးမှာပဲ မဟုတ်လား၊ ဒီတော့ နောက်တစ်ခါဆာမယ့်တူတူ မင်းအခုစားနေလည်း အလကားပဲလို့ ထင်လို့ကွာ' လို့ ပြန်ပြောလိုက်တယ်တဲ့ဗျ။

"အဲဒီအတိုင်းပဲဗျ၊ တစ်နေ့နေ့ ပျက်စီးဖောက်ပြန်ပြောင်းလဲသွားမယ့် အတူတူ လုပ်နေလည်း အလကားပဲလို့ ယူဆပြီး လုံ့လဝီရိယတွေ လျှော့နည်းသွားရင် လောကမှာ ဘာမှ ဖြစ်ဖြစ်မြောက်မြောက် ရှိမှာမဟုတ်ပါဘူး။ အဲဒါဗျာ၊ ကျွန်တော်ပြောပါရော၊ အဲဒီလှေနဲ့ လှေပေါ်ကလူရယ်၊ လှိုင်းလေထန်နေတဲ့ မြစ်ပြင်ရယ်ကိုကြည့်ပြီး ကျွန်တော့်မှာ အင်အားတွေ ဖြစ်ရတယ်လို့ ပြောတာပါ"

သူ့စကားကို နားထောင်ရင်း ကျွန်တော်က မြစ်များ၊ လှေများ၊ ဖောင်များကို ငေး၍ ကြည့်နေမိပါသည်။ ။



www.burmeseclassic.com

www.burmeseclassic.com




ရှင်သန်ခြင်း



# ရှင်သန်ခြင်း

"လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်က သေဆုံးခဲ့တဲ့ ကျွန်တော် အခုအသက်ပြန်ရှင်လာတာပါ"ဟူသော စကားကြောင့် သူ့ကိုတခြားလူတွေက လှမ်းကြည့်ကြပါသည်။

သူကဆက်၍ "စိတ်ဓာတ်ကျဆင်းပျက်ပြားသွားသူမှာ ဘာမျှော်လင့်ချက်မှ မရှိတော့ဘူးဗျ၊ မျှော်လင့်ချက်မရှိတဲ့သူဟာ အသက်ရှင်နေပေမယ့် သေနေတဲ့လူပါပဲ။ ကျွန်တော်အဲဒီလို စိတ်ဓာတ်တွေ ပြိုကွဲပြီး သေဆုံးသွားတာ အနှစ်နှစ်ဆယ်လောက် ကြာတယ်။ အခုအခြေအနေမျိုးကိုရောက်မှ ဒီစကားတွေ ပြောတော့ ခင်ဗျားတို့ အံ့ဩချင် အံ့ဩမှာပဲ။ အဟုတ်မှ ကျွန်တော်အနှစ်နှစ်ဆယ်လောက် သေဆုံးခဲ့တာ။"

စိတ်ဓာတ်ပြိုကွဲခြင်းနှင့် ခပ်ဆင်ဆင်တူသည့် **စိတ်ဓာတ်ကျခြင်း၊ စိတ်ကစဥ့်ကလျားဖြစ်ခြင်း၊ စိတ်ဓာတ်သိမ်ငယ်ခြင်း၊ ငါဆိုသောအတ္တအဆောက်အဦ ကြေမွခြင်း** စသည့် စကားများကို သုံး၍ စိတ်ဓာတ်ပြိုကွဲပျက်ပြားသွား ပြီဆိုလျှင် ဘဝ၏ ရှင်သန်မှု



www.burmeseclassic.com

www.burmeseclassic.com



သည်လည်း ရပ်ဆိုင်းသွားကြောင်း ပြောနေပါသည်။ ထို့နောက် အားနှင့်မာန်နှင့် ရှင်သန်နိုင်ကြသည့် ဗေဒါ၊ ပျဉ်းမငုတ်တိုနှင့် ကောက်ရိုးနွယ် အကြောင်းကို ပြောနေ ပြန်ပါသည်။ သူက ဆက်၍ ––

"ဂျပန်မှာ ဝါးဟာ အားမာန်သတ္တိနဲ့ ရှင်သန်နိုင်ခြင်းကို ညွှန်းဆိုတဲ့ သင်္ကေတဖြစ်ခဲ့ဘူးတယ်ဗျ။ ဝါးပင်ဟာ တောင်ပေါ်မှာရော၊ တောင်အောက်မှာရော၊ ချောက်ကမ်းပါးမှာရော ပေါက်ရောက်ရှင်သန်နိုင်တယ်။ အနိမ့်မှာရော၊ အမြင့်မှာပါ ဝါးဟာ ရှင်သန်နိုင်စွမ်းတယ်ပေါ့ဗျာ။ အဲဒီဝါးပင်လိုပဲလူဟာ ဘယ်လိုအခြေအနေ၊ ဘယ်လိုအရပ်မှာပဲရောက်ရောက်၊ ရောက်ရာ ကျရာနေရာမှာ ရှင်သန်နိုင်ရမယ်။ ဘဝဆိုတာ မရေရာဘူး မဟုတ်လား။ အကောင်းအဆိုး အခြေအနေအမျိုးမျိုးမှာ ကျရောက်တတ်တယ်။ နိမ့်လျောချည်တစ်ခါ၊ မြင့်တက်ချည် တစ်လှည့် ဖြစ်တတ်တာမျိုးတွေလဲရှိတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဘယ်အခြေအနေမျိုးမှာပဲ ကျရောက်ကျရောက် ရှင်သန်နိုင်ရမယ်။ ငါဟာ ရှင်သန်နိုင်ရမယ်။ အဲဒီလို ကျွန်တော်အားပြန်တင်းခဲ့ ရတယ်ဗျ...

"ပြီးတော့ အီကေဘာနာ(Ikebana)လို့ ခေါ်တဲ့ ဂျပန်ရဲ့ ပန်းအလှပြင်တဲ့ ပညာမှာ ကျွန်တော့်အတွက် အင်အားတစ်ရပ် ရလာခဲ့တာ ရှိတယ်။ ပန်းအလှပြင်ရာမှာ သူတို့ယဉ်ကျေးမှုနဲ့သူတို့ အယူအဆ အနက်အဓိပ္ပါယ်ကောက်ယူမှုအမျိုးမျိုး၊ အစီအရင် အမျိုးမျိုးရှိတယ်။ ထားပါတော့ ဒါတွေကိုပြောဖို့ မဟုတ်ပါဘူး။





ကျွန်တော်လည်း စိတ်မဝင်စားဘူး။ ကျွန်တော်စိတ်ဝင်စားတာက အဲဒီပန်းအလှပြင်ခြင်းရဲ့ နောက်ကွယ်မှာထားရှိခဲ့ဖူးတဲ့ စိတ်ဓာတ် ကိုပဲ၊ ပန်းအလှပြင်ဖို့ ချထားတဲ့ပန်းပုံကိုကြည့်ရင် ပန်းတွေ၊ အရွက်အခက်တွေ၊ အကိုင်းတွေ မျိုးစုံပဲ။ သောင်းပြောင်းရောထွေး နေတာပဲ။ ဒါပေမယ့် ပန်းအလှပြင်သူဟာ ပန်းပုံထဲက ပန်းတွေ၊ အခက်တွေကို တစ်ခုနဲ့တစ်ခုဆီလျော်ညီညွတ်အောင် ရွေးထုတ်ပြီး လှပတဲ့ပန်းအိုးတစ်အိုးဖြစ်အောင်၊ ဒါမှမဟုတ် အလှအပ ပန်းစု တစ်စုဖြစ်အောင် ဖန်တီးနိုင်စွမ်းတယ်။ ဒါတွင်မဟုတ်သေးဘူး ထားမည့်နေရာ၊ တည်ရှိမည့်အခန်းနဲ့ပါလိုက်ဖက်ညီညွတ်အောင် ပန်းအလှကို ရွေးချယ်ဖန်တီးနိုင်ခြင်းပဲ။ ကြည့်လိုက်ရင် ပန်းအိုးဟာ အခန်းနဲ့ သိပ်ကို လိုက်ဖက်သွားတယ်။ အခန်းဟာလဲ ချမ်းမြေ့ ဖွယ်ဖြစ်သွားတယ်။

"သောင်းပြောင်းရောထွေးနေတဲ့ ပန်းပုံကြီးလို လောကမှာ ရင်ဆိုင်စရာတွေ၊ လုပ်ကိုင်ဖြေရှင်းစရာတွေ အများကြီး၊ တစ်ထွေး တစ်ပွေကြီးပါပဲ။ အဲဒါတွေထဲက ကောင်းနိုးရာရာတွေ ဖြစ်သင့် ဖြစ်ထိုက်တာတွေကို လုပ်ဆောင်ဖြေရှင်းမယ်။ ကိုယ့်လုပ်ရပ်၊ ကိုယ့်ဖြေရှင်းချက်တွေဟာ ကိုယ့်ဝန်းကျင်ကိုလည်း လှပစေရမယ် ဆိုတဲ့စိတ်ဓာတ် ကျွန်တော့်မှာ ဖြစ်လာတယ်ဗျ။ ကစဉ့်ကလျား ဖြစ်နေတဲ့ မလိုလားအပ်တဲ့ စိတ်တွေကို ဖယ်လိုက်တဲ့အခါမှာ ကျွန်တော်လုပ်ဆောင်ရမယ့် အလုပ်ကို မြင်လာတယ်။ ကျွန်တော် လည်းပြန်ပြီး ရှင်သန်ထမြောက်လာသလိုပဲ။ အဲ...နေဦးဗျ။ ကျွန်တော့်ကိုတကယ်လက်တွေ့ လုပ်ကိုင်ဆောင်ရွက်စေဖို့ ဖန်တီး



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာကတော့ ပြောခဲ့တဲ့ အပင်တွေ၊ ပန်းပွင့် ပန်းခက်တွေ မဟုတ်ဘူးဗျ။ ကျွန်တော်ပြောတာ ကြားရရင် ခင်ဗျားတို့ ရယ်မလားဘဲ။ တကယ်တော့ ကျွန်တော့်ဘဝကို အခုလိုဖြစ် လာအောင် အားမာန်သတ္တိအပြည့် ပေးလိုက်တာကတော့ ဖားကလေးတစ်ကောင်၊ အာဖရိက ဖားကလေးတစ်ကောင် ပေါ့ဗျာ . . .

"မှောင်မိုက်တဲ့ ချမ်းအေးတဲ့ ညတစ်ညမှာ ဖားကလေး နှစ်ကောင်ဟာ အစာရှာထွက်လာကြတယ်ဗျ။ မှန်းကြည့်ပေါ့ဗျာ။ မြက်ကိုင်းပင်တွေ၊ ကျောက်တုံးတွေကို ခုန်ပျံကျော်လွှားရင်း ထွက်လာကြတာဖြစ်မှာပေါ့။ ဒီလို ခုန်လွှားရင်း ရွာကလေး တစ်ရွာအနားကို ရောက်လာတယ်။ အဲဒီရွာက နွားတွေမွေးမြူ တဲ့ရွာ။ မလိုင်တို့ ဒိန်ခဲတို့ ထွက်တဲ့ရွာပေါ့။ ဖားကလေး နှစ်ကောင်ဟာ ခုန်လွှားရင်းက ရွာထိပ်က အဘွားကြီးတစ်ဦးရဲ့ တဲကလေးဆောမှာရှိနေတဲ့ မလိုင်အိုးကြီးထဲကို အခန့်သင့် နှစ်ကောင်လုံးကျသွားတယ်။ စားရကံကြုံတော့ မလိုင်အိုးထဲမှ တည့်တည့်ကျတော့တာပဲ။ ဖားကလေးနှစ်ကောင်ဟာ မလိုင်တွေ ကို စိတ်ကြိုက်စားကြတာပေါ့။ စားလို့ဝတဲ့အခါမှာ မလိုင်အိုးထဲက ထွက်ကြတယ်။ ဒါပေမယ့် ဘယ်လိုမှ ထွက်မရတော့ဘူး။ ခုန်လို့လဲမရ၊ ကုတ်ကပ်တက်တော့လဲမလိုင်အိုးက ချောမွတ်နေ တော့ တက်လို့မရတော့ဘူး။ ဒါနဲ့ ဖားနှစ်ကောင်ဟာ မလိုင် တွေထဲမှာတဝဲလည်လည်နဲ့ ကူးနေကြတယ်။ ကူးရတာ ကြာ လာတော့ ဖားတစ်ကောင်ကစိတ်ဓာတ်ကျလာတယ်။ စိတ်ဓာတ်





ပြိုကွဲသွားတယ်ပေါ့ဗျာ။ ငါကူးနေလဲအလကားပါပဲအိုးကြီးထဲက ထွက်နိုင်တော့မှာ မဟုတ်ဘူးဆိုပြီး စိတ်လျှော့သွားတယ်။ အတ္တပြိုကွဲသွားတယ်ပေါ့ဗျာ။ ဒါနဲ့ မကြာခင်ပဲ အသက်ကုန် သွားတယ် . . .

"ကျန်တဲ့ဖားကလေးကတော့ သေသည်အထိ ကူးမယ်ဆို ပြီး ကူးနေတယ်။ သူ့စိတ်ဓာတ်က ပြိုကွဲမသွားဘူး။ ကူးရင်းကူး ရင်းနဲ့ ဆောင်းညရဲ့အအေးကလဲ ပိုပိုလာတော့ အိုးကြီးထဲက မလိုင်တွေဟာ ဒိန်ခဲအဖြစ် တဖြည်းဖြည်းရောက်လာတယ်။ ဒီလို ဒိန်ခဲအဖြစ် ရောက်လာတော့ ဖားကလေးအတွက် ထောက်ခုန်စရာရလာပြီး အိုးကြီးထဲက ခုန်ထွက်လိုက်တယ်။ လွတ်မြောက်သွားတဲ့ ဖားကလေးဟာ လိုရာသွားနိုင်ပြီပေါ့ဗျာ။ အခု ကျွန်တော်ပြော နေတာဟာ အာဖရိကပုံပြင်ထဲက ဖားကလေး အကြောင်းဗျ။ ကျွန်တော်ဒီအခြေအနေကို ရောက်သည်အထိ လုပ်ဆောင်နိုင်အောင် အင်အားပေးခဲ့တာ အဲဒီဖားကလေးပါပဲဗျာ။ သိပ်ကျေးဇူး တင်ပါတယ်"

စကားဝိုင်း သိမ်းကြပါသည်။

အထက်ပါ အကြောင်းအရာများကို ပြောပြသောအိမ်ရှင်က ခမ်းနားသော သူ၏အိမ်မှထွက်၍ ခြံဝင်းပေါက်အထိ ကျွန်တော် တို့အား လိုက်ပါပို့ဆောင်ပြီး နှုတ်ဆက်ပါသည်။ ။



www.burmeseclassic.com

www.burmeseclassic.com






## အချည်းနှီး၏ ခမ်းနားထည်ဝါမှု

ခမ်းနားထည်ဝါသော ညှော့ခန်း၌ ခမ်းနားထည်ဝါသော အကြောင်းများကို ကျွန်တော်တို့ မိတ်ဆွေတစ်စု ပြောဆိုဆွေးနွေး နေကြသည်။

စကားဝိုင်းတွင် အဆိတ်ငြိမ်ဆုံးသူမှာ အိမ်ရှင်ဖြစ်ပါသည်။ သူ့မွေးနေ့ ကျွေးမွေးပွဲသို့ လာရောက် စားသောက်သူများကို နှုတ်ဆက်ရခြင်း၊ ခြံဝင်ထွက်ပေါက်အထိ လိုက်ပို့ရခြင်းတို့ဖြင့် ပင်ပန်းသွားသောကြောင့် စကားဝိုင်းတွင် ထိုကဲ့သို့ ဆိတ်ငြိမ်နေခြင်းလည်း ဖြစ်နိုင်ပါသည်။ ယခု စကားဝိုင်းတွင် ရှိနေသူများသည် သူ၏ အရင်းနှီးဆုံး မိတ်ဆွေများပင်ဖြစ်သည်။ သူကိုယ်တိုင်က စကားမပြောဘဲ ဆိတ်ငြိမ်နေသော်လည်း အခြားသူများ ပြောသည်ကို ထောက်ခံသည့်အနေ၊ နှစ်သက်သဘောကျသည့် အနေဖြင့် ဦးခေါင်းညိတ်ခြင်း၊ ပြုံးခြင်းတို့က တခြားသူများ စကားပြောချင်အောင် အားပေးသကဲ့သို့ ရှိနေပါသည်။

မိတ်ဆွေများက 'ကမ္ဘာကျော် ပုဂ္ဂိုလ်ကြီးအကြောင်း၊



www.burmeseclassic.com

www.burmeseclassic.com



ထိုကမ္ဘာကျော် ပုဂ္ဂိုလ်ကြီးသည် ကမ္ဘာကျော်ကြီး မဖြစ်မီက မည်ကဲ့သို့ ကြိုးစားခဲ့ရကြောင်း တစ်ယောက်တလှည့် ပြောကြသည်။ မိတ်ဆွေတစ်ဦးက...အေဗရာဟင်လင်ကွန်း သမ္မတအဖြစ်သို့ မရောက်မီ ဥပဒေပညာကို မည်ကဲ့သို့ လေ့လာခဲ့ကြောင်းကို တခမ်းတနား ပြောနေပြန်သည်။ ထို့နောက် အားမန်သတ္တိအကြောင်းကို ကမ္ဘာကျော် ဒဿနပညာရှင်ကြီးများ၊ စိတ်ပညာရှင်ကြီးများ၏ အဆိုအမိန့်တို့ကို ကိုးကားကာ တခမ်းတနား ဆွေးနွေးကြသည်။

အခြားမိတ်ဆွေတစ်ဦးက ကမ္ဘာကျော်နိုဘယ်ဆုရ ပြင်သစ်စာရေးဆရာ အယ်ဘာတ်ကာမြူး Albert Camus အကြောင်းကို ပြောပြန်ပါသည်။ ကာမြူးအကြောင်းကို လေ့လာလျှင် စောစောပိုင်း ကာမြူး The Former Camus နှင့် နောက်ပိုင်း ကာမြူး Later Camus ဟူ၍ ပိုင်းခြားလေ့လာအပ်ကြောင်း၊ စောစောပိုင်း ကာမြူးသည် လူ့ဘဝ၏ အဓိပ္ပါယ်မဲ့ပုံနှင့် စိတ်ပျက်ဖွယ်ရာတို့ကို ဖော်ပြခဲ့သော်လည်း နောက်ပိုင်းကာမြူးသည် ဘဝကို အားနှင့်မာန်နှင့် ရင်ဆိုင်အပ်ကြောင်းကို ဖော်ပြလာကြောင်း ရှင်းပြနေသည်။ သူက...

"ကာမြူးပြောတဲ့ စကားတစ်ခုကို ကြိုက်တယ်ဗျာ၊ လောကမှာ ကြီးကြီးကျယ်ကျယ်ဖြစ်ချင် အောင်မြင်ချင်ရင် ကြီးကြီးကျယ်ကျယ်ပဲလုပ် တဲ့ဗျာ"

ထိုမိတ်ဆွေကဆက်၍ ကာမြူး၏ The Myth of Sisyfus စာစုထဲမှ စီစီဖါ့စ်ကို တန်ခိုးရှင်နတ်များက ပြစ်ဒဏ်





ခတ်ပုံ အကြောင်း ပြောပြသည်။ သူပြောသည်မှာ အောက်ပါကဲ့သို့ ဖြစ်ပါလိမ့်မည်။

တန်ခိုးရှင် နတ်များက စီစီဖါ့စ်အား ပြစ်ဒဏ်တစ်ခု ပေးခဲ့သည်။ ပေးသောပြစ်ဒဏ်မှာ ကျောက်တုံးကြီး တစ်တုံးကို တောင်ထိပ်သို့ရောက်အောင် စီစီဖါ့စ်အား လှိမ့်တင်ခိုင်းခြင်းပင် ဖြစ်၏။ စီစီဖါ့စ်က ကျောက်တုံးကြီးကို တောင်ထိပ်သို့ ရောက်အောင် ပင်ပန်းကြီးစွာဖြင့် လှိမ့်တင်သည်။ သို့ရာတွင် ပင်ပန်းကြီးစွာဖြင့် လှိမ့်တင်ခဲ့သော ကျောက်တုံးကြီး တောင်ထိပ်သို့ ရောက်သောအခါ တောင်အောက်သို့ ကျောက်တုံးကြီးက လျှောကျလိမ့်ဆင်းသွားသည်။

ထိုအခါ စီစီဖါ့စ်က ထိုကျောက်တုံးကြီးကို တစ်ဖန် ခက်ခဲစွာ လှိမ့်တင်ရပြန်သည်။ တောင်ထိပ်သို့ ရောက်ပြန်သောအခါ ကျောက်တုံးကြီးက တောင်ခြေသို့ ကျသွားပြန်သည်။ စီစီဖါ့စ်ကလည်း တစ်ဖန်ပြန်၍ လှိမ့်တင်ပြန်သည်။ လှိမ့်တင်၍ တောင်ထိပ်သို့ ရောက်လေတိုင်း ကျောက်တုံးကြီးက ပြန်၍ ကျကျသွားသောကြောင့် စီစီဖါ့စ်အတွက် ကျောက်တုံးကြီးကို လှိမ့်၍လှိမ့်၍ တင်ရခြင်းသည် မဆုံးနိုင်ဘဲ ဖြစ်လျက်ရှိသည်။ တန်ခိုးရှင် နတ်တို့အနေနှင့် စီစီဖါ့စ်အား ဤသို့ မဆုံးနိုင်အောင် ကျောက်တုံးကို လှိမ့်တင်နေစေခြင်းဖြင့် ပင်ပန်းဒုက္ခ ရောက်စေရန် အပြစ်ပေးခြင်းထက် ကောင်းသော အခြားအပြစ်ပေးဖွယ်ရာ ခရှိဟု ယူဆကြသည်။

ကျောက်တုံးကြီးကို တွန်းတင်၍ တောင်ထိပ်သို့ ရောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



နောက် တောင်အောက်သို့ ကျောက်တုံးကြီး ကျသွားသောအခါ နောက်တစ်ဖန် လိမ့်တင်ရန်အတွက် စီစီဖပ်စ်သည် တောင်အောက်သို့ ပြန်၍ ဆင်းလာရသည်။ ဆင်းလာသော အချိန်၌ ကျောက်တုံးကြီးကို တစ်လိမ့်တည်းလိမ့်၍ အတောမသတ် တင်နေရသည့် အဖြစ်၏ အဓိပ္ပါယ်ကင်းမဲ့မှု၊ အချည်းနှီးဖြစ်မှုကို စီစီဖပ်စ် ခံစားနေရသည်။ သို့ရာတွင် အဓိပ္ပါယ် ကင်းမဲ့မှု၊ အချည်းနှီးဖြစ်မှုကို သေချာခံစားသိမြင်လိုက်မှုကြောင့် စီစီဖပ်စ်သည် ကျောက်တုံးကြီးကို အောင်အောင်မြင်မြင် လိမ့်တင်လျက် ရှိလေသည်။

အထက်ပါ ဂရိဒဏ္ဍာရီထဲမှ စီစီဖပ်စ်၏ အဖြစ်ကိုပြောပြီးနောက် ထိုမိတ်ဆွေက...

"အဓိပ္ပါယ် ကင်းမဲ့ခြင်း၊ အချည်းနှီးဖြစ်ခြင်းကို အသေအချာ ခံစားနားလည်လိုက်တဲ့အတွက် စီစီဖပ်စ်ဟာ ကျောက်တုံးကြီးကို အောင်အောင်မြင်မြင် လိမ့်တင်နိုင်သူ ဖြစ်တယ်လို့ပဲ ကျွန်တော့်တော့ ခံစားနားလည်နေမိတယ်၊ ကျွန်တော်တို့ဘဝမှာ မလုပ်ချင်ပေမယ့် ရှောင်မရဘဲ လုပ်ကိုလုပ်နေရတာမျိုးတွေ ရှိတာပဲ။ ဒါပေမယ့် အဲဒီလုပ်နေရတာကို အဓိပ္ပါယ်မဲ့တယ်။ အချည်းနှီး ဖြစ်တယ်လို့ သေသေချာချာ ခံစားသိမြင်ရင် ညည်းညူ စိတ်ပျက်ခြင်းတွေ၊ စွဲလမ်းကပ်ငြိခြင်းတွေကင်းပြီး အောင်အောင် မြင်မြင် လုပ်နိုင်မှာပဲ။ ကျွန်တော်ပြောတာကို နားရှုပ်သွားသလား မသိဘူး။ ဒီလိုဗျာ လူမှာ မိမိကိုယ်မိမိ အဆုံးစီရင်ခြင်း နှစ်မျိုး ရှိတယ်တဲ့ဗျ။ ပထမတစ်မျိုးကတော့



ဒုက္ခတွေ၊ စိတ်မချမ်းသာမှု တွေကို ကြောက်ပြီး ကိုယ့်ကိုယ်ကို အဆုံးစီရင်တာ။ ဒါကို Physical Suicideလို့ ခေါ်တယ်။ ဒုတိယအမျိုးအစားကတော့ ကိုယ်လုပ်ရမည့် အလုပ်ကို ကိုယ်လုပ်ရမည့်အလုပ်လို့ သေသေချာချာ မသိမြင်ဘဲ ထာဝရဘုရား အပေါ်လွှဲချ၊ ကံကြမ္မာပေါ်ပုံချ၊ ဟိုလူသည်လူအပေါ် အပြစ်ရှာပြန့် လုပ်ရမှာကို မလုပ်တာဟာ မိမိအတွေးအခေါ်ကို မိမိ အဆုံးစီရင်တာ၊ ဒါကို Philosophical Suicideလို့ ခေါ်တာပဲ။ ဒီလိုအဆုံးစီရင်မှုနှစ်မျိုးကို လူတွေ လုပ်တတ်ကြတာပဲ။ ဒီနှစ်မျိုးလုံးက လွတ်ရင် လူဟာ ရဲဝံ့သွားတာပဲ။ ရဲဝံ့သွားရင် လုပ်ရမည့် အလုပ်ကို လုပ်တဲ့အခါ ထက်မြက် အောင်မြင်သွားမှာပဲ၊ ပြီးတော့...

"ကျွန်တော်တို့ ဘဝကိုပြန်ကြည့်၊ စားလိုက်၊ အိပ်လိုက်။ ဖိုးပွားရှာလိုက်၊ လှုပ်ရှားလိုက်နဲ့ တစ်နေ့ပြီးတစ်နေ့ ဖြတ်ကျော်ပြီး သေခြင်း တရားဆီ သွားနေတဲ့အဖြစ်ကိုကြည့်...၊ ကျွန်တော်တို့ လှုပ်ရှားလုပ်ကိုင်နေသမျှဟာ ဘာမှအဓိပ္ပါယ်မရှိပါဘူး။ စီစီဖပ်စ် က ကျောက်တုံးကြီးကို တစ်လိမ့်တည်း လိမ့်တင်နေသလိုပါပဲ၊ ဘာမှ အနှစ်သာရလဲ မရှိပါဘူး၊ အချည်းနှီးကြီးပါပဲ၊ ဒါပေမယ့် ကျွန်တော်တို့စိတ်တွေက အစွဲဥပါဒါန် အမျိုးမျိုးနဲ့ မျှော်လင့်ချက်တွေ၊ နှစ်သက်မှုတွေ၊ မြတ်နိုးစရာတွေ၊ မကျေနပ်စရာတွေ၊ ဝမ်းနည်းစရာတွေအဖြစ် လှည့်စားနေသေးတယ်။ သူတော်စင်တွေကတော့ ဘဝကို တကယ့်ကို အချည်းနှီး Nothingnessအဖြစ် မြင်တွေ့ကြတယ်၊ 'အချည်းနှီးဘဝ'လို့ တကယ်သိမြင်ကြလို့

www.burmeseclassic.com



သူတို့ ဘဝတစ်လျှောက် လုပ်ရှားလုပ်ကိုင် ဆောင်ရွက်မှုတွေမှာ အစွဲ အလမ်းတွေ၊ ကပ်ညိမှုတွေ မရှိဘူး၊ စွဲလမ်းကပ်ငြိမှုတွေ မရှိတော့ သူတို့လုပ်ကိုင်ဆောင်ရွက် လှုပ်ရှားခြင်းတွေဟာ အောင်အောင်မြင်မြင် ပေါ့ပေါ့ပါးပါးဖြစ်နေတဲ့လုပ်ကိုင်ဆောင်ရွက် လှုပ်ရှားခြင်းတွေပဲ ဖြစ်နေမှာပေါ့။ အချည်းနှီးသဘောကို တကယ် သိမြင်ခံစားသွားတဲ့ စိစိဖါ့စ်ဟာ ကျောက်တုံးကြီးကို မညည်းမညူ အောင်အောင်မြင်မြင်နဲ့ လိမ့်တင်နေနိုင်တဲ့ အဖြစ်ကို ရောက်သွား သလို ဖြစ်မှာပဲ...

"ကျွန်တော် တွေးမိတာ တစ်ခု ရှိတယ်ဗျာ။ တကယ့် သူတော်စင်တွေဟာ ဒုက္ခကို ဒုက္ခလို့ (ဒုက္ခသစ္စာအဖြစ်) အမှန် သိတဲ့အတွက် ဒုက္ခတွေကနေ လွန်မြောက်ကြသူတွေ ဖြစ်တယ်၊ လှည့်စားခြင်းကို လှည့်စားခြင်းလို့ အမှန်သိတဲ့အခါမှာ အလှည့်စား ခံရခြင်းက လွတ်သလိုပဲ၊ အစွဲဉပါဒါန်တွေရဲ့ လှည့်စားမှုတွေကို လှည့်စားမှုတွေလို့ သိတဲ့အခါ အဲဒီလှည့်စားခြင်း တွေ မှလဲ လွတ်မှာပဲ၊ ဘဝဆိုတာကို ဘာမှခမ်းနားကြီးကျယ်တာ မဟုတ်တဲ့ အနှစ်သာရ ဘာမှမရှိတဲ့ အချည်းနှီး အနတ္တ သဘာဝမျှပဲလို့ အမှန်တကယ် သိတဲ့အခါမှာ ဘဝနဲ့ ပတ်သက်တဲ့ ကပ်ညိမှု မှန်သမျှဟာလဲ ကုန်ခမ်းသွားမှာပဲ။ ဒီလိုကုန်ခမ်းသွားလို့ ဘဝ ဆိုတဲ့ ဝန်ထုပ်ကြီးကို မညည်းမညူ သယ်ဆောင်နိုင်သူတွေ ဖြစ်တယ်လို့ တွေးမိနေပါတယ်။ ကျွန်တော်ကိုယ်တိုင် 'အချည်းနှီး' သဘာဝကို မသိသေးပေမယ့် လုပ်ဆောင်စရာတွေကို လုပ်ဆောင် ရတိုင်း စိစိဖါ့စ် ကျောက်တုံးကြီး လိမ့်တင်နေတာကို အမှတ်ရ



အတုယူနေပါတယ်"

မိတ်ဆွေဖြစ်သူက သူ၏စကားကို ရပ်ပြီးနောက် အားမာန် တင်းလိုက်သည့်ဟန်ဖြင့် ညွတ်နေသောခါးကို မတ်သွားအောင် ပြင်၍ ထိုင်လိုက်ပါသည်။

ကျွန်တော်က မိတ်ဆွေများအား နှုတ်ဆက်ကာ ခမ်းနား သော အိမ်ကြီးမှ ထွက်လာခဲ့ပါသည်။ 'အချည်းနှီး'၏ ခမ်းနား ကြီးကျယ်မှုအကြောင်းကိုလည်း တွေးလာခဲ့မိပါသည်။


ဝန်ခံချက်

**အထက်ပါ စကားဝိုင်း၌ စာရေးသူ မပါဝင်ခဲ့ပါ၊ စာရေးသူ ၏ မိတ်ဆွေက ပြန်လည်ပြောပြသည်ကို မှတ်သားထားခြင်းသာ ဖြစ်ပါ သည်။**



www.burmeseclassic.com

www.burmeseclassic.com






## မြစ်တစ်စင်း၊ ဖောင်တစ်စီးနှင့် လူနှစ်ယောက်

လွန်ခဲ့တဲ့ရက်က မိတ်ဆွေပန်းချီဆရာအိမ်ကို ကျွန်တော် ရောက်သွားပါတယ်။ သူက...ရေဆေးပန်းချီကား တစ်ခုကို ညွှန်ပြပြီးတော့...

"အဲဒီ ရေဆေးကားကို ရာဘင်ဒြာနဒ်တဂိုးနဲ့ ကျွန်တော့် ဓခင်ကို ဂုဏ်ပြုတဲ့အနေနဲ့ ရေးဆွဲဖြစ်သွားတာ"လို့ ပြောပါတယ်။

သူ့ပန်းချီကားက ကျွန်တော့်အတွက်တော့ သိပ်ထူးထူး ခြားခြား မဟုတ်ပါဘူး။ မြစ်ကျောမှာ ဝါးဖောင်မျှောနေတဲ့ပုံပါ။ ရာဘင်ဒြာနဒ်တဂိုးနဲ့ သူ့ဖခင်ကို ဝါးဖောင်မျှောနေတဲ့ပုံက ဘယ်လိုများ ဂုဏ်ပြုရာရောက်ပါလိမ့်လို့ ကျွန်တော် တွေးမိနေ တုန်းမှာ သူက...

"ဝါးဖောင်ဖွဲ့တာကို ခင်ဗျားမြင်ဖူးလား၊ ဝါးလုံးတွေ ပရိဖရဲ မဖြစ်အောင်၊ လေဒဏ်လှိုင်းဒဏ်ခံနိုင်အောင် ဖောင် တစ်ခုလုံးဟာ၊ ချည်ထားလိုက်ရတဲ့ ကြိုးတွေ...ကြိုးတွေမှ အများကြီး၊ ဒီလောက်ချည်တုပ်နေရင် ဒီဖောင်ကြီး ရွေ့လျားနိုင်



www.burmeseclassic.com

www.burmeseclassic.com



ပါတော့မလားလို့ ကျွန်တော်ငယ်ငယ်က တွေးမိဖူးတယ်။ တကယ်တော့ဗျာ...ဒီလိုကြိုးတွေအများကြီး ချည်တုပ်ထားလို့ ဖောင်ဟာ ခိုင်ခိုင်ခံ့ခံ့နဲ့ မကွဲမပျက်ဘဲ လိုရာကို ရောက်တာပဲ မဟုတ်လား၊ ကြိုးတွေဟာ ဖောင်ကြီးကို ဟန့်တားချုပ်ခြယ်ဖို့ မဟုတ်ပါဘူး။ ပြီးတော့ မြစ်ကမ်းပါးတွေကိုကြည့်၊ ကမ်းပါးတွေဟာ မြစ်ကြီးကို ကန့်သတ်ဟန့်တားနေကြတယ်လို့ ထင်ခဲ့မိတယ်။ ဒီကမ်းပါးကြီးတွေကြောင့်ပဲ မြစ်ကြီးဟာ အရှိန်အဟုန်နဲ့ ခံ့ခံ့ညားညား စီးဆင်းသွားနိုင်တဲ့ မြစ်ကြီး ဖြစ်နေတာပဲ မဟုတ်လား။ ငယ်ငယ်တုန်းက ကျွန်တော့်အဖေက ကျွန်တော့်ကို ဒီလိုပြု၊ ဒီလိုပြော၊ ဒီလိုနေဆိုတဲ့ အဆုံးအမတွေနဲ့ အင်မတန် တင်းကျပ်ခဲ့တယ်။ ဒီအဆုံးအမတွေဟာ ကျွန်တော့်ကို ချည်တုပ်ထားတဲ့ ကြိုးတွေအဖြစ် ထင်မိခဲ့ ခံစားခဲ့မိတယ်။ အမှန်က ဘဝခရီးမှာ ခိုင်ခိုင်ခံ့ခံ့ အောင်အောင်မြင်မြင်နဲ့ ကျွန်ုပ်တော်သွားနိုင်ဖို့ပါ။ ပြီးတော့...

"ဒီလိုမပြုနဲ့ ဒီလိုမပြောနဲ့ ဒီလိုမတွေးနဲ့ဆိုတဲ့ အဖေ့ရဲ့ စကားတွေကိုလဲ ကျွန်တော့်ကို ကန့်သတ်ဟန့်တားနေတဲ့ ကမ်းပါးကြီးတွေလို ခံစားခဲ့မိတာ အမှန်ပဲ။ တကယ်တော့ ဒီစကားတွေဟာလဲ အရှိန်အဟုန်နဲ့ ကျွန်တော့်ဘဝ တိုးတက်သွားစေဖို့ပါ။ တဆက်တည်းမှာပဲ ဖောင်မှာ ချည်တုပ်ထားတဲ့ ကြိုးတွေအကြောင်း၊ မြစ်ကြီးကို ကန့်သတ်ပေးထားကြတဲ့ ကမ်းပါးကြီးတွေအကြောင်းကို ပြောပြတဲ့ ရာဘင်ဒြာနဒ်တဂိုးရဲ့ ရည်ရွယ်ချက်ကိုလည်း နက်နက်ရှိုင်းရှိုင်း ကျွန်တော် ခံစား





ဘတ်လာခဲ့တယ်ဗျ။ ကြိုးတွေဟာ ဖောင်ကို အဟန့်အတား မပြုသလို ကမ်းပါးတွေဟာလဲ မြစ်ကြီးကို အနှောက်အယှက် မပြုပါဘူး။ ဒီနည်းအတူပါပဲ၊ အနှောင်အဖွဲ့တွေ၊ အခက်အခဲတွေ၊ ဒုက္ခအန္တရာယ်တွေ၊ အကန့်အသတ်တွေဟာလဲ လူကို အကျိုးမဲ့ ဖြစ်သွားအောင် မဖန်တီးကြပါဘူး။ တကယ်တော့ အဲဒီအနှောင်အဖွဲ့တွေ၊ အခက်အခဲနဲ့ ဒုက္ခအန္တရာယ်တွေ၊ အကန့်အသတ်တွေဟာ လူကို ရင့်ကျက်စေတယ်။ အတွေ့အကြုံများတဲ့သူ ဖြစ်စေတယ်။ ဟုတ်တာပေါ့ဗျာ။ အခက်အခဲ အကျဉ်းအကျပ်၊ အနှောင်အဖွဲ့တွေဟာ လူကို အောင်မြင်တဲ့သူ၊ ပြဿနာကို ဖြေရှင်းနိုင်သူ၊ ကျော်လွှားလွန်မြောက်နိုင်သူဖြစ်အောင် ဖန်တီးပေးတာပဲ။ ဘေးတွေ၊ ရန်တွေ၊ အန္တရာယ်တွေဟာ လူကို သတိရှိသူ၊ စေ့စပ်သေချာသူ၊ ဦးဆောင်နိုင်သူ၊ ဖွဲလုံ့လရှိသူ၊ စိတ်ဓာတ်ကြံ့ခိုင်သူဖြစ်အောင် ဖန်တီးပေးတာပဲ။

"ကြိုးတွေဟာ ဖောင်ကို မပြိုမကွဲ ခိုင်ခိုင်ခံ့ခံ့ သွားနိုင်အောင်၊ ကမ်းပါးတွေဟာ မြစ်ကြီးကို အရှိန်အဟုန်နဲ့ ခံ့ခံ့ညားညား စီးဆင်းနိုင်အောင် ဖန်တီးသလို အခက်အခဲနဲ့ ဒုက္ခတရားတွေ၊ အနှောင်အဖွဲ့နဲ့ အကန့်အသတ်တွေ၊ ဘေးရန် အန္တရာယ်နဲ့ ပြဿနာအထွေထွေဟာ လူကို ရင့်ကျက်သူဖြစ်စေဖို့ ဖန်တီးပေးတယ်။

ဒါကြောင့် အခက်အခဲတွေ၊ ဒုက္ခတရားတွေ၊ အနှောင်အဖွဲ့ အကန့်အသတ်တွေကို လူ့ဘဝရဲ့ အချည်းနှီး မကောင်း ဆိုးဝါးတွေလို့ အဆိုးမမြင်ဖို့ ရည်ရွယ်ချက်နဲ့ ရာဘင်ဒြာနဒ်တဂိုးက



www.burmeseclassic.com

www.burmeseclassic.com




ဖောင်ကိုချည်တဲ့ ကြိုးတွေ၊ မြစ်ကို ကန့်သတ်ထားတဲ့ ကမ်းပါး တွေအကြောင်း ပြောခဲ့တာ ဖြစ်လိမ့်မယ်။ တဂိုးကိုရော၊ ကျွန်တော့်ဖခင်ကိုပါပေါ့ဗျာ၊ ကျေးဇူးတင်လို့ သူတို့ကို ဂုဏ်ပြု တဲ့အနေနဲ့ ဒီကားကို ဆွဲခဲ့မိတာပဲ”လို့ ပြောပါတယ်။

သူ့စကားတွေက စိတ်ဝင်စားစရာ ကောင်းပါတယ်။ သူက ထပ်ဆင့်ပြီး ပြောပါသေးတယ်။ ပန်းချီကားထဲက ရေစီးသန်တဲ့ မြစ်ကြီးနဲ့ဖောင်ဟာ သူ့အတွက်တော့ ဘဝခရီးကို ခိုင်ခံ့စွာလျှောက်ဖို့ ‘အားမာန်’ကို ပေးနေမှာပါပဲတဲ့။

သူ့ဆီက ပြန်လာတော့ လမ်းတစ်လျှောက်လုံး သူ့ ပန်းချီကားထဲက မြစ်ကျောမှာ မျောနေတဲ့ ဝါးဖောင်ကို ကျွန်တော် မြင်ယောင်လာပါတယ်။ ကျွန်တော့် အိမ်ခြံဝကို မရောက်မီမှာပဲ ဆုံးဖြတ်ချက်တစ်ခု ကျသွားပါတယ်။ ငါဖောင်ဖျက်ရလိမ့်မယ်။ ဘုရင့်နောင် ဖောင်ဖျက်သလိုဆိုတဲ့ စကားအတိုင်း...ငါ ပြတ်ပြတ်သားသား လုပ်ရမယ် ‘ဖောင်ဖျက်မယ်’ဆိုတဲ့ ဆုံးဖြတ်ချက်ပါပဲ။ ဒီဆုံးဖြတ်ချက်နဲ့အတူ အားမာန်သတ္တိလဲ ကျွန်တော့်မှာ ရှိနေပါတယ်။ ။

မှတ်ချက်။ ။ မြစ်တစ်စင်းနှင့် ဖောင်တစ်စီးအပေါ်၌ လူနှစ်ယောက် ရှုမြင်အနက်ကောက်ပုံ ခြားနားကြောင်း ပြောပြသော မိတ်ဆွေတစ်ဦး၏ စကားအချို့ကို မှတ်သား ထားခြင်းမှ ဖြစ်ပါသည်။







www.burmeseclassic.com

www.burmeseclassic.com

## ကြာ

နောက်တစ်နေ့ ။

သူက အပယ်ရတနာ လိုဏ်ဂူဘုရား၏ တောင်ဘက်စင်္ကြံနံရံရှိ ရုပ်ပုံများအကြောင်း၊ ထိုရုပ်ပုံများနှင့်အတူ ရေးခြယ်ထားသောကြာပန်း၊ ကြာဖူး၊ ကြာရိုး၊ ကြာရွက်များအကြောင်းကို ပြောပြနေသည်။

ကျွန်တော်က နားထောင်သည့်အလှည့်ချည်း ယူထားသည်။

သူက စာအုပ်ထူကြီးတစ်အုပ်ကိုဖွင့်၍ ဆံချီထူပါ၏ အရှေ့ဘက်တုရိုဏ်တိုင်ထိပ်ရှိ ကြာပွင့်တစ်ပွင့်၏ ပုံကိုပြကာ ထိုကြာပွင့်၏နောက်၌ရှိသော အနက်အဓိပ္ပါယ်များကို ရှည်လျားစွာ ပြောသည်။ ကြာနှင့်ဆက်စပ်နေသည့် ကနုတ်အကြောင်းကိုလည်း ရှင်းသည်။

ကနုတ်သည် ကုမုဒဟူသော စကားမှ ဆင်းသက်လာခဲ့ဟန်ရှိကြောင်း၊ ကုမုဒမှ ကမုဒ၊ ကမုဒမှ ကနုဒ၊ ကနုဒမှ





ကနုတ်ဖြစ်လာပုံရကြောင်း သူကရှင်းပြသည်။ ကနုတ်နှင့်ပတ်သက်၍ ကူးယူရေးမှတ်ထားသော စာရွက်တစ်ရွက်ကို ဖိုင်ထဲမှထုတ်ယူကာ ကျွန်တော်ဖတ်လိုကဖတ်ရန် သူက လှမ်းပေးပါသည်။ ကူးယူထားသော ကနုတ်အကြောင်း ဖွင့်ဆိုချက်ကမျက်စိဖြင့် ကနုတ်မျိုးစုံကို မြင်လာရသကဲ့သို့ နှစ်သက်ဖွယ်ရှိလှပါသည်။

**ကြာခွေ၊ ကြာလိပ်၊ ကြာရိုး၊ ကြာစွယ်၊ ကြာရွက်၊ ကြာပွင့်ချပ်၊ ကြာဝတ်ဆံတို့ကို ကွေး၍ကော့၍၊ ခွေ၍လိပ်၍၊ ကောက်၍ လိမ်၍၊ ယိမ်း၍ယိုင်၍၊ ချိုး၍ချ၍၊ တက်၍ဆင်း၍၊ တွန့်၍ချွန်၍၊ ဖြန့်၍ကား၍နှစ်သက်စဖွယ် အဆန်းတကြယ်ထုခြင်းထွင်းခြင်း၊ ဆက်ခြင်းထိုးခြင်း၊ ပုံသွင်းခြင်း ရေးခြယ်ခြင်းသဘောကို ကနုတ်ဟု ကောက်ယူနိုင်သောဟူ၏ ။**

မြန်မာနိုင်ငံသို့ အိန္ဒိယယဉ်ကျေးမှုအနုပညာတို့ ဝင်ရောက်လာသောအခါ ကြာနှင့်မတ်သက်သော ရေးခြယ်ထုလုပ်ခြင်းများ ရှိလာခဲ့သည်။ သို့ရာတွင် မြန်မာတို့သည်ကြာကို အိန္ဒိယတိုင်းသားတို့၏ ‘မူ’အတိုင်း ရေးခြယ်ထုလုပ်ခြင်းနောက်သို့ အစဉ်တစိုက် တသဝေမသိမ်း မလိုက်ခဲ့ကြဟု သူကဆိုပါသည်။

မြန်မာတို့သည် ကြာကို အိန္ဒိယ‘မူ’နှင့် မတူသော ရေးခြယ်ထုလုပ်မှုများ ပြုလုပ်လာရုံမျှမကကြာကို အိန္ဒိယတိုင်းသားတို့ ဖွင့်ဆိုသော အနက်အဓိပ္ပါယ်များနှင့်မတူသော အခြားအခြားအဓိပ္ပါယ်အသစ်တို့ကိုလည်း ဖွင့်ဆိုခဲ့ကြသည်။ အဓိပ္ပါယ်ဖွင့်ဆိုမှုအသစ်ဖြင့် ကြာကို စေတီတော်တို့၏ မြင့်မြတ်သော နေရာများ၌



www.burmeseclassic.com

www.burmeseclassic.com



ကြာမှောက်၊ ကြာလန်များအဖြစ် မြန်မာတို့ကနေရာသစ်များလည်း ပေးခဲ့ကြသည်။

အထက်ပါအချက်တို့ကိုထောက်၍ မြန်မာတို့သည် မိမိတို့ထံရောက်လာသော ရေမြေရပ်ခြားမှ ယဉ်ကျေးမှုအနုပညာတို့ကို မပြုမပြင် မဆင်ခြင်ဘဲလက်ခံတတ်သော လူမျိုးမဟုတ်ဟုသူက ကောက်ချက်ချသည်။

မိမိတို့ထံ ရောက်လာသော ဘာသာအယူဝါဒ အတွေးအမြင်တို့ကိုလည်း မြန်မာတို့က အလွယ်တကူ လက်ခံလေ့မရှိ။ ဝေဖန်စိစစ်၍ လက်ခံသင့်သည်ကို လက်ခံသည်။ ပစ်ပယ်သင့်သည်ကို ပစ်ပယ်တတ်သော လူမျိုးဖြစ်သည်။ ဗြာဟ္မဏဟိန္ဒူအယူဝါဒများ၊ တန္တရအယူဝါဒများ၊ ထေရဝါဒနှင့် မဟာယာနအယူဝါဒများသည် မြန်မာတို့ထံ ရောက်လာခဲ့ကြသည်။ ထိုသို့ရောက်လာသော အယူဝါဒအတွေးအမြင်တို့အနက်မှ ထေရဝါဒကိုမြန်မာတို့ကရွေးချယ်လက်ခံခဲ့ကြခြင်းကိုထောက်၍ မြန်မာတို့သည်ဝေဖန်စိစစ်ခွဲခြမ်းစိတ်ဖြာရှုမြင်တတ်သော စရိုက်လက္ခဏာ(ဝါ)တွေးခေါ်ပုံတွေးခေါ်နည်းရှိသည်မှာ ထင်ရှားသည်။

သူကဆက်၍ "မြန်မာတို့၏ ဝေဖန်စိစစ်ရှုမြင်တတ်သောစရိုက်လက္ခဏာကြောင့် ထေရဝါဒကို မြန်မာတို့နှစ်သက် လက်ခံကြခြင်းဖြစ်မည်။ ထေရဝါဒက တစ်ဖန်ဝေဖန်စိစစ် တတ်သောသဘောထား (ဝါ) တွေးခေါ်ပုံ တွေးခေါ်နည်းရှိအောင် မြန်မာတို့ကို အထောက်အကူပြုလျက်ရှိပြန်သည်။ ဤအချက်သည်အောက်ပါထေရဝါဒစာပေမှ ဥပမာတစ်ခုဖြင့် သိသာပါ သည်" ဟု





ဆိုသည်။

**အခါတစ်ပါး၌ လူနှစ်ယောက်လမ်းသွားရင်း လျှော်ပုံနှစ်ပုံကို တွေ့ကြသည်။ နှစ်ဦးစလုံးလျှော်ပုံကို အိမ်သို့သယ်ယူလာကြသည်။ လမ်း၌ ထိုသူနှစ်ဦးသည် လဲပုံနှစ်ပုံကို တွေ့ကြပြန်သည်။ ထိုအခါ တစ်ယောက်က လျှော်တို့ကိုစွန့်ပစ်ပြီး လဲကို သယ်ယူသည်။ အခြားတစ်ယောက်ကမူ 'ဤနေရာထိ လျှော်တွေကို တကူးတကသယ်ယူလာပြီးပြီ၊ ယခုမှတော့ လဲကို ပြောင်းပြီး မယူတော့...'ဟုဆိုကာ လျှော်ကိုပင် ဆက်လက်သယ်ယူသည်။ မကြာမီ ထိုသူနှစ်ဦးသည် သိုးမွေးပုံနှစ်ပုံကို တွေ့ကြပြန်သည်။ လျှော်ကိုစွန့်ပစ်၍ လဲကိုယူခဲ့သူက လဲကိုစွန့်ပစ်ပြီး သိုးမွေးကို သယ်ယူသည်။ လျှော်ကို မစွန့်နိုင်သူက 'ဤနေရာထိ လျှော်ကို တပင်တပန်းယူလာခဲ့ပြီးဖြစ်၍ မစွန့်ပစ်တော့ပါ' ဟုဆိုကာ သိုးမွေးကို မယူဘဲ လျှော်ကိုသာ အိမ်အထိ သယ်ယူသွားလေသည်။**

အထက်ပါဥပမာကို ပြောပြပြီး နောက်သူကလျှော်များ၊ လဲများကို စွန့်ပစ်ပြီး ယင်းတို့ထက် ပိုကောင်းသောအရာကို သယ်ယူသူကဲ့သို့ မြန်မာတို့သည် မိမိထံဝင်ရောက်လာသော ဘာသာအယူဝါဒ၊ ယဉ်ကျေးမှုစသည်တို့နှင့် ကြုံတွေ့သည့်အခါ စွန့်ပစ်သင့်သည်ကို စွန့်ပစ်၍ ယူသင့်သည်ကို ယူခဲ့ကြသည်။ လျှော်တို့ကိုသာ တစ်လျှောက်လုံး သယ်ယူလာသူကဲ့သို့မြန်မာတို့၌



www.burmeseclassic.com

www.burmeseclassic.com




ကပ်ငြိခြင်းမရှိ၊ တရားသေတစ်ထစ်ချ ခံယူတတ်ခြင်းမရှိ။ အဟောင်းကို တွယ်ဖက်ထားတတ်ခြင်းမျိုးလည်း မရှိ။ အစွန်းရောက်သော၊ လွဲမှားသောဝါဒ သဘောတရားများ၌လည်း မြန်မာတို့သည် ကပ်ငြိခြင်း မရှိခဲ့ကြ။ မြန်မာတို့ရယူထားသော ထေရဝါဒကလည်း အစွန်းတရားများကို ကပ်ငြိတတ်သော အမြင်မျိုး မြန်မာတို့၌မရှိစေရန် အထောက်အကူပြုခဲ့သည်ဟု မှတ်ချက်ချသည်။ ထို့နောက် သူကဆိုပါသည်။

"နုံးညွန်နဲ့ ရေထဲကထွက်လာတဲ့ကြာဟာ နုံးညွန်တွေ ရေနောက်တွေနဲ့ မရောမယှက်ဘဲ လေထဲမှာ တလှတပ ပွင့်သလိုပဲ၊ မြန်မာတွေထဲမှာ ပွင့်တဲ့ အတွေးအမြင် ကြာဟာလဲ အမှားအမှား အယူဝါဒတွေ၊ အစွန်းတရားတွေနဲ့ မထိမငြိ မရောမယှက်ဘဲတင့်တင့်တယ်တယ် ရှိနေခဲ့တယ်။ နောင်ကိုလည်း တင့်တင့်တယ်တယ် ပွင့်နေစေချင်တယ်ပေါ့ဗျာ"

သူက သူ့စကားကို အဆုံးသတ်သည့်အနေဖြင့် အဝေးဆီသို့ လှမ်းမျှော်ကြည့်နေသည်။ ကျွန်တော်က သူပြောသည့် ကြာပွင့်ဆီသို့ မျှော်ငေးနေမိပါသည်။ ။





www.burmeseclassic.com

www.burmeseclassic.com

ရေ

နောက်တစ်နေ့ . . .

အပယ်ရတနာ လိုဏ်ဂူဘုရားကို လေ့လာသုတေသန ပြုနေပါသည်ဆိုသောသူနှင့် ကျွန်တော်စကားပြောဖြစ်နေကြ ပြန်ပါသည်။ မြန်မာပြည်သို့ အိန္ဒိယမှ ယဉ်ကျေးမှုများ ဘာသာအယူဝါဒများ ဝင်ရောက်လာပုံအကြောင်း၊ မြန်မာတို့၏ ယဉ်ကျေးမှုကို မြန်မာတို့ တည်ဆောက်ကြပုံအကြောင်း ပြောကြ ရင်းမှ မြန်မာတို့၏ တွေးခေါ်ပုံ၊ တွေးခေါ်နည်းအကြောင်းကို ရောက်လာသည်။ သူက . . .

"ရေရဲ့ အမူအကျင့်ကို ခင်ဗျား သတိထားမိရဲ့လား၊ ရေဟာအများအားဖြင့် သူစီးဆင်းသွားရာ လမ်းကြောင်းမှာရှိနေတဲ့ အဟန့်အတားတွေကို ဆန့်ကျင်ရင်ဆိုင်လေ့ မရှိဘူးဗျ။ သူ့ရှေ့ ရှိနေတဲ့ အဟန့်အတားတွေကိုရှောင်ပြီး ဘေးကနေ စီးချင်စီးမယ် ကွေ့ပတ် တိမ်းရှောင်ပြီး စီးချင်စီးမယ်၊ အဟန့်အတားမှာ အကြားအလပ် ရှိနေရင် အဲဒီအကြားအလပ်ကနေ တိုးဝင်စိမ့်ဝင်



ပြီးစီးတယ်၊ စီးလို့ဖြစ်နိုင်တဲ့ [illegible] သွားတတ်တယ်။

အဲဒီလိုပဲတဲ့ဗျ၊ အခက်အခဲတွေ လူမှုပြဿနာတွေနဲ့ တွေ့ကြုံလာရတဲ့အခါ ထိပ်တိုက်ဆန့်ကျင်ရင်ဆိုင်စရာတွေမလိုဘဲ ရေလိုကျင့်သုံးပြီး လိုရာကို ရောက်နိုင်တာမျိုးတွေလဲ ရှိတာပဲ။

ဒါပေမယ့် ရေဟာတစ်ခါတစ်ခါတော့လည်း အင်အား သုံးတတ်တယ်။ ရေဟာ အင်အားသုံးလာပြီဆိုရင် သစ်ပင်ကြီးတွေ၊ ကျောက်တုံးကြီးတွေ၊ မြို့ရွာတွေကိုတောင် လဲပြိုပျက်စီးစေနိုင်တာပဲ။ အဲဒီလိုပဲပေါ့ဗျာ၊ တစ်ခါတစ်ခါကျတော့လည်း အခက်အခဲတွေကို အင်အားသုံးသင့်ရင်သုံးပြီး ဖြေရှင်းကျော်လွှားရတာမျိုးလည်း ရှိတယ်။ ကျွန်တော်ဆိုလိုချင်တာက အခြေအနေကို ကြည့်ပြီး လုပ်သင့်လုပ်ထိုက်တာတွေကို အရှေ့တိုင်းသားတွေဟာ လုပ်လေ့ရှိတယ် ဆိုတာကို ပြောချင်တာပါ။ နေအုံးဗျ၊ ရှိသေးတယ်။

ရေဟာ ပင်ကိုယ်ပုံသဏ္ဌာန်မရှိဘူးတဲ့ဗျ၊ သူစီးသွားတဲ့ တစ်လျှောက်မှာ လေးထောင့်နေရာရောက်ရင်ရေဟာလေးထောင့်ပုံ ဖြစ်သွားတယ်၊ ဝိုင်းတဲ့နေရာရောက်ရင် ရေဟာဝန်းဝိုင်းတဲ့ ပုံသဏ္ဌာန်ကို ဆောင်သွားတယ်။ ရှည်မျောမျောနေရာရောက်ရင်လဲ ရှည်မျောမျောပုံ ဖြစ်သွားတယ်။ ဒါကြောင့် ရေမှာ ပင်ကိုယ် 'ပုံ'မရှိဘူး။ အခြေအနေကိုလိုက်ပြီး ပုံပြောင်းနိုင်တယ်တဲ့။

အဲဒီရေရဲ့ အမူအကျင့်လိုပဲ ပြဿနာတွေနဲ့ ရင်ဆိုင်လာတဲ့ အခါမှာ လူဟာအခြေအနေအလျောက် ပုံသဏ္ဌာန်အမျိုးမျိုးနဲ့



www.burmeseclassic.com

www.burmeseclassic.com



နည်းအမျိုးမျိုးနဲ့ ဖယ်ရှားအောင် ဖြေရှင်းရတယ်တဲ့ဗျ၊ ဒီလို ဖြေရှင်းတတ်မှ ပြဿနာတွေ ပြေလည်မယ်၊ အောင်အောင်မြင်မြင် ဖြစ်မယ်ပေါ့ဗျာ။

လွယ်တော့မလွယ်ဘူးပေါ့၊ လူမှုပြဿနာတွေ ဖြေရှင်းရတာ သိပ်ကိုလေးနက်သိမ်မွေ့တယ်၊ တော်ရုံအသိဉာဏ် အဆင်ခြင်နဲ့တော့ မဖြစ်နိုင်ဘူး၊ ပြီးတော့ ရေဟာကြည်လင်ပြီ ဆိုရင် ရေထဲမှာ ရှိနေတာတွေကို သဲသဲကွဲကွဲ ကြည်ကြည်လင်လင် တိတိကျကျ မြင်နိုင်သိနိုင်တယ်တဲ့။ ပြဿနာဖြေရှင်းမည့်သူဟာလဲ မလိုလားအပ်တဲ့ မသိမိုက်မဲမှုတွေ အစွဲအလမ်း ဒေါသမောဟ တွေကိုဖယ်ပြီး စိတ်ကို ကြည်လင်အောင် လေ့ကျင့်ရတယ်တဲ့ဗျ။ စိတ်ကြည်လင်ရင် ကိုယ့်ကိုယ်ကိုလဲ အမှန်အတိုင်း မြင်တယ်။ အခြေအနေတွေကိုလဲ မှန်မှန်ကန်ကန် သုံးသပ်နိုင်တယ်၊ အကျိုး အပြစ် အကောင်းအဆိုးကိုလဲ ခွဲခြားသိမြင်တယ်၊ ဒီလို သိမြင်ရင် ပြဿနာတွေကို ဖြေရှင်းတဲ့အခါ အောင်မြင်သူဖြစ်နိုင်မှာပဲ။

ဒီနေရာအထိ ကျွန်တော်ပြောလာတာဟာ တရုတ် တွေးခေါ်ရှင် အချို့ရဲ့ ရေနဲ့ပတ်သက်တဲ့ အမူအကျင့် အကြောင်း တွေဗျ။ မြန်မာတွေထဲမှာရှိတဲ့ ရေနဲ့ပတ်သက်တဲ့ အမြင်တစ်ခုကို ပြောရဦးမယ်။

“ရေကြောင့် နုန်းညွန်တွေ ဖြစ်လာပြီး လူကို ပေကျံတယ် ဒါပေမယ့် ရေနဲ့ပဲ အဲဒီပေကျံနေတဲ့ နုန်းညွန်အညစ်အကြေးတွေကို စင်ကြယ်စေနိုင်တယ်”။ အဲဒီလိုပဲတဲ့ စိတ်ကြောင့်ပဲ မကောင်းတဲ့ အစွဲဥပါဒါန်တွေ၊ မိုက်မဲ တွေဝေမှုတွေ အသိဉာဏ်မဲ့ခြင်းတွေရဲ့





အညစ်အကြေးတွေ ဖြစ်လာပြီး လူ့စိတ်ကို မစင်ကြယ် မကြည် လင်အောင် ဖန်တီးတာပဲ၊ ဒါပေမယ့် စိတ်ကြောင့်ပဲ အဲဒီ အညစ်အကြေးတွေကို စင်ကြယ်စေနိုင်တယ်တဲ့။

ဟုတ်တယ်၊ အဲဒီစိတ်နဲ့ပဲအစွဲဥပါဒါန်တွေကိုဖယ်၊ မိုက်မဲ တွေဝေမှုတွေကိုဖယ်၊ အသိပညာမဲ့ခြင်းတွေကို ဖယ်လိုက်ရင် စိတ်ဟာ စင်ကြယ်ကြည်လင်လာမှာပဲပေါ့ဗျာ၊ ကြည်လင် စင်ကြယ်တဲ့စိတ်ရှိရင် အခြေအနေအချင်းအရာတွေကို မှန်မှန် ကန်ကန် မြင်တတ်ပြီး ပြဿနာတွေကိုလဲ အောင်မြင်အောင် ဖြေရှင်းနိုင်မှာပဲ။

ဒီလို စိတ်စင်ကြယ်အောင် ကြိုးပမ်းနိုင်သူ၊ စင်ကြယ်တဲ့ စိတ်ရှိသူကို ‘ကြာ’နဲ့ နှိုင်းတတ်ကြတယ်ဗျ၊ ကြာဟာ ညစ်ထေးတဲ့ နုန်းညွန်နဲ့ရေမှာ ဖြစ်လာပေမယ့် လုံးလွန့်မြင့်တက်နိုင်မှုကြောင့် နုန်းညွန်စတဲ့ အညစ်အကြေးတွေနဲ့ မလိမ်းကျံဘဲ စင်စင် ကြယ်ကြယ် ရေပေါ်မှာ ပွင့်နိုင်သလိုပဲတဲ့ လူဟာလဲ ဒေါသ၊ မောဟစတဲ့ အညစ်အကြေးတွေရှိရာ ကာမဘုံမှာ မွေးဖွားလာ ပေမယ့် ကြိုးစားမှုနဲ့ အဲဒီကိလေသာအညစ်အကြေးတွေ မကပ် မငြိတဲ့ စင်ကြယ်သူ အဖြစ် ရောက်နိုင်တယ်။ ဒီလို စင်ကြယ်သူ အဖြစ် ရောက်လာသူဟာ...

“ကြာဟာကန်ကို လှပတင့်တယ်အောင် တန်ဆာဆင်ခြင်း ငှာ ဖြစ်တယ်ဆိုတာလို အဲဒီစင်ကြယ်တဲ့ စိတ်ရှိသူဟာ မလိုလား အပ်တဲ့ ပြဿနာတွေ အနိဋ္ဌာရုံတွေကို ဖယ်ရှားပေးပြီး သူ့ ဝန်းကျင်က လူသတ္တဝါတွေကို ငြိမ်းအေးကြည်သာခြင်းတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com




တင့်တင့်တယ်တယ် တန်ဆာဆင်ပေးနိုင်မှာပဲ၊ ဒီလို တန်ဆာဆင်ပေးနိုင်သူတွေ လူ့လောကမှာ များများဖြစ်ပေါ်လာပါစေလို့ ကျွန်တော်တော့ ဆုတောင်းမိပါတယ်ဗျာ”

သူ့စကားကို နိဂုံးချုပ်လိုက်သည့်အနေဖြင့် အဝေးသို့သူက ဆိတ်ငြိမ်စွာ လှမ်းမျှော်ကြည့်နေပါသည်။

ကျွန်တော်က သူ့ကို နှုတ်ဆက်ပြီး ထွက်ခွာလာခဲ့သည်။ စင့်ကြယ်ခြင်း၏ သင်္ကေတ၊ ငြိမ်းအေးကြည်လင်ခြင်း၏ သင်္ကေတအဖြစ် ရေပေါ်တွင် ဖြန့်မိုး၍ တင့်တင့်တယ်တယ် ပွင့်နေသောကြာကို မြင်ယောင်ရင်း မြတ်နိုးစိတ်တွေ ဖြစ်ပေါ်လာပါသည်။ ။





# မိုနာလီဇာ၏အမဲ့



www.burmeseclassic.com

www.burmeseclassic.com

## မိုနာလီဇာအမှဲ့

အနုပညာသည် အနုပညာအတွက်ဟူသော လှုပ်ရှားမှု အကြောင်းကို ပြောဆိုကြ၊ ဝေဖန်ကြရာမှ လီယိုနာဒိုဒါဗင်ချီ၏ မိုနာလီဇာပန်းချီကားအကြောင်း ရောက်သွားပါသည်။

စကားဝိုင်းတွင် ထိုင်နေသော မိတ်ဆွေက...

"အနုပညာဟာ ဘယ်သူ့အတွက်လဲဆိုတာ မသေချာပေမယ့် မိုနာလီဇာကတော့ ကျွန်တော့်အတွက်ဆိုတာ သေချာတယ်၊ မိုနာလီဇာဟာ ကျွန်တော့်စိတ်တွေ၊ ကျွန်တော့်အပြုအမူတွေကို ပုံမှန်ဖြစ်အောင် လမ်းညွှန်နေတာ အမှန်ပဲ"ဟု ဆိုပါသည်။

ထိုမိတ်ဆွေက မိုနာလီဇာပန်းချီကားမူရင်းကို ကိုယ်တိုင် အကြိမ်ကြိမ် ကြည့်ခဲ့ခံစားခဲ့ဖူးသည်ဟုဆိုသည်။ မိုနာလီဇာပုံတူကို သူ၏စာကြည့်ခန်း၌ တခမ်းတနား ချိတ်ဆွဲထားသည်ဟုလည်း ဆိုသည်။ သူကဆက်၍...

အခက်အခဲတွေ၊ မပြေလည်တာတွေနဲ့ စိတ်ပျက်အားလျော့နေတဲ့ အချိန်မျိုးမှာ မိုနာလီဇာကို လှမ်းကြည့်လိုက်ရင်





"မင်းတွေကြုံနေရတဲ့ အခက်အခဲဟာ မပြောပလောက်ပါဘူး"လို့ သူ့အပြုံးက ပြောနေသလိုပဲ၊ ဟုတ်တယ်ဗျ၊ သူ့အပြုံးက အခက်အခဲဆိုတာတွေကို ဂရုမစိုက်တဲ့ အပြုံး၊ အလေးမထားတဲ့ အပြုံး၊ သူ့အပြုံးကြောင့် ကြီးကျယ်တယ်လို့ ထင်ထားခဲ့မိတဲ့ အခက်အခဲတွေဟာ သိမ်ငယ်သွားသလိုပဲ။ အခက်အခဲတွေကို အပြုံးမပျက် ရင်ဆိုင်ဖို့ အင်အားတွေ ကျွန်တော့်မှာ ရလာသလိုပဲ၊ ပြီးတော့ အောင်မြင်မှုတွေနဲ့ စိတ်နေမြင့်နေတဲ့ အခါမျိုးမှာ သူ့ကိုမြင်လိုက်ရင် 'မင်းကဘာမှတန်ဖိုးမရှိတဲ့ စိတ်ထားတွေနဲ့ ဘဝင်မြင့်နေပြန်ပြီလား'လို့ ကျွန်တော့်ကို သရော်ပြုံးပြုံးနေသလိုလို ခံစားလိုက်ရတယ်၊ ဒါပေမယ့် သေချာပြန်ကြည့်တော့ အဓိပ္ပါယ်မရှိလှတဲ့ အရာတွေထဲမှာ ပျော်လိုက်၊ စိတ်ညစ်လိုက်၊ ရယ်မောလိုက်၊ ငိုရှိုက်လိုက် ဖြစ်နေသူတွေကိုကြည့်ပြီး ပြုံးနေတဲ့ သူ့အပြုံးက သနားကြင်နာတဲ့ အပြုံး၊ ခွင့်လွှတ်တဲ့အပြုံး.."

သူက မိုနာလီဇာအပြုံးကို ဖွင့်ဆိုဂုဏ်ပြုရင်း မိုနာလီဇာပန်းချီကား၏ သမိုင်းကို ရှည်လျားစွာ ပြောဆိုနေပြန်သည်။ သူ့ညာဘက်တွင် ထိုင်နေသူက သူ့စကားကို နားထောင်ရန် စိတ်မရှည်တော့သည့် အမူအရာဖြင့်...

"နေဦးဗျ၊ ခင်ဗျားပြောနေတဲ့ မိုနာလီဇာပန်းချီကားဟာ အစစ်မဟုတ်ဘူး၊ နောက်တစ်ကြိမ်ထပ်ဆွဲထားတဲ့ပန်းချီကားသာဖြစ်တယ်လို့ ပြောတာကို ကြားမိရဲ့လား"ဟု မေးပါသည်။

သူက ခပ်တွေတွေဖြစ်သွားပြီးနောက်

"ကြားတော့ ကြားလိုက်မိပါတယ်၊ အတိအကျ



www.burmeseclassic.com

www.burmeseclassic.com




မှန်တယ်လို့တော့ မဆိုနိုင်ပါဘူး၊ ဘာပဲဖြစ်ဖြစ် မိုနာလီဇာကို ပြုံးပဲပြုံးနေစေချင်ပါတယ်”ဟု ဆိုပါသည်။

ဤတွင် သူ၏ညာဘက်မှ မိတ်ဆွေက...

“ကျွန်တော်ကတော့ မိုနာလီဇာမဲ့နေမယ်ဆိုရင် ပိုသဘောကျမိမှာပဲ၊ လူသတ္တဝါဆိုတာ မကောင်းမှုမှာ မွေ့လျော်တတ်တဲ့ သဘော ရှိတယ်ဆိုမဟုတ်လား၊ ပြီးတော့ မကောင်းတဲ့စိတ်၊ မှုမမှန်တဲ့ စိတ်တွေနဲ့ လူဟာ ပြုမူတယ်၊ ပြောဆိုတယ်၊ မကောင်းတဲ့ မှုမမှန်တဲ့စိတ်တွေနဲ့ ကိုယ့်အပြစ်တွေကို ဖုံးတယ်၊ ဖိတယ်၊ ကာကွယ်တယ်၊ ကိုယ့်ကိုကိုယ် မသိချင်ယောင်လဲ ဆောင်တယ်၊ ဒီလိုဖြစ်လေ့ရှိနေတဲ့ လူ့သဘော လူ့မနောတွေကို နှိမ်နှိမ်ချချနဲ့ မိုနာလီဇာက မဲ့ရွဲ့ပြနေမယ်ဆိုရင် အဲဒီမိုနာလီဇာရဲ့ အမဲ့ကို ကျွန်တော်ကတော့ မြတ်နိုးလေးစားမှာပါပဲဗျာ”ဟု ပြောရင်း ထိုမိတ်ဆွေက ကျွန်တော်တို့ဘက်လှည့်၍ မဲ့ပြပါသည်။

ကျွန်တော်တို့က ထိုမိတ်ဆွေ၏ အမဲ့ကိုကြည့်ရင်း ပြုံးလိုက်မိပါသည်။ ကျွန်တော်တို့ အပြုံးများ၏ နောက်ကွယ်၌ အလေးအနက် အဓိပ္ပါယ်ဖွင့်ဆိုစရာ မရှိဟု ထင်ပါသည်။





www.burmeseclassic.com

www.burmeseclassic.com

# အမုန်တရား

ထိုနေ့က ကျွန်တော် တွေ့ချင်လှသည့် ဆရာနှင့်ပြန်၍ ဆုံပါသည်။

အကြောင်းအရာ မျိုးစုံအောင် အားပါးတရ ပြောကြရင်းမှ မည်သည့်အခါမျှ မရှိနိုင်သည့် 'အမုန်တရားဆိုတာ ဘာလဲ' ဆိုသော အကြောင်းကို ရောက်သွားပါသည်။

ဆရာက အိုမာခရမ်၏ ကဗျာတစ်ပုဒ်ကို ရွတ်ပြပါသည်။

ကဗျာ၏ သဘောမှာ မှတ်မိသလောက် အောက်ပါကဲ့သို့ ဖြစ်ပါသည်။

'ငယ်စဉ်က ငါဟာ
သူတော်စင်တွေ ပညာရှင်တွေဆီကို
မျှော်လင့်ချက်ကြီးစွာနဲ့
ကြိမ်ဖန်များစွာ သွားခဲ့ဖူးတယ်။
(အမုန်တရား)အကြောင်း သိရအောင်လို့ပေါ့။
အမုန်တရားနဲ့ ပတ်သက်ပြီး





သူတို့ အကြီးအကျယ် ဆွေးနွေး ငြင်းခုံတာတွေကို
ငါကြားနာခဲ့ရတယ်။
ဒါပေမယ့်
ငါဟာ ဝင်သွားခဲ့တဲ့ တံခါးပေါက်ကပဲ
အမြဲတမ်း ပြန်ထွက်ခဲ့ရတာချည်းပဲ။'

အထက်ပါကဗျာကို ရွတ်ပြ၍ ထိုကဗျာ၌ ပါသော အင်္ဂလိပ် စာလုံး အချို့၏ အနက် သဘောကို ရှင်းပြပါသည်။ ထိုသို့ ရှင်းပြပြီးနောက် ဆရာက အောက်ပါကဲ့သို့ ပြောပြပါသည်။

"သည်ကဗျာရဲ့ ပဓာနဆိုလိုချက်က အမုန်တရားကို ပညာရှင်တွေ အကြီးအကျယ် ဆွေးနွေးကြ တင်ပြကြတယ်။ ပြီးတော့ငြင်းခုံကြတယ်။ ဒါပေမယ့်အမုန်တရားဆိုတာ ဘယ်ကဲ့သို့ ဖြစ်ဘယ်ဆိုတဲ့ အဖြေ ထွက်မလာဘူး။ သည်တော့ အမုန်တရား ဆိုတာကို ဘာမှန်းမသိဘဲ ပြန်လာခဲ့ရတာချည်းပဲလို့ ဆိုလိုကာ ဖြစ်လိမ့်မယ်။ နေဦး...နောက်တစ်ခု ပြောစရာရှိသေးတယ်။

"တစ်ခါတုန်းက ဆွေးနွေးပွဲ Seminar တစ်ခုမှာ ပါမောက္ခကြီးတစ်ဦးနဲ့ ဆရာဆရာမ၊ ကျောင်းသူကျောင်းသား တွေဟာ အမုန်တရားနဲ့ပတ်သက်ပြီး ဆွေးနွေးကြ၊ ငြင်းခုံကြ တယ်။ ငြင်းခုံတာတွေက မပြီးနိုင်ဘူး။ ဒါနဲ့ ပါမောက္ခကြီးက...

'အမုန်ရားဆိုတာ ဘာလဲ'ဆိုတဲ့ ပြဿနာရဲ့အဖြေကို သူ ပေးပါမယ်။ သူထိုင်တဲ့အခန်းထဲက စားပွဲပေါ်မှာ တင်ထားတဲ့ သေတ္တာထဲမှာ ထည့်ထားခဲ့မယ်။ ခဏကြာရင် အားလုံးပဲ သွားကြည့်ကြပါ"။ သည်လိုပြောပြီး၊ ဆွေးနွေးပွဲကနေ ထပြီး



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားတယ်။ သူမှာထားတဲ့အတိုင်း ခဏကြာတော့ ပါမောက္ခကြီးရဲ့ အခန်းကို အားလုံးပဲ သွားကြည့်ကြတယ်။

"အခန်းထဲရောက်တော့ ပါမောက္ခကြီးရဲ့ စားပွဲပေါ်မှာ တကယ့်သေတ္တာကိုတော့ မတွေ့ရဘူး။ စက္ကူဖြူတစ်ချပ်ပေါ်မှာ ခဲတံနဲ့ ရေးဆွဲထားတဲ့ သေတ္တာပုံတစ်ခုကိုတော့ တွေ့ရတယ်။ ပြီးတော့ အဲဒီသေတ္တာပုံရဲ့ အောက်နားမှာ 'ဤသေတ္တာထဲ၌ အမှန်တရားရှိ၏။ ဖွင့်ကြည့်ပါ'လို့ စာတန်းတစ်ခုကိုလည်း တွေ့ရတယ်။

တကယ့်သေတ္တာမဟုတ်တော့ ဘယ်လိုလုပ် ဖွင့်ကြည့်လို့ ရမှာလဲ။

"ပါမောက္ခကြီး ရေးဆွဲထားတဲ့သေတ္တာထဲကအမှန်တရားကို သူတို့ ဘယ်လို နားလည်သွားကြသလဲတော့ မသိဘူး။ တွေးကြည့်လို့ရတာကတော့ လောကမှာရှိတဲ့ အရာခပ်သိမ်းဟာ အမြဲ ပြောင်းလဲနေတယ်။ တချို့ ရုပ်မှုန်ကလေးတွေရဲ့ သက်တမ်းဟာ ဒသမ ၀၀၀,၀၀၀,၀၀၀,၀၀၀,၀၀၀,၀၀၀,၀၀၀, ၀၀၁ စက္ကန့် လောက်ပဲ ရှည်ကြာတယ်။ သူတို့တွေထက် ပြောင်းလဲမှု လျင်မြန်တဲ့ ရုပ်မှုန်တွေလည်း ရှိတယ်။

သည်တော့ 'ဤအရာ'လို့ ထောက်ပြလိုက်တာနဲ့ တစ်ပြိုင်နက် 'ဤအရာ' မဟုတ်တော့ဘူး။ 'ထိုအရာ'လို့ ပြောလိုက်ရင်လည်း 'ထိုအရာ' မဟုတ်တော့ဘူး။

ရုပ်တွေရဲ့ တကယ့်အဖြစ်မှန် တကယ့်သဘာဝက ခဏ မလပ် ပြောင်းလဲနေတာ။ ပြောင်းနေတဲ့ ပြောင်းလဲနေတဲ့





အစဉ်ကြီးထဲမှာ ဒါမှမဟုတ် စွမ်းအင် Energyလောကကြီးထဲမှာ စားပွဲတို့၊ ကုလားထိုင်တို့၊ သစ်ပင် တောတောင်ဆိုတာတွေတို့၊ ယောကျ်ား မိန်းမဆိုတာတို့၊ သူ – ငါ ဆိုတာတို့ဟာ ရှိတာ မဟုတ်ဘူး။ ရှိတဲ့ အရာတွေ မဟုတ်ဘူး။

ဒါတွေမရှိတော့ ချစ်တာတို့၊ မုန်းတာတို့၊ ဝမ်းနည်းရ၊ ဝမ်းသာရတာတို့၊ စွဲလမ်းတပ်မက်တာ၊ နှမြောတသတာတို့၊ မှန်ခြင်းမှားခြင်း၊ တရားမျှတခြင်း မမျှတခြင်း ဆိုတာတို့ဟာလည်း မရှိဘူး။ အဲသည်လို မရှိတာဟာ အမှန်တရားပဲ။ စက္ကူဖြူပေါ်မှာ ပါမောက္ခကြီး ရေးဆွဲထားတဲ့ သေတ္တာထဲမှာ ဘာမှမရှိပါဘူး။ မရှိတာဟာ အမှန်တရားပဲ။ အဲဒီအမှန်တရားကို သိဖို့ အားထုတ်ရတဲ့ နည်းတွေ ရှိတယ်၊ ရှိပါတယ်။ ဒါပေမယ့်...

မင်းတို့ ငါတို့တွေက 'မရှိခြင်း အမှန်တရား'ကိုရှာဖို့ စိတ်မဝင်စားကြဘူး။ အရှိတရားတွေကို ရှာဖို့ပဲ စိတ်ဝင်စားတယ်။ အမှန်တရားကို ရှာဖို့ပဲ စိတ်ဝင်စားတယ်။ မမှန်တရားကို ရှာဖို့ပဲ လုံ့လတွေ ထုတ်နေတယ်။ သည်တော့ တို့တစ်တွေ ပြုံးရင်းပျော်ရင်း ကြည်သာရွှင်ပျနေရင်းက ငေးရငိုင်ရ၊ မောရ၊ ဟိုက်ရ၊ ငိုရှိုက်ရ၊ ကြေကွဲနာကြည်းရတာတွေ ဖြစ်ဦးတော့မယ်။ အဲ...ငါလည်း မင်း ဝင်လာတဲ့ တံခါးပေါက်ကပဲ ပြန်ထွက်ပြီး မင်းကို လိုက်ပို့မယ်'

ဆရာနှင့်ကျွန်တော် ဒဿနိကဗေဒဌာနမှ ဝိဇ္ဇာအဆောက်အဦး ထွက်ပေါက်ဆီသို့ လျှောက်လာခဲ့ကြပါသည်။ ။



www.burmeseclassic.com

www.burmeseclassic.com



# လပြည့်ည



# လပြည့်ည

(၁)

လပြည့်ည ဖြစ်ပါသည်။

(၂)

မိတ်ဆွေဖြစ်သူက နက္ခတ္တဗေဒကို စိတ်ဝင်စားသူဖြစ်သည်။ သူနိုင်ငံခြားတွင် ရှိစဉ်က နက္ခတ္တမျှော်စင်ကြီးတစ်ခုမှ အာကာသဆီသို့ လှမ်း၍ ကြည့်ရှု လေ့လာခဲ့ပုံများကိုလည်း ပြောပြပါသည်။

"ကျွန်တော်တို့ ကမ္ဘာကနေပြီးတော့ သာမန်မျက်စိနဲ့ ကြည့်ရင် လ,ဟာ ကြည့်လို့လှတာပေါ့ဗျာ၊ ဒါကြောင့်လည်း အနုပညာရှင်တွေဟာ လ,ကို အမျိုးမျိုးတင်စားကြ၊ ရေးဖွဲ့စပ်ဆိုကြတာ ဖြစ်မှာပေါ့။ ဒါပေမယ့် အဲဒီနက္ခမျှော်စင်ကြီးကနေပြီး လ,ကို ကျွန်တော်အကြိမ်ကြိမ် ကြည့်ဖူးတယ်၊ ကြည့်တိုင်းကြည့်တိုင်း သေငယ်ဇောနဲ့ လ,ကမျောနေပုံဗျ၊ လ,ကိုကြည့်မိတိုင်း ဒိတ်တွေညစ်ညူးလာလို့ တခြားဂြိုဟ်တွေဆီ ပြောင်းကြည့်ရ



www.burmeseclassic.com

www.burmeseclassic.com



တယ်။”

“တခြားဂြိုဟ်တွေကတော့ မြင်ရတာ အင်မတန် လှပတယ်၊ ကြည့်လို့ကောင်းတယ်၊ ကြည့်ရင်း ပျော်ရွှင်တဲ့စိတ်တွေတောင် ဖြစ်လာတယ်၊ တချို့ကဗျာဆရာတွေ စပ်ဆိုကြတာရှိတယ်၊ ဘာတဲ့…သူ့ချစ်သူဟာ လဝန်းကြီး ဖြစ်မယ်ဆိုရင် အဲဒီလဝန်းကြီးနားမှာရှိတဲ့ ကြယ်ပွင့်လေးလို မခွဲမခွာ ရှိနေချင်တယ်ဆိုတာလေ၊ ဒီကမ္ဘာကနေပြီး သာမန်မျက်စိနဲ့ကြည့်ရင် လဆန်းရက်တွေမှာ လ,ရဲ့ဘေးနားမှာ ကြယ်ကလေးတွေကို တွေ့နိုင်တယ်။

“ဒါပေမယ့်ဗျာ တကယ်တော့ ကျွန်တော်တို့ ကမ္ဘာကနေမြင်ရတဲ့ လနဲ့ကြယ်တွေဟာ တစ်ခုနဲ့တစ်ခု အဝေးကြီးဝေးလိုက်တာမှ မိုင်ပေါင်းသန်းများစွာပါပဲ၊ ကျွန်တော်တို့ကမ္ဘာနဲ့ အနီးဆုံးကြယ်ဟာ အလင်းနှစ် ၄ နှစ်ကျော်ဝေးတယ်ဆိုတော့ ကျွန်တော်တို့လနဲ့ အနီးဆုံးကြယ်ဟာ မိုင်ပေါင်းအားဖြင့် သန်းပေါင်း ၂၅ သန်းလောက် ဝေးမှာပေါ့၊ သန်းပေါင်း ၂၅ သန်းလောက် ဝေးကွာနေကြရတဲ့ ကြယ်နဲ့လတို့ရဲ့ဘဝက ဘယ်လိုမှ မနီးစပ်နိုင်တဲ့ဘဝ၊ ဘယ်လိုမှ အနားမှာနေလို့မရတဲ့ဘဝတွေပါ။”

“ကျွန်တော်တို့ ကမ္ဘာကနေကြည့်ရင်တော့ ကြယ်လေးတွေဟာ မှိန်တုတ်မှိန်တုတ် အလင်းရောင်လေးတွေနဲ့ မဟုတ်လား၊ မျက်ရည်လေးတွေများ ဝိုင်းနေသလို၊ အားငယ်နေသလို ကြယ်ပွင့်ကလေးတွေအဖြစ် ရေးကြ၊ ဖွဲ့ကြ၊ စပ်ဆိုကြသေးတယ်၊ တကယ်တော့ ကြယ်တွေဟာ နေ့တွေပဲဗျ၊ အဲဒီကြယ်လို့ခေါ်တဲ့





နေတွေမှာ ဟိုက်ဒရိုဂျင်ပုံးပေါက်ကွဲတဲ့ ဖြစ်စဉ်မျိုးနဲ့ အင်မတန်ကြီးမားတဲ့ ကြောက်မက်ဖွယ်ကောင်းတဲ့ အပူစွမ်းအင်တွေ ဖြစ်နေတာ၊ ကြယ်တွေဟာ အားမငယ်ကြပါဘူးဗျာ။ ကြောက်မက်ဖွယ်ရာ ကောင်းလောက်အောင် စွမ်းအင်တွေရှိနေတဲ့ နေကြီးတွေပါ၊ အမြင်အထင်နဲ့ တကယ့်ဖြစ်စဉ်ဟာ တစ်ခြားစီပဲ၊ နေဦးဗျ…ကျွန်တော်တို့ နေစကြာဝဠာထဲက သောကြာဂြိုဟ်ကို ရှေးခေတ်ဂရိတွေက “ဗီးနပ်စ်”လို့ အမည်ပေးထားတယ်၊ ဗီးနပ်စ်ကို အားမြခြင်း၊ ချမ်းမြေ့ခြင်း၊ ကြည်သာခြင်းသဘောရှိတဲ့ အလှနဲ့အချစ်အဖြစ် ဂရိတွေက တင်စားခေါ်ဝေါ်ခဲ့ကြတာ၊ ဒါပေမယ့်ဗျာ… ဗီးနပ်စ်ရဲ့ မျက်နှာပြင်ပေါ်မှာ လေတိုက်နှုန်းက ဘစ်နာရီကို မိုင် ၂၀၀လောက်ရှိတယ်။ အပူချိန် ဖာရင်ဟိုက်ဒီဂရီကလည်း ၉၀၀ လောက်ရှိတယ်ဆိုတော့ ဗီးနပ်စ်ရဲ့ အလှနဲ့အချစ်တွေက လေပြင်းတွေ၊ ဖုန်မှုန့်တွေနဲ့ညစ်ပတ်ပေကျံနေတယ်၊ အလှနဲ့ အချစ်ဆိုတာ ရိုင်းစိုင်းတယ်၊ ကြမ်းတမ်းတယ်၊ ပူလောင်တယ်ဆိုတဲ့အဖြစ် ရောက်သွားသလိုပဲ၊ အထင်အတွေးနဲ့ တကယ့်အဖြစ်၊ တကယ့်အမှန်တရားဟာ တခြားစီပေါ့ဗျာ။”

“ဒါပေမယ့် အခုကျွန်တော်ပြောနေတဲ့ ကြယ်တွေ နေ့တွေကို သိတဲ့အသိ၊ လ,ကို ဂြိုဟ်ကို သိတဲ့အသိဟာလဲ သမုတိအားဖြင့်သာ မှန်တဲ့ အသိဗျ၊ အဲဒီကြယ်တွေ နေတွေဟာလည်း သမုတိအနေနဲ့သာ ရှိနေကြတာ၊ သူတို့တွေဟာလည်း တကယ့် အမှန်တရားတွေ မဟုတ်ဘူးပေါ့ဗျာ၊ တကယ့် အမှန်တရားဆိုတာကတော့ ‘ပြောင်းလဲခြင်း’ဆိုတာပါပဲ။ တခဏမျှ



www.burmeseclassic.com

www.burmeseclassic.com



မရပ်ဘဲ ပြောင်းနေတဲ့ ပြောင်းလဲခြင်းသည်သာ အမှန်တရားပဲ၊ ခဏမလပ် ပြောင်းနေတဲ့ ပြောင်းလဲခြင်းမှာဒြပ်သဏ္ဍာန် လုံးဝမရှိဘူး၊ သူလဲမရှိဘူး၊ ငါလဲမရှိဘူး၊ မိန်းမလဲမရှိဘူး၊ ယောကျ်ားလဲမရှိဘူး။ နေတွေ လတွေလဲမရှိဘူး။ ဂြိုဟ်တွေ ကြယ်တွေဆိုတာလဲ မရှိဘူး။ အဲဒီလို မရှိတာကို သိခဲ့ကြတဲ့သူတွေရှိခဲ့တယ်ဗျ၊ သိအောင်လုပ်တဲ့နည်းတွေလဲ ရှိနေသေးတယ်။

"အမြဲပြောင်းလဲနေခြင်းသည်သာ အမှန်တရားပဲ"လို့သိတော့ ဒြပ်သဏ္ဍာန်ဟူသမျှ၊ သူ,ငါ,ယောကျ်ား,မိန်းမ ဟူသမျှအပေါ် အစွဲကုန်သွားတာပေါ့ဗျာ၊ အစွဲမရှိသူဟာ ငြိမ်းအေးခြင်းကိုရယူသွားသူဖြစ်တယ်၊ လောကမှ လွန်မြောက် သွားသူဖြစ်တယ်လို့ဆိုရမယ်"။

(၃)

နက္ခတ္တဗေဒကို စိတ်ဝင်စားသော မိတ်ဆွေက အထက်ပါစကားများကို ပြောဆိုပြီးဆုံးသောအခါ အခြားမိတ်ဆွေတစ်ဦးက

"ခင်ဗျားပြောတဲ့ အမှန်တရားဆိုတာကို မသိနိုင်သေးခင်မှာတော့ ကြယ်ကလေးတွေနဲ့ လပြည့်ဝန်းကြီးဆီ လှမ်းမျှော်ပြီးကျုပ်ကတော့ အားတင်းဦးမှာပဲ"ဟု ဆိုပါသည်။ သူကဆက်၍'ဒုက္ခတွေ အခက်အခဲတွေဆိုတဲ့ တိမ်မည်းညိုတွေလွှမ်းဖုံးနေပေမယ့် ကြံ့ကြံ့ခံနိုင်ရင် အောင်မြင်ခြင်းဆိုတဲ့ လဝန်းကြီးထွက်ပေါ်လာမှာပဲလို့ မျှော်လင့်အသက်ရှင်ချင်သေးတယ်ဗျာပြီးတော့ ဟောဒီကဗျာလေးကိုလည်း အသက်ရှင်နေစေချင်





သေးတယ်"ဟု ပြောရင်း အောက်ပါကဗျာကို ရွတ်ဆိုပါသည်။

**မိုးပေါ်မှာ ကြယ်တစ်လုံး**
**တိမ်ဖုံးပါလို့ လ,မသာ။**
**သာတဲ့အခါ သာပါလိမ့်**
**နတ်ဒေဝါ သူဖန်ဆင်း**
**မိုးရွှေလမင်း။ ။**

(၄)


စကားဝိုင်းသိမ်း၍ ပြန်ကြရန်အတွက် နက္ခတ္တဗေဒကို ဝါသနာပါသူ အိမ်ရှင်မိတ်ဆွေကို နှုတ်ဆက်ကြပါသည်။

ထိန်ထိန်သာသည့် လရောင်အောက်၌ လမ်းလျှောက်ပြန်ရမည်ကို ကျွန်တော်တို့မိတ်ဆွေအားလုံး ဝမ်းသာကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com




## ဓမ္မဘဏ္ဍာဂါရိကအား ရှိခိုးခြင်း

တရားဘဏ္ဍာစိုး ဖြစ်တော်မူသော မင်းကွန်းတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီး အရှင်ဝိစိတ္တသာရာဘိဝံသ၊ သက်တော် (၈၁)နှစ် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း* ကြေညာချက်ကို ကြားလိုက်ရသောအခါ ကျွန်တော်တို့အားလုံး စကားမပြောနိုင်ကြတော့ဘဲ နှမြောတသခြင်း များစွာဖြင့် ဆရာတော်ကြီး၏ ခန္ဓာကိုယ်ရှိရာသို့ မှန်းမျှော်ရှိခိုးကြရင်း ဆိတ်ငြိမ်လျက်ရှိကြပါသည်။

ထို့နောက် ဆရာတော်ကြီး၏ သံဝေဂဩဝါဒကထာမှ လင်္ကာများကို ရွတ်ကြပါသည်။

လင်္ကာများကို ရွတ်ဆိုပြီးကြသောအခါ ဆရာတော်ကြီး၏ ဂုဏ်ကျေးဇူးများကို တစ်ယောက်လျှင်တစ်မျိုး ပြောမိကြပါသည်။ ကျွန်တော်တို့အထဲမှ မိတ်ဆွေတစ်ဦးက –

* ၁၉၉၃ ခု၊ ဖေဖော်ဝါရီလ ၉ ရက် အင်္ဂါနေ့၊ ညနေ ၄ နာရီ ၄၀ မိနစ်အချိန်တွင် ပျံလွန်တော်မူသည်။



www.burmeseclassic.com

www.burmeseclassic.com

“တိပိဋကဆရာတော်ကြီး ပြောပြတဲ့ သံတုံးဥပမာကြောင့် ကျွန်တော်ဟာ အခုလို လူအဖြစ် အသက်ရှင်လာတာဗျ” ဟုဆိုပါသည်။

သူကဆက်၍ ဆရာတော်ကြီး၏ သံတုံးဥပမာကို အောက်ပါကဲ့သို့ ပြောပြပါသည်။

“သံတုံးကို နှစ်ပေါင်းများစွာ မီးထဲမှာ အမြဲထည့်ထားရင် တစ်နေ့နေ့မှာ အရည်ဖြစ်ပြီး ကစဉ့်ကရဲ ပျောက်သွားမယ်။ လူ့ရဲ့အသုံးအဆောင် ပေါက်တူး၊ တူးရွင်း၊ ဓားအစရှိတဲ့ အသုံးဝင်တဲ့ ပစ္စည်းဆိုလို့ ဘာမှဖြစ်မလာနိုင်ဘူးတဲ့ဗျ…

“သံတုံးကို နှစ်ပေါင်းများစွာ (လေနဲ့ထိတွေ့နိုင်တဲ့) ရေထဲမှာ အမြဲထားပြန်ရင်လဲ သံချေးတက်ပြီး ကစဉ့်ကရဲနှင့် ပျောက်ကွယ်သွားမယ်။ လူ့ရဲ့အသုံးအဆောင် ပေါက်တူး၊ တူးရွင်း၊ ဓားအစရှိတဲ့ ပစ္စည်းမျိုးတွေ ဖြစ်မလာနိုင်ဘူး…

“သံတုံးကို မီးထဲမှာထည့်ပြီး အပူပေးလိုက်၊ တစ်ခါ ထုတ်ပြီးတော့ ကိုယ်ကြိုက်တဲ့ပုံရအောင် တူနဲ့ထုပေး၊ ပြင်ပေး လိုက်။ ရေထဲကို အဲဒီထုရိုက်ပြုပြင်ပေးထားတဲ့ သံကို ချပေး နှစ်ပေးလိုက်… နဲ့။ အဲဒီလို မီးတစ်လှည့်၊ တူတစ်လှည့် ရေ တစ်လှည့် အကြိမ်ကြိမ်ပြုပြင်ပေးသွားရင် တစ်နေ့ကျတော့ အဲဒီသံတုံးဟာ လူ့ရဲ့အသုံးအဆောင် ပေါက်တူး၊ တူးရွင်း၊ ဓားစသည်ဖြစ်လာမှာ ဧကန်ပဲတဲ့ဗျ…

“သံတုံးဆိုတာက သတ္တဝါရဲ့ခန္ဓာ၊ သတ္တဝါရဲ့ဘဝကို ဆိုလိုတာပေါ့ဗျာ…။ ဒုက္ခဆိုတဲ့မီးတွေ အပူအလောင်တွေ





ချည့်ရှိတဲ့ လောကမျိုးရှိတယ်။ အဲဒီလောကမျိုးမှာ ရောက်ရှိနေတဲ့ သတ္တဝါရဲ့ ခန္ဓာဟာ မီးထဲအမြဲထည့်ထားခံရတဲ့ သံတုံးလို ဒုက္ခတွေနဲ့ပဲ အချည်းနှီး ကစဉ့်ကရဲဖြစ်သွားတယ်။ ဒီသတ္တဝါရဲ့ ဘဝဟာ ဘာကောင်းမှုကုသိုလ်ပါရမီမှ မဖြစ်စေနိုင်တဲ့ဘဝ၊ အကျိုးမရှိ အသုံးမဝင် တန်ဖိုးမရှိတဲ့ဘဝ ဖြစ်သွားတယ်…

“ပြီးတော့ သုခဆိုတဲ့ရေလို အေးမြတဲ့ချမ်းသာမှုတွေပဲရှိတဲ့ လောကမျိုးလဲရှိတယ်။ အဲဒီလောကမျိုးမှာ ရောက်ရှိနေတဲ့ သတ္တဝါဟာလဲ ရေထဲအမြဲထားတဲ့ သံတုံးဟာ လေထိနိုင်လို့ သံချေးစားပြီး ပျက်စီးသွားသလိုပဲ၊ ချမ်းသာမှုတွေထဲမှာ မေ့လျော့စွာနဲ့ နှစ်မြောနေရင်လဲ ကုသိုလ်ပါရမီ အစရှိတဲ့ အရည်အချင်း တွေရှိတဲ့ ဘဝမျိုးဖြစ်မလာနိုင်ဘဲ အချည်းနှီး ကစဉ့်ကရဲ ဖြစ်သွားတယ်…

“လူ့ဘဝ၊ လူ့လောကကတော့ သုခ၊ ဒုက္ခဆိုတဲ့ ပူလိုက်၊ အေးလိုက်တွေ ရောထွေးနေတဲ့ လောကမျိုးဖြစ်တယ်။ လူ့ဘဝ၊ လူ့ခန္ဓာဆိုတဲ့ သံတုံးကို အနိဋ္ဌလောကဓံဆိုတဲ့ ဒုက္ခမီးထဲရောက်လိုက်၊ ယောနိသောမနသိကာရဆိုတဲ့ တူနဲ့ ထုလိုက်၊ ပြင်ပေးလိုက်၊ ဣဋ္ဌလောကဓံဆိုတဲ့သုခရေထဲ နှစ်ပေး လိုက်နဲ့… ၁။ အနိဋ္ဌလောကဓံဒုက္ခတွေ ၂။ ချင့်ချိန်တိုင်းထွာ ဆင်ခြင်သတိပြုခြင်းဆိုတဲ့ တူရဲ့အထုအခတ် ၃။ ဣဋ္ဌလောကဓံ သုခတွေ…၊ ဒါတွေနဲ့ တွေ့ထိဖန်များတော့ မီးတစ်လှည့်၊ တူ တစ်လှည့်၊ ရေတစ်လှည့် အကြိမ်ကြိမ်ပြုပြင်ပေးခံရတဲ့ သံတုံးဟာ ပေါက်တူး၊ တူးရွင်း၊ ဓား…ဖြစ်လာသလို၊ ဒီလူ့ဘဝ လူ့ခန္ဓာမှာ



www.burmeseclassic.com

www.burmeseclassic.com




ကောင်းမှုကုသိုလ်ပါရမီတွေ ဖြစ်လာမယ်။ သမ္မာသမ္ဗောဓိဉာဏ်၊ ပစ္စေကဗောဓိဉာဏ်၊ သာဝကဗောဓိဉာဏ် မျိုးတွေတောင် ဖြစ်လာနိုင်တယ်တဲ့...

"ဆရာတော်ကြီးရဲ့ သံတုံးဥပမာကို ကြားနာရတော့ လူ့အဖြစ် လူ့ဘဝဟာ ဆိုခဲ့တဲ့ဉာဏ်မျိုးတွေကိုတောင် ရအောင် လုပ်နိုင်တဲ့ အခြေအနေကောင်းတွေ ပေးထားတဲ့ဘဝမျိုးပါလား။ လူဟာ တန်ဖိုးရှိတဲ့ အသုံးဝင်တဲ့ အဖြစ်မျိုးကိုရအောင် ရောက်အောင် လုပ်နိုင်သူပါလားဆိုတဲ့အသိကို ရလာတယ်ဗျာ။ လူဖြစ်ရခြင်းဟာ အခွင့်ကောင်းကြီးတစ်ရပ်ကို ရနေတာပါကလားလို့ မြင်လာခဲ့တယ်။ 'လူ့ဘဝရခိုက်မှာ လူလိုအသက်ရှင်မယ်'ဆိုတဲ့ ဆုံးဖြတ်ချက်ကို ကျွန်တော်ချခဲ့နိုင်ဘာပဲ။ လူလိုအသက်ရှင်တတ်အောင် ဖန်တီးပေးခဲ့တဲ့ ဆရာတော်ကြီးကို ကျွန်တော်ရှိခိုးပါတယ်"

သူက ဆရာတော်ကြီးရှိရာဘက်သို့ မှန်းမျှော်ကာ ရှိခိုးပါသည်။

ကျွန်တော်တို့ကလည်း လက်အုပ်ချီရှိခိုးကာ သာဓုသုံးကြိမ်ခေါ်လိုက်ကြပါသည်။





www.burmeseclassic.com

www.burmeseclassic.com

## ဝက်ပါမှတ်တမ်း

အဖြေမရနိုင်တဲ့ ပြဿနာတစ်ထွေးတစ်ပွေနဲ့ ဝက်ပါတောင်ကို ကျွန်တော် တက်လာခဲ့တယ်။

စေတီကလေးကိုရောက်တော့ နေတောင် တော်တော်စောင်းနေပြီ။

အဲဒီ စေတီကလေး နားမှာပေါ့ဗျာ၊ သူ့ကို ကျွန်တော်တွေ့တာ။

ကျွန်တော့်အဖြစ်က စာရေးဆရာကြီး လီယိုတော်လ်စတွိုင်းရဲ့ အဖြစ်နဲ့ ခပ်ဆင်ဆင် တူတယ်လို့ ဆိုရမလားဘဲ။ ကျွန်တော့်စိတ်ကို အင်မတန်ထိခိုက်စေတဲ့ စာပိုဒ်တချို့ သူ့စာအုပ်တစ်နေရာမှာ ဖော်ပြထားတာ ရှိတယ်။

"လွန်ခဲ့တဲ့ ငါးနှစ်လောက်က သူ့မှာ ထူးခြားတဲ့ အခြင်းအရာတစ်ခု ဖြစ်ပေါ်ခဲ့တယ်တဲ့။ အဲဒီ အခြင်းအရာကြောင့် ဘဝရဲ့ လျှို့ဝှက်နက်နဲတဲ့ သဘောတွေကို နားမလည်နိုင်အောင်ဖြစ်ပြီး ဘယ်ပုံဘယ်နည်း အသက်ရှင်ရမယ်ဆိုတာကို





မသိလောက်အောင် ဖြစ်ခဲ့ရတယ်။ ဒါကြောင့် ငါ့ဘဝတော့ဆုံးပြီဆိုပြီး စိတ်ဝမ်းညှိုးငယ်ခြင်းတွေ ဖြစ်တယ်၊ ဒါပေမယ့် အဲဒီအခြင်းအရာဟာ မှေးမှိန်ပျောက်ကွယ်သွားပြန်တယ်။ ဒါနဲ့ သူလဲ အရင်ကလိုပဲ ဆက်လက် နေလာခဲ့ပြန်တယ်တဲ့။ ဒီလိုနေရင်းက နားမလည်နိုင်လောက်တဲ့ ဘဝရဲ့ လျှို့ဝှက်နက်နဲရှုပ်ထွေးမှုတွေဟာ အရင်ကလိုပဲ ပေါ်လာပြန်တယ်။

အဲဒီ လျှို့ဝှက်နက်နဲရှုပ်ထွေးမှုတွေဟာ မေးခွန်းတွေအနေနဲ့ သူ့ရဲ့သန္တာန်မှာ ပေါ်လာကြတယ်။ ဘာအတွက် လူ့ဘဝမှာ အသက်ရှင်နေကြသလဲ၊ သည်ဘဝမှာ အသက်ရှင်ပြီးရင် နောင်ဘာဖြစ်ဦးမလဲဆိုတဲ့ မေးခွန်းတွေတဲ့ဗျ။

"မင်စက်တွေဟာ တစ်နေရာတည်းမှာ ထပ်တလဲလဲကျတဲ့အခါမှာ အမည်းကွက်ကြီး ဖြစ်လာသလို ထပ်တလဲလဲ ဖြစ်ပေါ်နေတဲ့ အဲဒီအမေးပုစ္ဆာတွေဟာလဲ ပြဿနာရပ်ကြီးအဖြစ် ရောက်လာပြီးတော့ အဖြေကိုလည်း မရမက တောင်းဆိုနေတယ်။ အဲဒီအမေးပုစ္ဆာတွေဟာ အဓိပ္ပါယ်မဲ့တဲ့ လေးနက်မှု မရှိတဲ့ ကလေးကလားဆန်တဲ့ အမေးပုစ္ဆာတွေလို့ ထင်ရပေမယ့် သည်အမေးပုစ္ဆာတွေကို ကိုင်တွယ်ဖြေရှင်းဖို့ ကြိုးစားလိုက်တာနဲ့ တစ်ပြိုင်နက်

(၁) အဲဒီအမေးပုစ္ဆာတွေဟာ အဓိပ္ပါယ်မဲ့တဲ့ ကလေးကလား ဆန်တဲ့ ပုစ္ဆာတွေ မဟုတ်ကြဘူး၊ အရေး အကြီးဆုံး၊ အလေးနက်ဆုံး အမေးပုစ္ဆာတွေ ဖြစ်တယ် ဆိုတာရယ်။

(၂) အဲဒီပုစ္ဆာတွေကို ဖြေရှင်းဖို့ ဘယ်လောက်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစား ကြိုးစား ဖြေရှင်းလို့ မရနိုင်ဘူး ဆိုတာရယ်ကို သူ မြင်လာတယ်။ ဖြေရှင်းလို့ မရနိုင်ဘူးဆိုတာကို သိမြင်လိုက်တဲ့ အခါမှာ သူ ရပ်တည်နေတဲ့အရာဟာ ပြိုကျသွားသလို သူ့ဘဝမှာ ဖြင့် ဆောက်ရာတည်ရာ မရှိတော့သလို ခံစားလိုက်ရတယ်တဲ့။

တော်လ်စတွိုင်းက (ရှေးခေတ် အိန္ဒိယ အတွေးအခေါ် ဂိုဏ်းတစ်ခုက ဖော်ပြထားတဲ့) ခရီးသည် တစ်ဦးရဲ့အဖြစ်နဲ့ သူ့ဘဝ တူလွန်းလှကြောင်းကို ဆက်ပြီးပြောထားသေးတယ်။

"ခရီးသည်တစ်ယောက်ဟာ လွင်ပြင်တစ်ခုကို ဖြတ်ပြီး ခရီးသွားနေတုန်း သတ္တဝါကြီးတစ်ကောင်ရဲ့ အလိုက်ကို ခံရတယ်။ ခရီးသည်ဟာ ကြောက်လန့်ပြီး သတ္တဝါကြီးရဲ့ ဘေးရန်က လွတ်အောင် ရေတွင်းပျက်ကြီးတစ်ခုထဲကို တွယ်ကပ်ဆင်း လိုက်တယ်။ ဆင်းနေတုန်း ရေတွင်းအောက်ခြေမှာ သူ့ကိုစားမျိုဖို့ ပါးစပ်ကြီးဟပြီး စောင့်နေတဲ့ မြွေနဂါးကြီးတစ်ကောင်ကို မြင်ရ တယ်။ ခရီးသည်ဟာ ကြောက်ကြောက်လန့်လန့်နဲ့ ဆွဲမိဆွဲရာ ဆွဲလိုက်တော့ ရေတွင်းအုတ်ကြားမှာ ပေါက်နေတဲ့ သစ်ပင်ရဲ့ သစ်ကိုင်းတစ်ခုကို ဆွဲမိပြီး တွဲလောင်းခိုလျက်သား ဖြစ်နေတယ်။ အပေါ်ရေတွင်းအဝမှာ သူ့ကိုလိုက်ခဲ့တဲ့ သတ္တဝါကြီးက စောင့်နေ တယ်။ သစ်ကိုင်းကို တွဲလောင်းခိုနေတဲ့ ခရီးသည်ရဲ့ လက်တွေဟာ အင်အား ဆုတ်လာကြပြီ။

"မကြာခင် သူဟာရေတွင်းအောက်ကိုသော်လည်းကောင်း ဆင်းရမယ်၊ ရေတွင်းပေါ်ကို သော်လည်းကောင်း တက်ရမယ်။ ဆင်းသည်ဖြစ်စေ၊ တက်သည်ဖြစ်စေ သူ့ဘဝဆုံးတော့မှာပဲ





ဆိုတာကို ခရီးသည်ဟာ သိနေတယ်။ ဒါပေမယ့် ခရီးသည်ဟာ သစ်ကိုင်းကို အားခဲပြီး ဆွဲခိုထားတယ်။ အဲဒီအခိုက် ဆွဲခိုထားတဲ့ သစ်ကိုင်းရဲ့အပေါ်ဘက်မှာရှိတဲ့ ပျားအုံက ပျားကောင်တွေဟာ ဝဲပျံလာပြီး ခရီးသည်ကို ထိုးကြ၊ တုတ်ကြတယ်။

"ဒီအခိုက်မှာပဲကြွက်မည်းကြီးတစ်ကောင်နဲ့ ကြွက်ဖြူကြီး တစ်ကောင်ဟာ ခရီးသည်ဆွဲခိုထားတဲ့ သစ်ကိုင်းကို ဝိုင်းပတ် ကိုက်ဖြတ်နေတာကို မြင်ရတယ်။ မကြာခင် သစ်ကိုင်းဟာ ကျိုးပြတ်ပြီး အောက်က မြွေနဂါးကြီးရဲ့ ပါးစပ်တွင်းကို ရောက်တော့မယ်။ မုချဆတ်ဆတ် ပျက်စီးခြင်းသို့ ရောက်တော့ မယ်ဆိုတာကို ခရီးသည်ဟာ သိမြင်နေတယ်။ ခရီးသည်ဟာ သစ်ကိုင်းကို တွဲလောင်းခိုရင်းက သူ့ဝန်းကျင်ကို ကြည့်မိတယ်။ ဒီလိုကြည့်ရင်း သစ်ကိုင်းမှာရှိတဲ့ သစ်ရွက်တွေပေါ်မှာ ပျားရည် စက်ကလေးတွေ တင်နေတာကို တွေ့တယ်။ ခရီးသည်ဟာ အဲဒီပျားရည်စက်ကလေးတွေကို လျှာနဲ့လှမ်းပြီး လျက်လိုက် သေးတယ်..."တဲ့။

တော်လ်စတွိုင်းက "အဲဒီခရီးသည်နဲ့ သူ့ဘဝဟာ တူလွန်း လှတယ်တဲ့။ ဘဝဆိုတဲ့ သစ်ကိုင်းငယ်မှာ သူဆွဲခိုလျက်ရှိတယ်။ သေခြင်းတရားဟာ သူ့ဘဝကို အစိတ်စိတ် အမွှာမွှာဖြစ်အောင် ဖျက်ဆီးဖို့ အသင့်စောင့်ကြိုနေတာကို သိနေတယ်။ နေ့နဲ့ညဆိုတဲ့ ကြွက်မည်းနဲ့ ကြွက်ဖြူဟာ သူဆွဲခိုထားတဲ့ ဘဝသစ်ကိုင်းငယ်ကို ကိုက်ဖြတ်ဝါးချေနေတယ်။ သေခြင်းဆိုတဲ့ မြွေနဂါးကြီးကိုလည်း သူအသေအချာ မြင်တွေ့နေရတယ်။ ဘဝအရသာ ဘဝပျားရည်

www.burmeseclassic.com



တွေဟာ သူ့ကို အရသာ မပေါ်စေနိုင်တော့ဘူး...တဲ့။ မလွှဲမရှောင်နိုင်တဲ့ သေခြင်းတရား၊ သေရမည့်အဖြစ်ကို သူဟာ ဘယ်လိုမှ မျက်စိမလွှဲနိုင်ဘူး။ သည်အဖြစ်ဟာ ဒဏ္ဍာရီ မဟုတ်ဘူး။ ဒါပေမယ့် ဖြေရှင်းခြင်းငှာလဲ မတတ်နိုင်တဲ့၊ လူအားလုံးလည်း သိနိုင်တဲ့ အမှန်တရား ဖြစ်တယ်”တဲ့။

တော်လ်စတွိုင်းက စာရေးဆရာကြီးဆိုတော့ ဒဏ္ဍာရီ မဟုတ်တဲ့ သေခြင်းတရား အကြောင်းကို ပေါ်ပေါ် လွင်လွင် ပြောတတ်တာပေါ့။ သူ့လို ကျွန်တော် မပြောတတ်ပေမယ့် သူ့လို ခံစားခဲ့ရတာတော့ အမှန်ပဲ။ ခံစားခဲ့ရတဲ့ နှစ်တွေက သူ့ထက်တောင် ကြာလိမ့်ဦးမယ်လို့ ထင်တယ်။

အဲဒီနေ့ကလဲ ကျွန်တော့်စိတ်တွေ ရှုပ်ထွေးနေလိုက်တာ ရပ်တည်ရာမရပါပဲ။ ဒဏ္ဍာရီမဟုတ်တဲ့ သေခြင်းတရားနောက်မှာ ကပ်ပါလာတဲ့ ပြဿနာတွေနဲ့ ကျွန်တော့်စိတ်တွေ ရှုပ်ထွေးနေကြတာ။

“ရုပ်ဝါဒီတွေ ယူဆသလို လူဟာသေရင် ဘဝတစ်ဖန် ဖြစ်ခြင်းတွေ မရှိတော့ဘဲ လုံးဝ ရုပ်စဲ ချုပ်ငြိမ်းသွားသလား။ အပတ်တကုတ် လေ့လာဆည်းပူးထားတဲ့ ပညာတွေဟာ သေခြင်းတရားနဲ့အတူ ပျက်စီးကုန်ဆုံးသွားရောလား။ ကိုယ်ပြုထားတဲ့ အကောင်းအဆိုး ကုသိုလ် အကုသိုလ်တွေဟာလဲ သေခြင်းတရားနဲ့ အတူ ပြီးဆုံးသွားမှာလား။ တိုတောင်းလှတဲ့ဘဝမှာ ဘယ်လို နေသင့်သလဲ။ ပျော်စရာကိုရှာပြီး သေခြင်းတရားကို မေ့ပျောက်ထားရမှာလား။ ပျော်စရာအကောင်းဆုံးဆိုတာကော ရှိလို့လား။





ရကော ရနိုင်ရဲ့လား။ တိုတောင်းလှတဲ့ဘဝမှာ စိတ်ပျက်ငြီးငွေ့မှုတွေ များနေတာ ဘာကြောင့်လဲ။ မွေးဖွားလာပြီးတဲ့နောက် ကြာကြာမနေရဘဲ အိုမင်းနာကျဉ်ရင်း သေရတဲ့ဘဝဟာ ဘာ အဓိပ္ပါယ်များ ရှိလို့လဲ။ အတ္တဝါဒီတွေကတော့ လူဟာသေရင် ကိစ္စမပြီးသေးဘဲ ဘဝတစ်ဖန် ဖြစ်ခြင်းရှိတယ်လို့ ယူဆကြတယ်။ သူတို့က လူမှာ အတ္တဝိညာဉ်ဆိုတာရှိတယ်။ လူသေရင် အတ္တဝိညာဉ်က ထွက်ခွာသွားပြီး တခြားခန္ဓာအသစ်ထဲကို ဝင်တယ်။ ဘဝအသစ်ဖြစ်တယ်လို့ ယူဆကြတယ်။ ကုသိုလ် အကုသိုလ်တွေဟာ အတ္တဝိညာဉ်ထဲမှာလိုက်ပါသွားပြီး အကျိုးပေးတယ်လို့ ဆိုတယ်။ တချို့ကတော့လဲ လူသေရင် လူထဲကနေ ထွက်သွားတဲ့ အတ္တ ဝိညာဉ်ဟာ တစ်ချိန်ချိန်မှာ ထာဝရငြိမ်တဲ့နေရာကို ရောက်မယ်လို့ ယူဆတယ်။ ထာဝရငြိမ်တဲ့နေရာ ၊ထာဝရငြိမ်တဲ့အရပ် ဆိုတာကော ရှိကောရှိလို့လား။ သေသွားပြီးရင် ဘာမှမဖြစ်၊ ဘယ်မှမရောက်တာဟာ အကောင်းဆုံးပဲလား၊ လူ့ဘဝမှာ အကောင်းဆုံးဆိုတဲ့ အရာဟာ ဘာလဲ”

အဲဒီ အတောမသတ်တဲ့ မေးခွန်းတွေ၊ ပြဿနာတွေ တစ်ထွေးတစ်ပွေနဲ့ အဲဒီညနေက ဝက်ပါတောင်ပေါ်ကို ကျွန်တော် ရောက်ခဲ့တာ။ ပြောခဲ့ပါရော။ အဲဒီဝက်ပါတောင်ပေါ်က စေတီကလေးအနားမှာ သူ့ကိုတွေ့တာ...။ သူက အနောက်ဆီကို မျက်နှာမူပြီး ရပ်နေတယ်။ သူ့ဘေးမှာ အင်ပင်တစ်ပင် ရှိတယ်။ ကျွန်တော့်ခြေသံကို ကြားလောက်ပါတယ်။ ဒါပေမယ့် ကျွန်တော့်ကို သူလှည့်မကြည့်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



စေတီရှေ့မှာထိုင်ပြီးကျွန်တော်က ဝတ်ဖြည့်တယ်။ တိုးဝင်ပြေးထွက်သွားတဲ့လေရဲ့နောက်ကို စေတီက ဆည်းလည်းသံတွေ လွင့်ပျံလိုက်ပါသွားကြတယ်။

ဝတ်ဖြည့်ပြီးတော့ စေတီကလေးကို ကျွန်တော်က လက်ယာရစ်လှည့်တယ်။ လှည့်နေရင်း ကျွန်တော့်စိတ်က ရပ်နေသူဟာ ဘယ်သူလဲ၊ ဘာလဲ၊ ဘယ်ကလဲ၊ ဘာကြောင့်ရပ်နေတာလဲ၊ သိချင်နေတယ်။ ကျွန်တော် ဝတ်ဖြည့်တဲ့နေရာကို ပြန်ရောက်လို့ သူ့ကိုကြည့်လိုက်တော့ မူလကအတိုင်းပဲ ရပ်နေတယ်။ သူ့ကိုငေးကြည့်ရင်းက အဖြစ်အပျက်တစ်ခုကို ကျွန်တော် အမှတ်ရလာတယ်။

တစ်ခါတုန်းက တောင်ရဲ့အောက်မှာ လမ်းလျှောက်နေသူ သုံးဦးက တောင်ထိပ်မှာ ရပ်နေသူဟာ ဘာကြောင့်ရပ်နေတာလဲ ဆိုတာနဲ့ ပတ်သက်ပြီး လမ်းလျှောက်သူသုံးဦးကြားမှာ ပြဿနာ ဖြစ်တယ်။ ပထမတစ်ဦးက တောင်ထိပ်မှာ ရပ်နေသူဟာ ရှုခင်းတွေ ကြည့်နေတာဖြစ်မယ်လို့ ထင်မြင်ချက်ပေးတယ်။ ဒုတိယတစ်ဦးက တောင်ထိပ်ပေါ်မှာ ရပ်နေသူဟာ လေကောင်းလေသန့် ရှူနေတာဖြစ်မယ်လို့ ထင်မြင်ချက်ပေးတယ်။ တတိယတစ်ဦးက တောင်ထိပ်ပေါ်မှာ ရပ်နေသူဟာ အောက်က တက်လာမည့်သူတွေကို စောင့်မျှော်နေတာဖြစ်လိမ့်မယ်လို့ ထင်မြင်ချက်ပေးတယ်။ ထင်မြင်ချက်ချင်း မတူကြတဲ့အတွက် သူမှန်နိုင်တယ်၊ ငါမှန်နိုင်တယ်နဲ့ အငြင်းပွားကြတယ်။ ပြဿနာတက်ကြတယ်။ အကောင်းဆုံးကတော့ တောင်ထိပ်ပေါ်မှာ ရပ်နေသူဆီ တက်သွား





ပြီး မေးရရင် အမှန်သိရမယ်ဆိုပြီး သုံးဦးသား တောင်ပေါ်တက်သွားကြတယ်။ ရောက်တဲ့အခါမှာ ရပ်နေသူကို ပထမတစ်ဦးက "ရှုခင်းတွေ ကြည့်နေတာမဟုတ်လား"လို့မေးတယ်။ ရပ်နေသူက မဟုတ်ဘူးလို့ဆိုတယ်။ ဒီအခါမှာ ဒုတိယတစ်ဦးက "လေကောင်းလေသန့် ရှူနေတာ မဟုတ်ဘူးလား"လို့မေးတယ်။ ရပ်နေသူက မဟုတ်ဘူးလို့ဆိုတယ်။ တတိယတစ်ဦးက "ဒါဆိုရင် အောက်က တက်မည့်သူတွေကို စောင့်မျှော်နေတာမဟုတ်လား"လို့မေးတယ်။ ဒါကိုလဲ ရပ်နေသူက မဟုတ်ဘူးလို့ဆိုတယ်။

"ဒါဖြင့် ဒီတောင်ထိပ်ပေါ်မှာ ဘာလုပ်နေတာလဲ"လို့ မေးတော့ တောင်ထိပ်မှာရှိတဲ့သူက ဖြေတယ်။

"ရပ်နေတာ"တဲ့။

တကယ်လို့များ သူ့ကိုကျွန်တော်က ဘာလုပ်နေတာလဲလို့ မေးမိရင် "ရပ်နေတာ"လို့ပဲ ဖြေမလားမသိဘူး။

သူရပ်နေတာကိုကြည့်ရင်း ကျွန်တော့်စိတ်တွေ ငြိမ်းချမ်းသွားသလို ခံစားလိုက်ရတာတော့ အမှန်ပဲ။ ကျွန်တော်မရပ်နိုင်လို့ ကျွန်တော့်စိတ်ကို မရပ်နိုင်လို့ ပြဿနာတွေနဲ့ ထွေးရှုပ်ပြီး ကျွန်တော့်မှာ မငြိမ်းချမ်းနိုင် ဖြစ်နေရတာပဲဆိုတာကို သိလိုက်တယ်။ တကယ်တော့ အဲဒီအနီးဝန်းကျင်က သူတော်စင်တွေဟာ ရပ်ဖို့ကြိုးစားနေသူတွေပါဗျာ။ ကျွန်တော်သာ ကျွန်တော့်စိတ် ကျွန်တော့်အတွေးကို မရပ်နိုင်ဖြစ်နေခဲ့တာ။ မြင်တာ၊ ကြားတာ၊ သိတာ၊ တွေ့တာ၊ တွေးကြံတာတွေဖြစ်တိုင်း မြင်ခိုက်၊ ကြားခိုက် သိခိုက် တွေ့ခိုက်မှာတင် ရပ်နိုင်ရင် အမှန်တရားကိုသိမယ်လို့



www.burmeseclassic.com

www.burmeseclassic.com

**အသွင်သဏ္ဌာန်တို့နောက်ကွယ်၌**

အဲဒီသူတော်စင်တွေ ပြောကြတယ်။ ရပ်နိုင်တဲ့ အစွမ်းရှိရင် အကြောင်းအကျိုးကို သိတယ်လို့လဲ ပြောကြတယ်။ အကြောင်းအကျိုးရဲ့ သဘာဝအမှန်ကိုသိရင် ပြဿနာတွေအားလုံး ရှင်းသွားမယ်လို့လဲဆိုကြတယ်။ ဒီအဆိုတွေကို အစက ကျွန်တော်မနှစ်သက်ခဲ့ဘူး။ "တကယ်ရပ်နိုင်ရင် အမှန်ကိုရောက်တယ်"ဆိုတဲ့ အဆိုဟာလဲ အဓိပ္ပါယ်နှစ်ခု ဆန့်ကျင်နေတဲ့ အဆိုဖြစ်တယ်လို့ ထင်ခဲ့မိတယ်။ ထင်မိမှားခဲ့တယ်ပေါ့ဗျာ။

ရပ်နေသူကို ကျွန်တော်ကျေးဇူးတင်လွန်းလှပါတယ်။ သူ့ကိုကြည့်ရင်း လေးလေးလံလံ ကျွန်တော်ထွေးပွေ့ထားတဲ့ ပြဿနာအရှုပ်အထွေးတွေ တောင်အောက်ကို လျှောကျလိမ့်ဆင်းသွားကြသလိုပဲ၊


စိတ်ထဲကပဲ သူ့ကိုနှုတ်ဆက်ပြီး ဝက်ပါတောင်က ကျွန်တော်ဆင်းလာခဲ့တယ်။

နေမမြောင်ခင်ခေမာသိဝင်ကို ကျွန်တော်ရောက်ပါတယ်။

**မှတ်ချက်။ ။ မိတ်ဆွေတစ်ဦး၏ အထက်ပါအတိုင်း ပြောပြချက်ကို မှတ်တမ်း၌ ရေးမှတ်ထားသည်ကို ပြန်၍ တွေ့သောအခါ 'ရပ်နေသူ'အကြောင်းကို သူ့အားမေးမြန်း လိုစိတ်များ ဖြစ်မိပါသည်။ သူဆင်းလာခဲ့သော 'ဝက်ပါတောင်'နှင့် သူရောက်သွားသော 'ခေမာသိဝင်' သည် ပြည်မြို့နှင့်နှစ်တောရှင် ခေမာသိဝင်တောရ ဖြစ်လေသလားဟုလည်း မေးချင်နေပါသည်။**



ခြေထောက်မရှိသော
အမှန်တရား






www.burmeseclassic.com

www.burmeseclassic.com

# ခြေထောက်မရှိသော အမှန်တရား

(၁)

ထိုနေ့ညက လသာပါသည်။

(၂)

အိမ်ရှင်မိတ်ဆွေ ကျွေးမွေးသော ညစာကို ကျွန်တော်တို့မိတ်ဆွေတစ်စု စားကြပြီးနောက် အိမ်ရှေ့လရောင်အောက်တွင် စကားဝိုင်းဖွဲ့ကြသည်။

"အမှန်တရားအကြောင်း ပြောလို့ရှိရင်ညဟာ အလှမဲ့သွားမလားမသိဘူး"ဟု အိမ်ရှင်မိတ်ဆွေက စကားစပြီးနောက် လရောင်ပွေဖက်ထားသော ပန်းရုံများဆီသို့ သူကမျှော်ကြည့်နေပါသည်။ ကျွန်တော်တို့ကလည်း သူငေးမျှော်ရာသို့ လိုက်ပါ၍ မျှော်ကြည့်ရင်း ငြိမ်နေကြပါသည်။ ခဏကြာမှ သူက ဆိုပါသည်။

"လောကမှာ အရုပ်ဆိုး အကျည်းတန်ဆုံးအရာဟာ အမှန်တရားပါပဲဗျာ၊ အမှန်တရားဟာ ရက်စက်တယ်၊ အကြင်နာမဲ့တယ်"





အမှန်တရားဆိုသည်မှာ ပြောင်းလဲခြင်းဖြစ်၍ ပြောင်းလဲခြင်းဆိုသည်မှာ အမှန်တရားပင် ဖြစ်သည်ဟု သူက အဓိပ္ပါယ်ဖွင့်သည်။ မပြောင်းမလဲတည်မြဲနေသော အရာဟူ၍ လောက၌ တစ်ခုမျှမရှိ၊ အရာရာသည် ပြောင်းလဲနေသည်။ လောက၌ အသေချာဆုံးသော အရာသည် ပြောင်းလဲခြင်းသာ ဖြစ်သည်ဟု သူက ဆိုသည်။

"ပြောင်းလဲခြင်းကြောင့် ကျုပ်တို့အရွယ် ကြီးရင့်လာရတာပေါ့ဗျာ၊ ပြောင်းလဲခြင်းကြောင့်ပဲ အနာရောဂါတွေ ရလာတာပဲ။ ပြောင်းလဲခြင်းကြောင့်ပဲ ချစ်သောသူတွေနဲ့ ခွဲခွာရ ကွဲကွာရ၊ ကွေကွင်းရတာ...၊ ပြောင်းလဲခြင်းကြောင့်ပဲ မချစ်ခင် မနှစ်သက်တဲ့သူတွေနဲ့ တွေ့ကြုံဆုံဆည်းရ၊ အတူ ခရီးဆက်ရ၊ ပေါင်းဖော်နေရတာပဲ၊ ပြောင်းလဲခြင်းဆိုတဲ့ အမှန်တရားဟာ ဆိုးကိုဆိုးပါတယ်ဗျာ၊ တကယ်ဆိုးတယ်။ ပြောင်းလဲခြင်းကြောင့်ပဲ သေခြင်းတရားနဲ့ ကျုပ်တို့ တွေ့ရဦးမယ်၊ ပြောင်းလဲခြင်းသာ မရှိဘူးဆိုရင် ကျုပ်တို့မအိုဘဲ၊ မသေဘဲ အစဉ်အမြဲနေရမှာပေါ့၊ ခုတော့ဗျာ...ဒီအမှန်တရားက ကျုပ်တို့အသက်ကို ချွေဖို့ ရောက်လာမှာ၊ ရောက်ကိုရောက်လာမှာ...၊ အမှန်တရားဟာ ရက်စက်တယ်ဗျ၊ အကြင်နာမဲ့လွန်းတယ်၊ အင်မတန်လည်း ကြမ်းကြုတ် ရဲတင်းလွန်းတယ်။ ဘယ်လောက် အာဏာထက်ရှတဲ့ ဘုရင်စကြာမင်းပဲဖြစ်ဖြစ် သေခြင်းတရားဆိုတဲ့ အမှန်တရားဟာ ပလ္လင်ပေါ်တက်ပြီး အဲဒီဘုရင်စကြာမင်းကို ဆွဲချသွားရဲတယ်။ သေခြင်းတရားကို...ငါ့ထံ မလာနဲ့...လို့ ဘယ်လိုဘုရင်စကြာမင်း



www.burmeseclassic.com

www.burmeseclassic.com



မှ အာဏာနဲ့ မတားနိုင်ဘူး၊ အိုမင်းတဲ့ အဘိုးအဘွား တွေကို လဲအိုမင်းသူတွေဖြစ်ကြလို့ သေခြင်းတရားက ကြင်နာ ထောက်ထားမယ် မထင်နဲ့၊ ကလေးငယ်ကိုလည်း ငယ်သူဖြစ်လို့ သေခြင်းတရားကညှာတာမယ် မထင်နဲ့၊ သေခြင်းတရားက ဆွဲခေါ်သွားတတ်တာပဲ။ သေခြင်းတရားဆိုတဲ့ အမှန်တရားဟာ တကယ့်ကို စက်ဆုတ်မုန်းတီးဖို့ကောင်းတယ်၊ ဟုတ်တယ် ပြောင်းလဲခြင်းဆိုတဲ့ အမှန်တရားဟာ-တကယ့်ကို အလှအပကင်းမဲ့ဆိတ်သုဉ်းနေတဲ့ အနိဋ္ဌာရုံကြီးပါဗျာ..."

သူကဆက်၍ အမှန်တရား၌ အလှကင်းမဲ့နေပုံများ အကြောင်းကို ပြောရင်း အမှန်တရားကို စွဲချက်အမျိုးမျိုး တင်နေပါသည်။ ဤတွင် သူ၏ညာဘက်တွင် ထိုင်နေသော မိတ်ဆွေက လှုပ်လှုပ်ရှားရှား ဖြစ်လာပြီးနောက် အောက်ပါ ဝေဖန်ချက်ကို ပေးပါသည်။

"အမှန်တရားကို ခင်ဗျားက အပြစ်တွေပြော၊ စွဲချက်တွေ အမျိုးမျိုး တင်နေတာဟာ အမှန်တရားနဲ့အတူတူ မနေဖူးလို့ပါ။ အမှန်တရားနဲ့ ထက်ကြပ်မကွာ အတူလိုက်ပါနေနိုင်မယ်ဆိုရင်... အမှန်တရားကို အပြစ်ပြောစရာ ရှိမှာမဟုတ်ပါဘူး။ စွဲချက်တင်စရာလည်း မရှိပါဘူး။ ပြောင်းလဲမှုတိုင်းနဲ့ တစ်သားတည်း နေနိုင်ရင် အမှန်တရားကို အပြစ်ဆိုချိန် မရနိုင်ပါဘူး။ အပြစ်ဆိုမယ် ကြံတိုင်းကြံတိုင်း အဲဒီအကြံအစည်တွေဟာ ပြောင်းလဲ ပြောင်းလဲသွားတာကို တွေ့ရမှာပဲ။ ဒီတော့ အပြစ်ဆိုချိန် မရပါဘူး။ အပြစ်ဆိုနိုင်ခြင်း မရှိပါဘူး။ အမှန်တရားမှာအပြစ်





လည်း ရှိမှမရှိဘဲ၊ အမှန်တရားမှာ ပြောင်းနေခြင်းပဲရှိတယ်။ ခဏမလပ် ပြောင်းနေခြင်းမှာ ကောင်းတယ်ဆိုးတယ်ဆိုတာလည်း မရှိဘူး၊ လှပတယ် အရုပ်ဆိုးတယ်ဆိုတာလည်း မရှိဘူး။ ချစ်ဖွယ်ကောင်းတယ်၊ မုန်းရွံစရာ ကောင်းတယ်ဆိုတာ လည်း မရှိပါဘူး။ အမှန်တရားမှာ ခဏမလပ် ပြောင်းနေတာပဲ ရှိတယ်။ ခင်ဗျားကြားဖူးတယ် မဟုတ်လား...၊ ပန်းချီဆရာ နှစ်ယောက် မြေရုပ်အဆွဲပြိုင်ကြတဲ့ အကြောင်းလေ။ မြန်မြန် ပြီးတဲ့သူ၊ အလျင်အဦး ပြီးတဲ့သူကို ဆုလာဘ်တွေ ပေးမယ်ဆိုတော့ ပန်းချီဆရာနှစ်ဦးဟာ မြေရုပ်အပြိုင်ဆွဲကြတယ်။ တစ်ဦးက အလျင်အဦး ပြီးသွားတယ်။ ကျန်တဲ့ ပန်းချီဆရာကတော့ ရေးတုန်းဆွဲတုန်းပဲ။ ဒါနဲ့...အလျင်အဦး ပြီးသွားတဲ့ ပန်းချီ ဆရာက စဉ်းစားတယ်။ ဟိုပန်းချီဆရာဟာ တော်တော်နဲ့ ရေးဆွဲလို့ မပြီးနိုင်သေးဘူး။ ဒီတော့ ငါဆွဲလို့ပြီးတဲ့ မြေရုပ်ကို ကောင်းသည်ထက်ကောင်းအောင် လိုအပ်တာကို ဖြည့်ဦးမှပဲ... လို့တွေးပြီးတော့ သူ့မြေရုပ်မှာ ခြေထောက်တပ်ပေး လိုက်တယ် တဲ့ဗျ။ သူကတော့ တစ်ဘက်ကပြိုင်ဘက်ပန်းချီဆရာ့ရဲ့ မြွေ ထက်သာအောင်... ကောင်းအောင်ဆိုပြီး သူ့မြွေမှာခြေထောက် တပ်ပေးလိုက်တာပဲ၊ ဒီလိုတပ်ပေးလိုက်တော့မှ သူရှုံးပါလေရောတဲ့ ဗျာ၊ မြွေမှာ ခြေထောက်မှ မရှိဘဲ၊ မလိုတာကို သူကအပို သွားလုပ်မိတာကိုး၊ ရှုံးမှာပေါ့၊ ဒီအတိုင်းပါပဲ၊ အမှန်တရားဆိုတာ ပြောင်းလဲနေတဲ့ သဘောပါပဲ၊ အဲဒီပြောင်းလဲ နေခြင်းနဲ့ ကျုပ်တို့က ထက်ကြပ်မကွာ အတူမနေနိုင်တဲ့အခါမှာ ပြောင်းလဲ



www.burmeseclassic.com

www.burmeseclassic.com




ခြင်း၏ သဘာဝအမှန်ကို မသိတော့ဘူး။ မသိတဲ့ အခါမှာ... မြေကို ခြေထောက်တပ်သလို အမှန်တရားကိုလည်း ခြေထောက် အမျိုးမျိုး တပ်မိတာပဲ။ ဒီလိုခြေထောက်တွေ တပ်ပေး ပြီးတော့ အမှန်တရားကို အမျိုးမျိုး ထင်မြင်ယူဆနေကြတယ်။ ကျုပ်တို့ ထင်မြင်ပြောဆိုနေတဲ့ အမှန်တရားဟာ ခြေထောက်တွေ တပ်ထားတဲ့အမှန်တရား ဖြစ်သွားတယ်။ ပုံသဏ္ဌာန်တစ်မျိုးမျိုး ဖော်ထားတဲ့ အမှန်တရားမျိုး ဖြစ်သွားတယ်။ တကယ်တော့ အမှန်တရားမှာ ဘာခြေထောက်မှ မရှိပါဘူး။ အမှန်တရားမှာ ဘာမှမရှိတော့ ဘာမှအပြစ်ပြောစရာ၊ ဖွဲ့ချက်တင်စရာလဲ မရှိပါဘူးဗျာ"

အမှန်တရားအကြောင်းကို ပြောစရာမရှိ ဖြစ်သွားသောကြောင့် ကျွန်တော်တို့မိတ်ဆွေတစ်စု တိတ်ငြိမ်လျက် ရှိနေကြပါသည်။

(၃)

စကားဝိုင်းကိုဖျက်၍ အိမ်သို့ ကျွန်တော်တို့ပြန်ရန် လျှောက်လာကြချိန်၌ လက အနောက်ဆီသို့ အတန်ပင်စောင်း နေပြီ ဖြစ်ပါသည်။ မိုးပြာက ပို၍ပြာပြီး ကြယ်များက ပို၍တောက်ပနေသည်။ အနောက်သို့ လစောင်းသွားခြင်းနှင့် ကြယ်များ ပို၍ တောက်ပသွားခြင်းသည်လည်း ပြောင်းလဲခြင်း ဟူသော အမှန်တရားကြောင့်...ဟု ပြောတော့မလိုဖြစ်ခိုက်... အမှန်တရား၌ခြေထောက်မရှိဟူသော စကားကို အမှတ်ရ လိုက် သောကြောင့် ကျွန်တော်က တိတ်ဆိတ် ငြိမ်သက်စွာဖြင့် ခြေထောက်များကို လှမ်းနေမိပါသည်။ ။





www.burmeseclassic.com

www.burmeseclassic.com

# ပြဿနာလွန်ရုပ်ငြိမ်

ပန်းပုပညာကို ဝါသနာပါသော အိမ်ရှင်မိတ်ဆွေက ရိုဒင်၏ အတွေးသမား Thinker ရုပ်တုဖြစ်လာပုံအကြောင်းကို တခမ်းတနား ပြောပြနေပါသည်။

"ဒီအတွေးသမားဟာ ဘာကို တွေးနေပါလိမ့်"ဟု တွေးလိုကလည်း တွေးနိုင်သည်။ အတွေးသမားသည် တစ်စုံတစ်ရာကို တွေးနေကောင်း တွေးနေပါလိမ့်မည်။ ပြဿနာတို့၏ အဖြေကို ရအောင် တွေးနေခြင်းလည်း ဖြစ်နိုင်သည်။ တွေးခေါ်ခြင်း အကြောင်းကို တွေးခေါ်ကြည့်နေခြင်းလည်း ဖြစ်နိုင်သည်။ ပို၍ဖြစ်နိုင်သည်မှာ ထိုအတွေးအခေါ်သမားသည် အဓွဲဥပါဒါန်တို့ကို ဖယ်ရှားနေခြင်း ဖြစ်လိမ့်မည်ဟု သူကဆိုပါသည်။

လူနှင့်တိရစ္ဆာန် ခြားနားရခြင်းမှာ လူက တိရစ္ဆာန်ထက် စဉ်းစားဉာဏ်ကို ပို၍ သုံးတတ်သောကြောင့် ဖြစ်သည်။ စဉ်းစား ဆင်ခြင်နိုင်မှုကြောင့် လူသည် သတ္တလောကရှေ့ ထိပ်





တန်းသို့ ရောက်လာခဲ့သည်။ လူ၏ထူးခြားချက်ကို ပေါ်လွင်စေရန် အတွက်အာရစ္စတိုတယ်က "လူသည် စဉ်းစားဆင်ခြင်တတ်သော သတ္တဝါဖြစ်သည်"ဟု လူကို အဓိပ္ပါယ်သတ်မှတ်ပေးခဲ့သည်။ ဤအဓိပ္ပါယ်သတ်မှတ်ချက်ကို အမှီပြု၍ တွေးခေါ်ပညာရှင်များ သည် ဆင်ခြင်ခြင်းတရားကို ရှေ့တန်းတင်လာခဲ့ကြသည်ဟု သူက ဆိုပါသည်။

သို့ရာတွင် တကယ့်လက်တွေ့ဘဝ၌ လူတို့သည် ဆင်ခြင်ခြင်းတရားကို အသုံးမပြုနိုင်ကြ၊ ဆင်ခြင်ခြင်းတရားသည် လူကို ဦးဆောင်နေသည် မဟုတ်ဘဲ အစွဲတဏှာ လိုအင်ဆန္ဒတို့ကသာ လူကို ဦးဆောင်စေစားနေသည်။ စင်စစ် ဆင်ခြင်ခြင်းတရားသည် အစွဲတဏှာ လိုအင်ဆန္ဒတို့၏ အစေအပါးမျှသာ ဖြစ်လျက်ရှိသည်။ သာမန်အားဖြင့် လူတို့သည် မိမိတို့၏ ဆင်ခြင်ဉာဏ်၊ အသိဉာဏ်တို့ဖြင့် လုပ်ကိုင်ဆောင်ရွက် နေကြသည်ဟု ထင်ကြသည်။ အမှန်အားဖြင့် မိမိတို့၏ အစွဲတဏှာ လိုအင်ဆန္ဒတို့၏ စေစားချက်ကြောင့် လုပ်ဆောင်နေကြခြင်းသာ ဖြစ်သည်။ ထိုအခါ မိမိတို့ အစွဲတဏှာ၏ လိုလားချက်ကို အဓိပ္ပါယ် ရှိလာအောင်၊ မှန်သော လိုလားချက် ဖြစ်လာအောင် အကြောင်း ယုတ္တိရှာလာကြသည်။ မိမိ အစွဲတဏှာတို့၏ လိုလားချက်များ မှန်ကန်ကြောင်း သက်သေပြဖို့ အတွက် ဆင်ခြေဆင်လက်များကို ရှာလာကြသည်။ ဆင်ခြေ ဆင်လက် 'အကြောင်း-ယုတ္တိ'များဖြင့် မိမိတို့၏ လိုလားချက်များကို



www.burmeseclassic.com

www.burmeseclassic.com



မှန်သော၊ အဓိပ္ပါယ်ရှိသော လိုလားချက်များအဖြစ် တန်ဆာဆင်ခြုံလွှမ်းပေးလာကြသည်။ လူသည် အကြောင်းရှိ၍ တစ်စုံတစ်ရာကို လိုချင်လာသည်မဟုတ်၊ လိုချင်သောကြောင့်သာလျှင် အကြောင်းရှာသူဖြစ်သည်။ ယုတ္တိဗေဒသည် လူ၏ လိုချင်မှုကို မှန်ကန်သော လိုချင်မှု ဖြစ်သည်ဟု ခိုင်လုံသွားအောင် သက်သေပြပေးရသော ပညာအဖြစ်သို့ ရောက်သွားလေ့ရှိသည်။ အစွဲတဏှာတို့၏ လိုအင်ကို မှန်ကန်ကြောင်း တရားကြောင်း ခိုင်လုံသော ဆင်ခြေဆင်လက်၊ အဖုံးအကွယ် အဆင်တန်ဆာ ရှာဖွေဝတ်ဆင်ပေးသော အတတ်ပညာအဖြစ်သို့လည်း ရောက်သွားလေ့ရှိသည်ဟု သူက ဆိုပါသည်။ သူက ဆက်၍

"ရိဒင်ရဲ့ အတွေးသမားရုပ်တုကို ခင်ဗျားတို့ကြည့်၊ အတွေးသမားမှာ ဖုံးကွယ်ဝတ်ဆင်ထားတဲ့ အဝတ်တစ်ခုမှ မရှိဘူးဗျ၊ ဆင်းရဲလို့၊ ဝတ်စရာ မရှိလို့ ဒီရုပ်တုမှာ အဝတ်မဆင်ဘဲ ထားထားတာတော့ မဟုတ်ဘူး။ မှန်ကန်တဲ့ စဉ်းစားပုံ စဉ်းစားနည်းကို ဖော်ပြချင်လို့ ပန်းပုပညာရှင်က အဝတ်ဆင်ပေးမထားတာ၊ ပြောခဲ့ပါရောဗျာ။ လူတွေမှာ အစွဲတဏှာတွေ အများကြီးမှ အများကြီးပါ။ လူမျိုးစွဲ၊ ဘာသာစွဲ၊ ဝါဒစွဲ၊ အုပ်စုစွဲ၊ အတ္တစွဲစတဲ့ အစွဲတွေမှ အများကြီး၊ အဲဒီအစွဲတွေက လူသတ္တဝါကို ဖုံးကွယ်ဝတ်ဆင် ခြုံလွှမ်းထားလိုက်တာ အထပ်ထပ်ပဲ။ အဲဒီအစွဲတွေနဲ့ နောက်ထပ် ဖုံးကွယ်ဝတ်ဆင်လာတဲ့ ဆင်ခြေဆင်လက်အကြောင်း ယုတ္တိတွေကလဲ အများကြီး၊ ဒါ





တွေ ဖုံးလွှမ်းကာကွယ်ထားတော့ လူဟာလူအဖြစ် ပျောက်သွားတော့မတတ် ဖြစ်သွားတယ်။ အဖုံးအလွှမ်း အကာအကွယ်တွေရှိနေတဲ့ ဒီလူ့ရဲ့ အတွေးအမြင်ဟာလဲ မှန်တဲ့အတွေးအမြင် မဖြစ်နိုင်တော့ဘူးပေါ့ဗျာ၊ ရိဒင်ရဲ့ အတွေးသမားမှာ ဘာအဝတ်မှ ဝတ်ဆင်ဖုံးလွှမ်းမထားဘူး။ ဒီလိုဝတ်ဆင်မထားခြင်းဟာ အစွဲတဏှာတွေကို ပယ်ခွာရမယ်။ ဒီလို ပယ်ခွာပြီး လွတ်လပ်မှန်ကန်စွာ တွေးမြင်ရမယ်ဆိုတဲ့ သဘောကို ဒီအတွေးသမားရုပ်တုက ညွှန်းဆိုနေတာပဲ"ဟု ဆိုပါသည်။

မိတ်ဆွေဖြစ်သူက ပြောလက်စ စကားကို ခေတ္တဖြတ်ထားရာမှ တစ်ဖန်

"တစ်ခုတော့ ရှိတယ်ဗျ၊ အတွေးသမားရဲ့ မျက်နှာကို ကြည့်ရင် အစွဲတွေဖယ်ပြီး ပြဿနာတစ်ခုရဲ့ အဖြေကို အလေးအနက် စဉ်းစားနေပုံ ပေါ်နေတယ်။ အစွဲတွေကို ဖယ်နေရဆဲ၊ စဉ်းစားနေရဆဲ အမှုအရာ ရှိနေသေးတယ်၊ ဟောဒီရုပ်တုကို ခင်ဗျားကြည့်"

မိတ်ဆွေက ဗုဒ္ဓရုပ်တုတစ်ခုကို ကျွန်တော်တို့ဘက်သို့ တိုး၍ ပြပါသည်။ သီဟိုဠ်-အနုရာဒပူရ(Anuradhapura) မှ ဗုဒ္ဓရုပ်တုကို ဓာတ်ပုံရိုက် ယူထားသောပုံဖြစ်ပါသည်။

"အဲဒီဗုဒ္ဓရဲ့ ပုံတော်ကိုကြည့်ရင် အစွဲဟူသမျှကို ပယ်ခွာစွန့်ပစ်ပြီးတဲ့ ပုံအဖြစ် ပေါ်လွင်နေတယ်။ ဒါထက်ပိုပြီး ထူးခြားဘာကတော့ ပြဿနာဆိုလို့ ဘာမှမရှိတော့တဲ့အတွက် ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားတွေးခေါ်နေစရာ မလိုတဲ့ပုံ၊ ပြဿနာဟူသမျှမှ လွန်မြောက်နေတဲ့ပုံအဖြစ် ပေါ်လွင်နေတယ်။ ပြီးတော့ ရုပ်တုနဖူးမှာ၊ ဘယ်ဘက်ပခုံးမှာ ကွဲအက်နေတာတွေကို တွေ့တယ်မဟုတ်လား၊ ဒီလိုကွဲအက်နေတာတွေဟာပဲ ကျုပ်အတွက်တော့ ဒီရုပ်တုတော်ကိုပိုပြီး ကြည်ညိုစရာတွေ ဖြစ်လာစေတယ်။ ဘယ်လိုလောကဓံတရားတွေ ထိခိုက်လာစေ၊ ဘာဆိုဘာကိုမှ အမှုမထားတော့ဘူးဆိုတဲ့ ပုံက ပေါ်လွင်နေလွန်းလို့ပါဗျာ"

မိတ်ဆွေဖြစ်သူက ကြည်ညိုစွာဖြင့် လက်အုပ်ချီ၍ ဗုဒ္ဓပုံတော်ကို အရိုအသေပြုပါသည်။ ကျွန်တော်တို့ကလည်း လက်အုပ်ချီ၍ အရိုအသေပြုရင်း ဆိတ်ငြိမ်လျက် ရှိကြပါသည်။



www.burmeseclassic.com